w w w . k a n t a r a w a d d y t i m e s . o r g

# KANTARAWADDY Times

အတွဲ – ၇ ၊ အမှတ်စဉ် – ၅ | ကန္တာရဝတီတိုင်း(မ်) | နိုဝင်ဘာလ (၁) ရက်နေ့၊ ၂၀၁၈ ခုနှစ်

# ကေအဲန်ပီပီနှင့် မြန်မာ့တပ်မတော် ထိပ်တိုက်တွေ့ဆုံမှုအပေါ် ပြည်သူစိုးရိမ်မှုလျော့ကျစေရန် ပြည်ထောင်စုမှ စေ့စပ်ညှိနှိုင်းပေးသင့်ဟု ဆို



ဓာတ်ပုံ – KnIC (facebook)

စာမျက်နှာ – ၅



## တပ်သိမ်းမြေမှ အသုံးမပြုသည့် မြေများ ပြန်စွန့်ပေးရန် ဒေသခံများ တောင်းဆို

စာမျက်နှာ – ၂၃



## ရွာတောတွင် ကြွက်များ တောင်ယာသီးနှံများ ထပ်မံဖျက်ဆီး

စာမျက်နှာ – ၁၇

Finnish Refugee Council

လိင်ကွဲပြားမှုအပေါ် ခွဲခြားသောအမြင်ကြောင့်ဖြစ်ပေါ် လာသော (GBV)Gender Base Violence အကြမ်းဖက်မှုခံရသော အမျိုးသမီးနှင့်ကလေးငယ်များအား ကရင်နီအမျိုးသမီးအစည်းအရုံး - KNWO မှ ၂၄ နာရီအခမဲ့ဝန်ဆောင်မှု ပေးနေပါပြီ ၂၄ နာရီ လုံးကြိုက်တဲ့အချိန်ခေါ် ဆိုနိုင်ပါတယ်။

**ခေါ်ဆိုရန် ဖုန်းနံပါတ် – ၀၉၄၀၀၀၈၉၇၀၂**

ဝန်ဆောင်မှုများမှာ GBV အကြမ်းဖက်ခံရသောအမျိုးသမီးနှင့် ကလေးများအားစိတ်ပိုင်းဆိုင်ရာနှစ်သိမ့်အားပေးခြင်း၊ လုံခြုံမှုပိုင်းဆိုင်ရာအတွက် လုံခြုံအိမ်တွင် ယာယီခိုလှုံခွင့်ပြုခြင်း၊ တရားမျှတမှုအတွက် သတင်းအချက်အလက်များမျှဝေပေးခြင်းနှင့် ဥပဒေ အထောက်အကူပြုအဖွဲ့များနှင့် လွှဲပြောင်းပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် လွှဲပြောင်းမှုများလုပ်ပေးခြင်းနှင့် အသက် မွေးဝမ်းကျောင်းသင်တန်းများတက်ရောက်နိုင်ခြင်းတို့ ဖြစ်ပါတယ်။

KNWO




| ရန်ကုန် | လွိုင်ကော် | မန္တလေး | ဘုရားဖူးစင်းလုံးငှား ဆက်သွယ်ရန် |
|---|---|---|---|
| ဏ (E-9) မြစ်ခြံလမ်း<br>အောင်မင်္ဂလာ အဝေးပြေး<br>ကားကြီးဝင်း<br>ဖုန်း - 01 637 038<br>- 09 494 028 33<br>- 09 494 028 22<br>ဂိတ်မှူး - 09 955 034 183<br>- 09 778 267 99 | အဝေးပြေး ကားကြီးဝင်း<br>အခန်းအမှတ် - ၁၂၊ ၁၃၊ ၁၄၊ ၁၅<br>နောင်ယား(က)<br>ဖုန်း - 08 322 224 30<br>- 08 322 224 31<br>- 09 493 434 34<br>ဂိတ်မှူး - 09 254 468 334 | ချမ်းမြရွှေပြည်ကားကြီးဝင်း<br>အဆောင်(၃) အခန်းအမှတ် -၂<br>ဖုန်း - 02 643 22<br>- 09 402 671 981<br>- 09 440 622 588<br>- 09 797 338 105 | ရွှေရာဇာ - ဦးသန်းဇေး - 09 503 4183<br>လွိုင်ကော် ဂိတ်မှူး - 09 254 468 334<br>ရန်ကုန် ဂိတ်မှူး - 09 777 826 799<br>မန္တလေး ဂိတ်မှူး - 09 402 671 981 |





ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက ........　　　　ဖုန်း – ၀၉၂၆၂၇၂၉၃၅










သွေးလှူဒါန်းလိုပါက – လွိုင်ကော်ပြည်သူ့ဆေးရုံကြီး (အမျိုးသားသွေးဌာန) ဆက်သွယ်ရန်ဖုန်း – ၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၉၅၆

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက　　ဖုန်း – ၀၉၂၆၂၀၇၂၉၃

သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ ဗေဒင်များ ပေးပို့လိုပါက –
-ဆက်သွယ်ရန်၊ ဖုန်း – ၀၈၃၄၀၃၄၃　　အီးမေး(လ်) – ktimesnews96@gmail.com

# ၃ ကြိမ်မြောက် ကယားစုပေါင်းအဲဒိုပေါ်မှီ ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁၉ –၂၀ ရက်နေ့၌ ပဲခူးတိုင်းဒေသရှိ တောင်ငူမြို့နယ်၊ ကြူဇောကျေးရွာတွင် စည်းကားစွာသိုက်မြိုက်စွာ ကျင်းပခဲ့









၃ ကြိမ်မြောက် ကယားစုပေါင်းအဲဒိုပေါ်မှီကို ၂၀၁၈ ခုနှစ် ၊ အောက်တိုဘာလ ၁၉ –၂၀ ရက်နေ့၌ ပဲခူးတိုင်းဒေသရှိ တောင်ငူမြို့နယ်၊ ကြူဇောကျေးရွာတွင် စည်းကားစွာသိုက်မြိုက်စွာ ကျင်းပပြုလုပ်ခဲ့သည်။

ကယားကျေးရွာ (၇) ရွာ ဖြစ်သော ကြူစော ကျေးရွာ ၊ မအူတောကျေးရွာ ၊ရွှေဖူးတောင် ကျေးရွာ၊ အင်းကျော် ကျေးရွာ၊ ရွှေတဇောင်း ကျေးရွာ၊ ကရင်နီကုန်း ကျေးရွာ၊ ကယားပြုံးချောင်းကျေးရွာနှင့် ကယားအမျိုးသားစာပေနှင့် ယဉ်ကျေးမှု ကော်မတီတို့ စုပေါင်းပြီးပြုလုပ်ခဲ့ကြောင်း သိရခဲ့သည်။

ထိုပွဲသို့ ကယားပြည်နယ်ရှိ မြို့နယ်အသီးသီးမှ ကယားကျေးရွာများ၏ ကျေးရွာလူငယ်ကိုယ်စားလှယ်များနှင့် ကယားလီဖူး လူငယ်ကိုယ်စားလှယ်များ ပါဝင်တက်ရောက် ခဲ့ကြကြောင်း သိရခဲ့သည်။

**ဓာတ်ပုံ – ခူးစေးရယ်**
**ကန္တာရဝတီတိုင်းမ်**








*ကယားပြည်နယ်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၏ နှစ်၃၀ပြည့် ပုလဲရတုအထိမ်းအမှတ်အခမ်းအနားကို ဖရူဆိုမြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်ရှိ တ.စ.ည ပါတီရုံးတို့တွင် ကျင်းပခဲ့ကြောင်း သိရှိရပါသည်။ ဓာတ်ပုံ... ခွန်းသိန်းမို*

# ကေအဲန်ပီပီနှင့် မြန်မာ့တပ်မတော်ထိပ်တိုက်တွေ့ ဆုံမှုအပေါ် ပြည်သူစိုးရိမ်မှုလျော့ကျစေရန် ပြည်ထောင်စုမှ စေ့စပ်ညှိနှိုင်းပေးသင့်ဟု ဆို

**ကန္တာရဝတီတိုင်းမ်**

အောက်တိုဘာလ ၂၀ရက်နေ့ မနက်ပိုင်းတွင် ဖားဆောင်းမြို့နယ်၊ နန်းကစ်ကျေးရွာဘက်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)နှင့် မြန်မာ့တပ်မတော်အကြား နှစ်ဖက်ထိပ်တိုက်ထိတွေ့မှုနှင့် ပတ်သက်ပြီး ပြည်နယ်အဆင့်သာမက ပြည်ထောင်စုအဆင့်ရှိ ငြိမ်းချမ်းရေးအဖွဲ့များနှင့် ပြည်ထောင်စုအစိုးရတို့မှ တွေ့ဆုံဆွေးနွေးကာ ရလဒ်ကောင်းဖြစ်ပေါ်လာစေရန် လုပ်ဆောင်သင့်ကြောင်း ကယားပြည်နယ် ငြိမ်းချမ်းရေးလှေ့လာစောင့်ကြည့်သူ ခွံမာတီးယာက အကြံပြုပြောဆိုခဲ့ပါသည်။



"လက်ရှိဒီ ဖြစ်ပေါ်နေတဲ့ လူထုစိုးရိမ်မှုနဲ့ ပတ်သက်တဲ့ ပြည်နယ်မှာရှိတဲ့ ဒီသက်ဆိုင်ရာ နှစ်ဖက်အဖွဲ့အစည်းကနေပြီးမှ လူထုကိုပြန်ပြီးတော့ တိကျတဲ့ အချက်အလက်တွေ မပေးပို့နိုင်ဘူးဆိုတာတောင်မှ ပြည်နယ်မှာရှိတဲ့ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းနဲ့ ပြည်ထောင်စုအဆင့်မှာရှိတဲ့ အဲန်အာရ်ပီစီ(NRPC)သော်လည်းကောင်း၊ ပြည်ထောင်စုအဆင့်မှာရှိတဲ့ အစိုးရဘက်နဲ့ ဒီဟာတွေကို အပြုသဘောဆောင်တဲ့ တွေ့ဆုံဆွေးနွေးမှုတွေ၊ ညှိနှိုင်းမှုတွေ အမြန်ဆုံး သူတို့လုပ်ဆောင်ပြီးတော့မှ ဒီကိစ္စရပ်ပေါ်မှာ တစ်စုံတစ်ရာသော တိကျတဲ့ ရလဒ်ကောင်းတစ်ခု မဟုတ်ဘူးဆိုတာတောင်မှ နှစ်ဖက်လက်ခံတဲ့ ဒီအခြေခံသဘောတူညီချက်တွေကို ထွက်ရှိလာအောင် သူတို့လုပ်ပြီးတော့မှ လူထုတွေကိုပြန်ချပြပေးမယ်ဆိုရင် ဒါက လူထုရဲ့ စိုးရိမ်ပူပန်မှုတွေကို အများကြီး လျော့ကျစေလိမ့်မယ် ပြီးတော့မှ သူတို့ရဲ့ ဒီငြိမ်းချမ်းရေးအပေါ်မှာ ပိုပြီးတော့မှ ယုံကြည်မှုက ပြန်ပြီးတော့ ရှိလာမယ်လို့တော့ ကျွန်တော်ကတော့ အဲ့လိုပဲ မြင်မိတယ်ပေါ့ နော" ဟု ခွံမာတီးယာ က ပြောပါသည်။

နှစ်ဦးနှစ်ဖက် ထိပ်တိုက်တွေ့ဆုံမှုကြောင့် ဒေသခံများ အထိတ်တလန့်ဖြစ်ပွားမှုအပေါ် နှစ်ဦးနှစ်ဖက် ပြည်သူများစိုးရိမ်ထိပ်လန့်မှုအပေါ် စေ့စပ်ညှိနှိုင်းရန် လိုအပ်ကြောင်း ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှလည်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

လက်ရှိတွင် ကေအဲန်ပီပီဘက်မှ တစ်နိုင်ငံလုံး အပစ်ရပ်လက်မှတ် NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် ကြိုးပမ်းနေချိန်တွင် နှစ်ဖက်ယုံကြည်မှုသည် အဓိကဖြစ်ကြောင်းနှင့် စစ်တပ်ဘက်မှ ယခုလိုမကြာခဏ လုပ်ဆောင်နေလျှင် ၎င်းတို့ဘက်မှ ယုံကြည်ရန်ခက်ခဲသွားမည်ဖြစ်ကြောင်း ဦးဒွေးရယ်က ဆက်ပြောသည်။

"ယုံကြည်မှုကို ပျက်ပြားအောင် ဘယ်သူလုပ်လဲ၊ ဘယ်ကစလဲဆိုတဲ့ဟာက ကျွန်တော်တို့အခုလက်ရှိအခြေအနေအရဆို သိနေတာပဲလေ။ ဆိုတော့ ယုံကြည်မှုတည်ဆောက်နေချိန်မှာ အဲ့လိုမလုပ်ဖို့ အပြန်အလှန်လေးစားဖို့ လိုတယ်ပေါ့" ဟု ဦးဒွေးရယ်က ပြောပါသည်။

မြန်မာ့တပ်မတော်ဆိုသည်မှာ မြန်မာနိုင်ငံအတွင်းရှိ မည်သည့်နေရာတွင်မဆို သွားလာနိုင်ကြောင်း ကယားပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမြင့်ဝေက ကန္တာရဝတီတိုင်းမ်သို့ ပြောကြားလိုက်ပါသည်။

"မြန်မာပြည်မှာ မြန်မာ့တပ်မတော် ဘယ်သွားသွားရတယ်" ဟု ပြောကြားခဲ့သည်။

၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ(၂၀)ရက်နေ့ (၇း၄၀)ချိန်တွင် ဖားဆောင်းမြို့နယ် ဘဟန်းလော့ကျေးရွာ ခန့်မှန်းမြေပုံအညွှန်း LA-180879 နေရာ၌ တပ်မတော်စစ်ကြောင်းအား ကေအဲန်ပီပီတပ်ဖွဲ့ဝင် (၇)ဦးခန့်က လက်နက်ငယ် /၄၀ မမများဖြင့် စတင်ပစ်ခတ်ခဲ့ကြောင်း သိရှိရပါသည်။

ဖြစ်စဉ်ကြောင့် နန်းကစ်၊ ဘဟန်းလော့ကျေးရွာအုပ်စုနေ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေခဲ့ပြီး စတင်ပစ်ခတ်မှုသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုကို ဖောက်ဖျက်ခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည် ဟု ကယားပြည်နယ်၊ ပြည်နယ်အစိုးရအဖွဲ့မှ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(ကေအဲန်ပီပီ) ထံသို့ပေးပို့သည့်စာတွင် ရေးသားထားသည်။

ကေအဲန်ပီပီဘက်မှလည်း ထုတ်ပြန်ချက်တစ်စောင် ပြန်လည်ထုတ်ပြန်လိုက်ပါသည်။ ၎င်းထုတ်ပြန်ချက်တွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီမှ တပ်မတော်၏ နယ်မြေရှင်းလင်းရေးလှုပ်ရှားမှုအား မြေပြင်သတင်းအရ ကြားသိရ၍ ခမရ(၄၂၈)နှင့် ဆက်သွယ်မေးမြန်းခဲ့ရာ ဒု-ရင်းမှူးမှ တပ်မတော်အနေဖြင့် ပြည်ထောင်စုနယ်မြေအတွင်း တပ်မတော်မှ သွားလိုသည့်နေရာ သွားမည်၊ အကြောင်းကြားစရာမလိုဟု ပြန်လည်တုန့်ပြန်ဖြေကြားခဲ့သည်။ ထိုသို့ပြောဆိုခဲ့ခြင်းသည် နှစ်ဦးနှစ်ဖက်သဘောတူညီချက်အား ချိုးဖောက်သည့်အပြင် ရရှိထားသည့်နယ်မြေ တည်ငြိမ်အေးချမ်းရေးကို တည်ငြိမ်မှုမရှိအောင် ပြုလုပ်ခြင်းနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်အား ချိုးဖောက်ရာကျပေသည်ဟု ထုတ်ပြန်ချက် တွင် ပါရှိသည်။

ဆက်လက်ပြီး စတင်ရန်စ ပစ်ခတ်မှုဖြစ်စဉ်အား ကန့်ကွက်ခြင်းဆိုသည့် ပြည်နယ်အစိုးရမှ ကေအဲန်ပီပီထံ ပေးပို့သည့်စာတွင် ပါရှိသည့် ကရင်နီတပ်မတော်မှ ၎င်းတို့ကို ရန်စသည်ဆိုသည်မှာလည်း ပေးပို့စာတွင် ပါသည့်အတိုင်း မှန်သည် မှားသည်ကို စာဖတ်သူများမှ ကိုယ်တိုင်စဉ်းစားရန် ဝန်ကြီးက ဆက်ပြောသည်။

www.kantarawaddytimes.org
www.facebook.com/kantarawaddytimes

**Vol:7, Issues: 5**

November 1, 2018

Editor in Chief – ကယားထဲ
News Editor – မူအက်စတာ
Reporter– နော်ဒွေးအယ်ရူ
Web Master - ဘိုကိတ်
Layout Designer - ခူးစေးရယ်

Video Team
Video producer – ခူးဖဲဘူး
Video Reporter – မော်ဦးမြာ

Radio Team
Radio Producer – ခူးဖရဲရယ်
Presenter – မော်ဒေးဒေး

Office Staff
Coordinator – ခူးဖဲဘီး
Admin @ Accountant - ဂျူလျားနာ
Marketing – မူဘူးမူ
Distributor - ခူးစိုးရယ်

**ရုံးလိပ်စာ** –အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း၊ ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။ ဖုန်း– ၀၈၃၄၀၃၄၁။

**ဖြန့်ချိရေးလိပ်စာ** – ကန္တာရဝတီတိုင်း(မ်)၊ အမှတ် ၁၀၃၊ မောဒူကလားမေးလမ်း ရှူးဖယ်ခူရပ်ကွက်၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။

**ဖြန့်ချိသည့်နေရာ** – ကယားပြည်နယ်။

**ထုတ်ဝေသူ** – ဒေါ်စိုးစိုးထက်
**မှတ်ပုံတင်အမှတ်** – ၀၀၇၆၅
**ဖုန်း** – ၀၉၇ ၉၃၈၉ ၃၄၁၉။

**ဆက်သွယ်ရန် လိပ်စာ** –
**ဒေါ်စိုးစိုးထက် –** ဦးမြင့်ဆွေ၊ သ/၂၀၊ အောင်သပြေရပ်ကွက်၊ ငွေတောင်ကျေးရွာ၊ ဒီးမော့ဆိုမြို့၊ ကယားပြည်နယ်။
**ဖုန်း** – ၀၉၇ ၉၀၂၃ ၈၁၁၉၊ ၀၉၇ ၉၃၈၉ ၃၄၁၉။
**အီးမေးလ်** –
kayahhtet@kantarawaddytimes.org
kayahhtet@gmail.com
**မူဘူးမူ** – Marketing Manager
**ဖုန်း** – ၀၉၇ ၈၄၄၁ ၇၃၉၄။

# တိုက်ပွဲမဖြစ်စေရန် နှစ်ဖက်တပ်များ တွေ့ဆုံညှိနှိုင်းကြပါ

ကယား(ကရင်နီ)ပြည်နယ်တွင်း တိုက်ပွဲများ ထပ်မံမကြုံတွေ့စေရန် ငြိမ်းချမ်းရေး တွေ့ဆုံ ဆွေးနွေးမှု သဘောတူညီချက်များ အသက်ဝင်အောင် နှစ်ဖက်တပ်များ လေးစားလိုက်နာဖို့ လိုအပ်ပါသည်။

လက်ရှိပြည်ထောင်စုအစိုးရမှ ဖော်ဆောင်နေသော ငြိမ်းချမ်းရေးဖြစ်စဉ်အနေနှင့် ကြည့်မည်ဆိုလျှင် ကရင်နီပြည်နယ်၏ ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ၂၀၁၂ ခုနှစ် မတ်လတွင် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) နှင့်အစိုးရတို့သည် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီမှုစာချုပ်ချုပ်ဆိုသောကာလမှ စတင်သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ပြည်နယ်အဆင့်တွင် သဘောတူညီချက် အချက် ၂၀ ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ထို့နောက် ပထမအကြိမ် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်၊ ဇွန်လ ၉ ရက်နေ့တွင် တစ်ကြိမ် ၊ ဒုတိယအကြိမ်ကို ၂၀၁၃ခုနှစ် ဇွန်လ (၁၉–၂၀)တွင်တစ်ကြိမ်၊ တတိယအကြိမ်ကိုအောက်တိုဘာလ (၂၂–၂၃) စုစုပေါင်း ၃ ကြိမ် ဆွေးနွေးခဲ့ကြသည်။

၂၀၁၃ခုနှစ် ဇွန်လ ၂၀ ရက်နေ့ ဒုတိယပြည်ထောင်စုအဆင့် ဆွေးနွေးသည့် တွေ့ဆုံဆွေးနွေးမှုများတွင် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးမှုများသည် အပြုသဘောမိုမိုဆောင်၍ တိုးတက်မှုများရှိခဲ့ပါသည်။ နောင်အစည်းအဝေးတွင် တပ်ပိုင်းဆိုင်ရာ ကိစ္စရပ်များကို ဆက်လက်ဆွေးနွေးရန် သဘောတူသည်ဟု ပါရှိပါသည်။

ထို့နောက် နှစ်ဖက်တပ်ပိုင်းဆိုင်ရာများ တံခါးပိတ် ဆွေးနွေးမှု ပြုလုပ်ခဲ့ကြသည်။ တံခါးပိတ် ဆွေးနွေးခဲ့ကြသည့်အတွက် မီဒီယာများ တွေ့ဆုံမေးမြန်းသည့်အချိန်တွင် တပ်ပိုင်းဆိုင်ရာ သွားလာလှုပ်ရှားမှုများပြုလုပ်ပါက တစ်ဖက်နှင့်တစ်ဖက် ကြိုတင် အသိပေးအကြောင်းကြားရန် သဘောတူခဲ့ကြသည်ဟု သိရသည်။

သို့သော် သဘောတူညီချက်များသည် အသက်မဝင်ပဲ အောက်တိုဘာလ ၂၀ရက်နေ့ မနက်ပိုင်းတွင် ဖားဆောင်းမြို့နယ်၊ နန်းကစ်ကျေးရွာဘက်၌ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ KNPP နှင့် မြန်မာ့တပ်မတော်အကြား ထိပ်တိုက်တွေ့ဆုံမှုတစ်ရပ်ကြောင့် မလိုလားအပ်သည့် ပဋိပက္ခ တိုက်ပွဲဖြစ်သွားခဲ့ကြသည့် ဖြစ်စဉ်ဖြစ်ခဲ့ပါသည်။

နှစ်ဦးနှစ်ဖက် ထိပ်တိုက်တွေ့ဆုံမှုကြောင့် ဒေသခံများ အထိတ်တလန့်ဖြစ်ပွားခဲ့ကြရသည်။ ကယား(ကရင်နီ)ပြည်နယ်အတွင်းရှိ အရပ်ဖက်လူမှုအဖွဲ့အစည်းများမှလည်း နှစ်ဖက်တပ်များက အပြန်အလှန်ညှိနှိုင်းကြပြီး လူထုများအား သတင်းအချက်အလက် အမှန်အကန် ချပြရန်လိုအပ်ကြောင်း ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

ယုံကြည်မှုတည်ဆောက်နေသည့် ကာလအတွင်း အစိုးရတပ်လှုပ်ရှားရာ နယ်မြေနှင့် ကရင်နီတပ်တို့ လှုပ်ရှားရာ နယ်မြေများ သတ်သတ်မှတ်မှတ် ဖြစ်နေမှသာလျှင် စစ်မှန်သည့် ငြိမ်းချမ်းရေး ဖော်ဆောင်ရန် နိုင်ငံရေး ဆွေးမှုများ ရှေ့ဆက်သွားနိုင်မှာ ဖြစ်သည်ဟု ယူဆသည်။

ရှေ့ဆက် တိုက်ပွဲများမဖြစ်စေရန် လစဉ်ပုံမှန် KNPPနှင့် ပြည်နယ်အစိုးရ တွေ့ဆုံညှိနှိုင်းသည့် အစည်းအဝေးတွင် နှစ်ဖက်တပ်ပိုင်းဆိုင်ရာများ၏ လမ်းကြောင်းများ ၊ လုပ်ငန်းစဉ်များကိုလည်း အပြန်အလှန် ညှိနိုင်းဆွေးနွေးသင့်ပါကြောင်း ကန္တာရဝတီတိုင်း(မ်)မှ တိုက်တွန်းလိုက်ရပါသည်။

**အယ်ဒီတာ့အာဘော်**
**ကန္တာရဝတီတိုင်း[မ်]**

**ကရင်နီ (ကယား)ဘာသာဖြင့် ထုတ်လွှင့်တဲ့ ကန္တာရဝတီတိုင်း(မ်) သတင်းများကို လွတ်လပ်တဲ့အာရှအသံ RFA ရေဒီယို အသံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်တွင်လည်း ဖမ်းယူနားဆင်နိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။**

**ဖမ်းယူနားဆင်ရန် – အင်္ဂါနေ့ မနက် ၇း၄၅ မိနစ်**



လှိုင်းတိုမီတာ ၁၉ --- ကီလိုဟတ်စ် ၁၅၇၀၀၊
လှိုင်းတိုမီတာ ၂၅ --- ကီလိုဟတ်စ် ၁၂၁၁၅၊
လှိုင်းတိုမီတာ ၃၂ --- ကီလိုဟတ်စ် ၉၉၄၀

# လှိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူးမှ မြစိမ်းရောင်စိမ်ကိန်း စိုက်ပျိုးရေးလုပ်ငန်းသို့ ကွင်းဆင်းကြည့်ရှုခြင်း





စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ လှိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး၊ ဦးညွှန့်ဇော်၊ ဖရူဆိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့နှင့်အဖွဲ့ဝန်ထမ်းများမှ (၁၈.၁၀.၂၀၁၈) ရက်နေ့တွင် ဖရူဆိုမြို့နယ်၊ မြို့မ အုပ်စု၊ လောခုခူကျေးရွာ မြစိမ်းရောင်စီမံကိန်းချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြေပဲစိုက်ခင်းနှုတ်ယူမှုအခြေအနေ ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။

၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ်တွင် လောခုခူနှင့်ခေါသမောကျေးရွာ (၂)ရွာပေါင်း (၁)ယူနစ် မတည်ငွေ(၃၀)သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ထောက်ပံ့ပေးခဲ့ပြီး ယခုလက်ရှိတွင် ချေးယူသူ (၇၀) ဦးထိရှိပြီး အတိုးရရှိငွေမှာ (၃.၉၁၃) သန်း ရရှိပြီး ဖြစ်ပါသည်။ ၄င်းမြေပဲ စိုက်ခင်းအား လောခုခူကျေးရွာ၊ ဦးညားရယ်မှ ချေးငွေ (၀.၉) သန်းဖြင့်ဆောင်ရွက်ခဲ့ပြီး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ပေးခြင်းဖြင့် လောခုခူနှင့် ခေါသမောကျေးရွာနေ ပြည်သူများအား လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ပေးလျက်ရှိပါသည်။

---

# ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈- ၂၀၁၉ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်း တင်ဒါနှင့် ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားပြုလုပ်ခြင်း




ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် လုပ်ငန်းတင်ဒါနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းပညာနှင့် ဈေးနှုန်းအဆိုပြုလွှာ၊ အမှတ်ပေးဇယားများ၊ အမှတ်ပေးစနစ်များအား ပွင့်လင်းမြင်သာစွာ ရှင်းလင်းဆွေးနွေး ခြင်းအခမ်းအနားကို ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ၃၀.၁၀.၂၀၁၈ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကယားပြည်နယ် စိုက်ပျိုး၊မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီး ဦးဘော့စ်ကို မှ အဖွင့်အမှာစကားပြောကြားပြီး ကယားပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဦးကျော်သူအောင်မှ တင်ဒါစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်း ပြောကြားပါသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)မှ နည်းပညာအဆိုပြုလွှာစိစစ်မည့်အခြေ အနေနှင့် အမှတ်ပေးဇယားများအား ရှင်းလင်းပြောကြား၍ ဒုတိယညွှန်ကြားရေးမှူး (စီမံ)မှ ဈေးနှုန်းအဆိုပြုလွှာ စိစစ်မည့်အခြေအနေနှင့် တင်ဒါလျှောက်လွှာတင်သွင်းရာတွင် လုပ်ငန်းတန်ဖိုးအပေါ် မူတည်၍ တင်ဒါအာမခံ ပေးသွင်းရမည့်ကိစ္စရပ်များအား ရှင်းလင်းပြောကြားပါသည်။

ထို့အပြင် အခမ်းအနားသို့တက်ရောက်လာသော ဧည့်သည်တော်များမှ သိရှိလိုသည့်အချက် များ မေးမြန်းမှုအား တာဝန်ရှိသူများမှ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိပါသည်။

# ယာဉ်မောင်းလိုင်စင်နှုန်းထားများကို ယခင်ကထက် တိုးမြှင့်ကောက်ခံ

**နော်ဒွေးအယ်ဒူ**


နောက်ဆက်တွဲ(က)

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက် ကောက်ခံမည့်နှုန်းထားများ

| လိုင်စင်အမျိုးအစားနှင့် သက်တမ်း | လုပ်ငန်းအမျိုးအစား | | | |
|---|---|---|---|---|
| | အသစ် | နှစ်လဲ | မိတ္တူ | နေရပ် |
| "သ" လိုင်စင် သက်တမ်း(၁)နှစ် | ၃၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၆၀၀၀ |
| "က-၁" လိုင်စင် သက်တမ်း(၂)နှစ် | ၅၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀၀ |
| "က" လိုင်စင် သက်တမ်း(၅)နှစ် | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| "ခ" လိုင်စင် သက်တမ်း(၅)နှစ် | ၅၀၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| "ဂ" လိုင်စင် သက်တမ်း(၅)နှစ် | ၆၀၀၀၀ | ၆၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| "ဃ" လိုင်စင် သက်တမ်း(၃)နှစ် | ၆၀၀၀၀ | ၆၀၀၀၀ | ၃၀၀၀၀ | ၂၀၀၀၀ |
| "င" လိုင်စင် သက်တမ်း(၃)နှစ် | ၇၅၀၀၀ | ၇၅၀၀၀ | ၅၀၀၀၀ | ၃၀၀၀၀ |
| "ဌ"၊ "ဟ" လိုင်စင် သက်တမ်း(၅)နှစ် | ၃၀၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ | ၆၀၀၀ |
| ယာဉ်အကူလက်မှတ် သက်တမ်း(၅)နှစ် | ၁၅၀၀၀ | ၁၅၀၀၀ | ၅၀၀၀ | ၆၀၀၀ |
| IDP သက်တမ်း(၁)နှစ် | ၁၅၀၀၀၀ | | | |
| နိုင်ငံခြားလိုင်စင်မှ "ခ"လိုင်စင်ပြောင်း သက်တမ်း(၅)နှစ် | ၁၅၀၀၀၀ | ၁၅၀၀၀၀ | ၁၀၀၀၀၀ | ၁၀၀၀၀၀ |
| ယာယီမောင်းနှင်ခွင့် လက်မှတ် သက်တမ်း(၁)နှစ် | ၁၀၀၀၀၀ | | | |

မှတ်ချက်

နှစ်လဲသက်တမ်းတိုးခြင်း
သက်တမ်းကျော်လွန်ကာလ (ပျက်ကွက်ကာလ) အတွက်သာ အချိန်လွန်ဒဏ်ကြေးကို မှတ်ပုံတင်ခ တစ်နှစ်စာ၏ ၁၀၀% ကောက်ခံရန်

ပညာပေးသင်တန်းကြေး
မော်တော်ဆိုင်ကယ်၊ "ဌ"၊ "ဟ" - ၂၀၀ဝိ/-
မော်တော်ယာဉ် - ၅၀၀ဝိ/-

ယာဉ်မောင်းစစ်ဆေးခြင်း
လိုင်စင်အသစ်အားလုံးစစ်ဆေးခ (တစ်ကြိမ်လျှင်) - ၂၀၀ဝိ/-
နိုင်ငံခြားလိုင်စင်မှ မြန်မာလိုင်စင်ပြောင်း စစ်ဆေးခ (တစ်ကြိမ်လျှင်) - ၁၅၀ဝိ/-

ယာဉ်ငှားရမ်းခ
"ခ" "ဃ" တစ်ကြိမ်အတွက် - ၅၀၀ဝိ/-
"င" တစ်ကြိမ်အတွက် - ၁၀၀၀ဝိ/-
Simulator ငှားရမ်းခတစ်ကြိမ်အတွက် - ၅၀၀ဝိ/-

ယာဉ်မောင်းသင်တန်းကျောင်း
မှတ်ပုံတင်ခ တစ်နှစ်လျှင် - ၅၀၀၀၀ဝိ/-
အချိန်လွန်ဒဏ်ကြေး(၁)လလျှင် - ၅၀၀၀ဝိ/-

သုတစ်ပါးထိခိုက်မှုအာမခံပရီမီယံကြေး
သူတစ်ပါးထိခိုက်မှုအာမခံပရီမီယံကြေးအား မြန်မာ့အာမခံ လုပ်ငန်းသို့ သတ်မှတ်ထားသည့် အတိုင်းပေးသွင်းရန်

(နန်းစိုးစိုးဟတ်၊ ဒုတိယညွှန်ကြားရေးမှူး)

RTA1\D:\Daw Thandar\Vinyl

မြန်မာနိုင်ငံတွင် အောက်တိုဘာလ (၈)ရက် နေ့မှ စတင်ကာ ယာဉ်မောင်းလိုင်စင်နှုန်းထား များကို ယခင်ကထက်တိုးမြှင့်ကောက်ခံသွားမည်ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်လိုက်ကြောင်း သိရသည်။

“အခုလိုမျိုး အခွန်တွေတိုးလာတာလည်း တစ်မျိုးကောင်းပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတော်အတွက် ဘဏ္ဍာငွေဝင်ဖို့ပဲ ဖြစ်ပါတယ်။ အဓိကကတော့ ဟိုကြားဒီကြားမရောက်ဖို့ပါပဲ။ အခွန်ကောက်ထားတာလည်း နိုင်ငံတော်အ တွက်လည်း ပါသလို ပြည်သူတွေအတွက်လည်း ပြန်ပံ့ပိုးရမှာ ဖွံ့ဖြိုးရေးအတွက်လုပ်ရမှာလည်း အများကြီးလိုသေးပါတယ်” ဟု ဒေသခံဦးလှဂူ က ပြောသည်။

ယခုလို နိုင်ငံတော်မှ အခွန်တိုးမြှင့် သတ်မှတ်လိုက်သည့် အကြောင်းရင်းမှာ အချက် ၄ ချက်ရှိကြောင်း သိရသည်။ ယခင်ကောက်ခံသည့် နှုန်းထားများမှာ လွန်ခဲ့သည့် ၁၉၉၇ ခုနှစ်တွင် သတ်မှတ်ထားသည့် နှုန်းထားများဖြစ်ပြီး လက်ရှိ ခေတ်ကာလနှင့် ကိုက်ညီမှုမရှိတော့သည့်အတွက် တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ပြည်သူများအနေဖြင့် ယာဉ်မောင်းလိုင်စင် များ လာရောက်လုပ်ဆောင်သည့်အချိန်တွင် တစ်ရာ၊ နှစ်ရာအကြွေပြန်အမ်းရန်မလိုသကဲ့သို့ နိုင်ငံတော်မှ ရသင့်ရထိုက်သည့် အခွန်ငွေများကို ကောက်ခံသည့်သဘောဖြစ်ကြောင်း သိရသည်။

“နောက်တစ်ခုက ငွေစာရင်းခေါင်းစဉ်တွေ အရမ်းများတယ်။ အရင်တုန်းကကောက်တာ မှတ်ပုံတင်ကြေးကသပ်သပ်၊ ဒဏ်ကြေးက သပ်သပ်၊ ကတ်ဖိုးကသပ်သပ်၊ အဲလိုလေးတွေကောက် လာရာကနေ အခုမှတ်ပုံတင်ခ တစ်ခုတည်းဆိုတော့ ငွေစာရင်းခေါင်းစဉ် ရှုပ်ထွေးမှုတွေလည်း အနည်းတိုဌာနက ငွေစာရင်းခေါင်းစဉ် ရှုပ်ထွေးမှု မရှိတော့ဘူး။ ဒီနှုန်းထားတွေက ခေတ်နဲ့အညီ ဖြစ်လာတာပေါ့” ဟု ကယားပြည်နယ် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်က ပြောသည်။

ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာ နမှ ယာဉ်မောင်းလိုင်စင်အမျိုးအစားအလိုက် ကောက်ခံသည့် နှုန်းထားများမှာ သက်တမ်း(၁)နှစ်အတွက် "သ"လိုင်စင်အသစ်ပြုလုပ်ခြင်း၊ နှစ်လဲခြင်း၊ မိတ္တူထုတ်ခြင်းများအတွက် ငွေကျပ် ၃၀၀၀ နှင့် နေရပ်ပြောင်းလဲခြင်းများအတွက် ငွေ ကျပ် ၆၀၀၀ နှုန်းဖြင့် ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

သက်တမ်းနှစ်နှစ်အတွက် က−၁ လိုင်စင် များကို အသစ်ပြုလုပ်ခြင်း၊ နှစ်လဲခြင်းနှင့် မိတ္တူ ထုတ်ခြင်းများအတွက် ငွေကျပ် ၅၀၀၀နှင့် နေရပ်ပြောင်းလဲခြင်းများအတွက် ငွေကျပ် ၆၀၀၀ နှုန်း ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

သက်တမ်း ၅ နှစ်အတွက် (က၊ ခ၊ ဂ၊ ဌ၊ ဟ)၊ သက်တမ်း ၃နှစ်အတွက် (ဃ၊ င)၊ သက်တမ်း ၅ နှစ်အတွက် ယာဉ်အကူလက်မှတ်၊ ၁နှစ်အတွက် IDP၊ သက်တမ်း ၅ နှစ်အတွက် နိုင်ငံခြားလိုင်စင်မှ ခ လိုင်စင်ပြောင်းခြင်း၊ သက်တမ်း ၁ နှစ်အတွက် ယာယီမောင်းလိုင်စင်လက်မှတ် ဈေးနှုန်းများကို ယခင်ဈေးနှုန်းထက် တိုးမြှင့်ကောက်ခံသွားမည် ဖြစ်ကြောင်း သိရသည်။

နှစ်လဲသက်တမ်းတိုးခြင်းတွင် သတ်မှတ် ထားသည့် ရက်ထက်ကျော်လွန်ပြီး ပျက်ကွက် ပါက အချိန်လွန်ဒဏ်ကြေးကို မှတ်ပုံတင်ခ တစ်နှစ်စာ၏ ၁၀၀%ကို ပေးဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

“သက်တမ်းကျော်သွားတဲ့ လိုင်စင်တွေအ တွက်ကျ ပျက်ကွက်တဲ့ကာလအတွက်ပေါ့။ ပျက် ကွက်တဲ့ကာလအတွက်ကို မှတ်ပုံတင်ခ တစ်နှစ်စာရဲ့ ၁၀၀% ပေါ့။ ဥပမာ− မှတ်ပုံတင်ခတစ်နှစ် စာခဆိုရင် မှတ်ပုံတင်ခ တစ်သောင်းကျတယ်။ တစ်သောင်းကို တစ်ရက်ကျော်သွားလည်း တစ်သောင်း၊ ၁၀၀%ပေါ့နော်။ တစ်နှစ်မှာတစ်ရက် ကျော်သွားလည်း တစ်သောင်းပဲ၊ ရက်ပေါင်း ၃၆၀ ကျော်သွားလည်းတစ်သောင်းပဲ။ တစ်ကယ်လို့ တစ်နှစ်ကျော်သွားလို့ ၂နှစ်ဖြစ်သွားလည်း ၂နှစ် စာဆိုရင် နှစ်သောင်းပေါ့။” ဟု ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်နန်းစိုးစိုးဟတ်က ပြောသည်။

ထို့ကြောင့် လိုင်စင်ဒဏ်ကြေး မပေးဆောင် ရအောင် သက်တမ်းမကုန်ခင် ရက်ပေါင်း ၉၀ ကြို တင်လုပ်ထားရန် လိုအပ်ကြောင်း ဒေါ်နန်းစိုးစိုး ဟတ်က ဆက်ပြောသည်။

လက်ရှိတွင် အခွန်နှုန်းထားများ ပြောင်းလဲ ကောက်ခံခြင်းများကို အများပြည်သူသိရှိနိုင်ရန် ဌ ၉ များကပ်ထားခြင်း၊ ကြော်ငြာသင် ပုန်းကပ်ထားခြင်း၊ ပြည်နယ်အစိုးရရုံးသို့ တင်ပြခြင်းများနှင့် က.ည.န၏ အွန်လိုင်းစာမျက်နှာတွင် ဖော်ပြထား ခြင်းများကို ဆောင်ရွက်လျှက်ရှိကြောင်း သိရသည်။

# ကယန်းဒေသဖော်ထုတ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းကြရန် ဥက္ကဋ္ဌ တိုက်တွန်း

**ခွန်းကလိုင်းဖရိုး**

ကယန်းဒေသဖော်ထုတ်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဦးအိုင်နောင်ထားက တိုက်တွန်းပြောဆိုသည်။

စက်တင်ဘာလ (၂၅)ရက်နေ့တွင် ကယန်းပြည်သစ်ပါတီ၏ ဌာနချုပ် တည်ရှိရာ ကယန်းဒေသ ရှမ်းပြည်နယ်တောင်ပိုင်း ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာတွင် ကျင်းပပြုလုပ်ခဲ့သည့် ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ၏ နှစ်(၅၀)ပြည့်ရွှေရတု အခမ်းအနားတွင် ၎င်းက မိန့်ခွန်းတွင် ပြောကြားသွားခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအဖွင့်မိန့်ခွန်းတွင် ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဦးအိုင်နောင်ထားက "ကယန်းပြည်သစ် တော်လှန်ရေးကောင်စီ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ စည်းမျဉ်းဥပဒေ ပြဋ္ဌာန်းချက်အရ ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ အဆင့်ဆင့်တို့က အုပ်ချုပ်မှုလုပ်ငန်းတွေကို တက်ကြွစွာ ဆက်လက်ကြိုးပမ်းကြရမှာဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

၎င်းရွှေရတုအခမ်းအနားတွင် ကယန်းပြည်သစ်တပ်မတော်မှ စစ်ရေးပြသည့်အစီအစဉ် ထည့်သွင်းပြုလုပ်ခဲ့ပြီး ကယန်းပြည်သစ်ပါတီနှင့် ကယန်းပြည်သစ်တပ်မတော်တို့မှ သဝဏ်လွှာများ ပေးပို့ဖတ်ကြားခဲ့သည်။ ထို့အပြင် အခြားသော တိုင်းရင်းသား လက်နက်ကိုင်မဟာမိတ်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများနှင့် ကယန်းလူငယ်အသင်းအဖွဲ့များမှ ပေးပို့လာသော သဝဏ်လွှာများကိုလည်း ဖတ်ကြားခဲ့သည်။

အခမ်းနားတက်ရောက်သည့် ကယားပြည်နယ် ဒီမိုကရက်သစ်ပါတီ ဒုဥက္ကဋ္ဌ(၂) ဦးစိုင်းနိုင်နိုင်ထွေးက "ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ပကမိနိုင်ငံရေးစနစ်အားဖြင့် သွားရမယ့်ဟာက ဖက်ဒရယ်ကို၊ ဒီစနစ်အားဖြင့် ထူထောင်မှသာလျှင် တိုင်းရင်းသားတွေ အားလုံးလိုချင်တောင်းတတဲ့ ပကမိနိုင်ငံရေးစနစ်ကို ဖြေရှင်းနိုင်မှာ ဖြစ်ပါတယ်။" ဟု ဆိုသည်။

ကယန်းပြည်သစ်တော်လှန်ရေးကောင်စီသည် ကယန်းပြည်သစ်ပါတီ၏ နိုင်ငံရေးခေါင်းဆောင်မှုအောက်တွင် ဖွဲ့စည်းထားသည့် ကယန်းဒေသပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ ဖြစ်သည်။ ကယန်းပြည်သစ်ပါတီ၏ နိုင်ငံရေးခေါင်းဆောင်မှုအောက် တွင် ကယန်းပြည်သစ်တပ်မတော်နှင့် ကယန်းပြည်သစ်တော်လှန်ရေး ကောင်စီတို့ကို ဖွဲ့စည်းထားခြင်းဖြစ်သည်။

"ကယန်းတွေလည်း သူ့ကယန်းတွေရဲ့ အမျိုးသားကိစ္စအပြင် အခြားသော လူမျိုးပေါင်းစုံအတွက်ပါ လွတ်မြောက်ဖို့ ကြိုးပမ်းဆောင်ရွက်တဲ့ အဖွဲ့အစည်းဖြစ်တဲ့အတွက် ဒါကျွန်တော်တို့ ဂုဏ်ယူရမှာ ဖြစ်တယ်" ဟု ကရင်အမျိုးသားအစည်းအရုံး(KNU)၏ တွဲဖက် အထွေအထွေအတွင်းရေးမှူး(၂) စောလှထွန်းက မှတ်ချက်ပေးပြောဆိုသည်။

ကယန်းပြည်သစ်တော်လှန်ရေးကောင်စီ ကို ၁၉၆၈ ခုနှစ်၊ စက်တင်ဘာလ (၂၅)ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး ယခုနှစ်တွင် နှစ်(၅၀) တိုင်ခဲ့ပြီ ဖြစ်သည်။

၎င်းအခမ်းအနားတွင် ကရင်အမျိုးသားအစည်းအရုံး (KNU) ၊ ရှမ်းပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးအဖွဲ့ (ရ.လ.လ.ဖ)၊ ကရင်နီအမျိုးသား တိုးတက်ရေးပါတီ(KNPP)၊ ကရင်နီပြည်လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (က.လ.လ.တ)ကိုယ်စားလှယ်များနှင့် အခြားသော ကရင်နီလက်နက်ကိုင်အဖွဲ့အစည်းများ၊ ကယန်းလူမှုအသင်းအဖွဲ့များ၊ ရဟန်းသံဃာများ၊ ကယန်းပြည်သူများအပါအဝင် လူဦးရေ (၁၀၀၀) ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။












# မြောက်ဖက်

ကျည်ဆံတွေ အရောင်းအဝယ်ဖြစ်ပြီးတဲ့နောက်
ကျုပ်ကတော့ အမြဲတမ်း ကော်ဖီမှာပြီး
ထွေးထုတ်ပစ်တာပဲ

ဒီတော့ လူတွေက ဒယီးဒယိုင် ထလာကြတော့တယ်
ကာလတရားက တိုက်စားလို့ အမွေးကျွတ်သွားတဲ့
မြို့တော်ဝန် တစ်ယောက်လိုပဲ

ကျုပ်ရှေ့က စားပွဲဟာ သူ့သမိုင်းကို သ လိုက်တယ်
ကျုပ်မိတ်ဆွေက ဘာသာစကားကိုထုတ်ပြီး
ကျသင့် ငွေကို ရှင်းနေတယ်၊

လိပ်ပြာမလုတဲ့ အခိုးအငွေ့တွေကြားမှာ
ဆေးလိပ်သောက်ရတာ ကျုပ် အရှုံမုန်းဆုံးပဲ

မြို့ထဲက ငါးမုန့်သမျှဆလားဗီးယား ဖြစ်ရခြင်းကို
ဂုဏ်ယူနေတုန်းမို့ ၊
စစ်သားတစ်ယောက်ကြွလာတယ်နဲ့
ဘုန်းကြီးတစ်ပါး ချီတက်လာတယ်ကို
ကျုပ်အိတ်ကပ်ထဲ ထည့်ထားရလိမ့်မယ်

မကောင်းဆိုးဝါးနဲ့ မျက်မမြင်လမ်းထောင့်မှာ
အချက်ပြမီးဟာ သူ့သွားကို ဖြဲပြလာတာကြောင့်
ကျုပ်ကတော့ အမြဲတမ်း ကော်ဖီမှာပြီး ထွေးထုတ်
ပစ်တာပဲ

ဒီတော့ လူတွေက ဒီယီးဒယိုင်နဲ့ ထလာကြတော့
တယ် ။ ။

ဥတ္တရာအောင်

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက
ဖုန်း – ၀၉၂၆၂၁၇၂၈၃၅


၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ကျူးအဖြစ် သတ်မှတ်ခံထားရသူတွေရဲ့ မျှော်လင့်ချက် .... မှ

နေရာတွေရှိပြီး ဒေါ်ကြည်ဌေးတို့နေတဲ့ နမ့်ဘော်ဝမ်ရပ်ကွက်ကတော့ ကျူးကျော် ဖ အဖြစ် သတ်မှတ်ခံထားရပါတယ်။

ကျူးကျော်အဖြစ် သတ်မှတ်ခံရတဲ့ မိသားစုတွေအားလုံးနီးပါးက လက်လုပ်လက်စား သာမန်မိသားစုဘဝတွေသာ ဖြစ်ကြပါတယ်။

"အန်တီတို့ကို မြန်မြန်ဖြေရှင်းပေးပါပေါ့နော။ ဒီကိစ္စကို အမြန်ဆုံးပြီးဆုံးအောင်ပေါ့။ အန်တီတို့ကတော့ ကိုယ့်နေရာနဲ့ကိုယ် ကျူးလည်း မဟုတ်ဘူးပေါ့နော။ အမှန်အကန်ဝယ်ထားတာဖြစ်တဲ့အတွက် အန်တီတို့ကတော့ ရွှေ့ပေးဖို့ မရှိဘူးပေါ့နော။ ဗိုလ်နေမြေကျူးနေမြေ၊ အန်တီတို့ကတော့ နေမှာပဲ။" လို့ ဒေါ်လှလှသန်းက သူမ မရွှေ့ပေးနိုင်တဲ့အကြောင်း ပြောကြားလိုက်ပါတယ်။

လွန်ခဲ့တဲ့နှစ် ၆၀ ကျော်ခန့်က ကန္တရဝတီစောဖျာ လှဖူဒါန်းထားတဲ့ သာသနာ့မြေဖြစ်တဲ့အတွက် မြေနေရာတွေကို အများပိုင်သာသနာ့ နယ်မြေအဖြစ် ပိုင်းခြားသတ်မှတ်ဖို့ဆိုပြီး စတင်ရာကနေ ပြီးခဲ့တဲ့လမှာပဲ လက်ရှိမှာနေထိုင်တဲ့ဒေသခံတွေကို ကျူးကျော်အဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမဲ့ အဲ့ဒီရပ်ကွက်မှာနေထိုင်တဲ့ ဒေသခံတချို့ကိုပဲ ကျူးကျော်အဖြစ် သတ်မှတ်ထားတာကို တွေ့ရပါတယ်။ ဘာကြောင့်လဲဆိုတာကို မသိတဲ့အတွက် ရပ်ကွက်ထဲကသူတွေကတော့ စဉ်းစားစရာဖြစ်စေတယ်လို့ ဆိုပါတယ်။ ဒီဖြစ်စဉ်နဲ့ပတ်သက်ပြီး ကျူးကျော် ဖ အဖြစ် သတ်မှတ်ခံရတဲ့ တွေထဲကတစ်ဦးကတော့ အခုလိုရှင်းပြပါတယ်။

" ဒီဖက်အတွင်းဖက်ပေါ့၊ အတွင်းဖက် အကုန်ပါတယ်။ တိုက်အကောင်းတွေကတော့ မပါတော့ဘူး။ သူတို့က မြောင်းအတိုင်းလုပ်ထားတာ။

ဒေါ်ကြည်ဌေးတို့ မိသားစုလို ကျူးကျော်အဖြစ် သတ်မှတ်ခံထားရတဲ့ မိသားစုလေးတွေရဲ့ ပြဿနာက ရှုပ်ထွေးနေဆဲပါ။ ဘယ်ကနေစပြီး ဘယ်သူ့အမိန့်ကြောင့် ကျူးကျော် ဖ အဖြစ်သတ်မှတ်ခံထားရတာကို တိတိကျကျ မသိရတဲ့ ဒေသခံတွေအဖို့တော့ နေ့စဉ်နဲ့အမျှစိတ်မချမ်းမြေ့စရာတွေနဲ့ပဲ ဖြတ်သန်းနေရပါတယ်။" လို့ ကျူးကျော် ဖ အဖြစ်သတ်မှတ်ခံတဲ့ ဦးလေးဦးအောင်နိုင်ဝင်းက ပြောပါတယ်။

ဒါကြောင့် ဒီပြဿနာကိုဖြေရှင်းပေးဖို့ သူတို့မှာ အားကိုးစရာဆိုလို့ ပြည်နယ်အစိုးရသာ ကျန်ပါတော့တယ်။ ပြည်နယ်အစိုးရအနေနဲ့ မကူညီပေးနိုင်ရင် ဒေါ်ကြည်ဌေးတို့မိသားစုနဲ့အတူ ကျူးကျော် ဖ အဖြစ် သတ်မှတ်ခံရတဲ့မိသားစုတွေကတော့ မိမိတို့ချွေးနည်းစာနဲ့ဝယ်ထားတဲ့ မြေနေရာလေးတွေကို စွန့်လွှတ်ပေးရမှာဖြစ်ပါတယ်။ ပြည်နယ်မှာအာဏာ အရှိဆုံးဖြစ်တဲ့ ပြည်နယ်အစိုးရကို သူတို့မိသားစုလေးတွေက မျှော်လင့်ချက်ကြီးမားစွာနဲ့ အခုလို တောင်းဆိုကြပါတယ်။

" ဒီလိုကြီး ကျူးကျော်ကျူးကျော်ဆိုပြီး ပုဒ်မကြီးတပ်ပြီးတော့ အန်တီတို့ကို ဒီလိုကြီးလာသိမ်းတော့ အန်တီတို့စိတ်လည်း ဆင်းရဲရတယ်။ ကိုယ် လည်း ဆင်းရဲရတယ်။ နောက်လုပ်ကိုင်ရတာလည်း မပျော်တော့ဘူးလေနော။ အဲ့ဒါကို ပြည်နယ်အစိုးရက အန်တီတို့ဘက်က မျက်နှာလေးကြည့်ပြီးတော့ နည်းနည်းကူညီကြပါဦးလို့ အဲ့ဒါလေး ပြောချင်ပါတယ်။" လို့ ကျူးကျော် အဖြစ် သတ်မှတ်ခံရတဲ့ ဒေါ်သန်းလှက ပြည်နယ်အစိုးရဆီမှာသာ မျှော်လင့်ခွင့်ရှိတော့ကြောင်း ဆိုနေပါတယ်။

လက်ရှိနေထိုင်တဲ့ဒေသခံတွေအနေနဲ့ သူတို့ဟာ ကျူးကျော်တွေ မဟုတ်တဲ့အတွက် ပုဒ်မဂဂကို ဖျက်သိမ်းပေးဖို့၊ မြေဂရန်ထုတ်ပေးဖို့၊ အရောင်းအဝယ်မြေအဖြစ် တရားသေလွှဲပေးဖို့နဲ့ နမ့်ဘော်ဝမ်ရပ်ကွက် အုပ်စုအနေနဲ့ ခွဲထွက်ပေးဖို့စတဲ့အချက်တွေကို တောင်းဆိုနေကြပြီး ဆန္ဒပြတောင်းဆိုမှုတွေ၊ သတင်းစာရှင်းလင်းပွဲတွေ လုပ်ဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ အဲ့ဒီအတွက်အဖြေက သက်ဆိုင်ရာအစိုးရက ဖြေရှင်းပေးတာတွေ၊ ညှိနှိုင်းပေးတာတွေ မရှိပဲ လက်ရှိချိန်ထိ တိတ်ဆိတ်နေတာပါပဲ။

"ပြည်နယ်အစိုးရပေါ့နော။ ဒီကိစ္စလေးတွေပြီးဆုံးအောင် အမြန်ဆုံးလေးဆုံးဖြတ်ပေးပါလို့။ ကြားဝင်ပြီး ဖြေရှင်းပေးပါလို့။ အန်တီကတော့ ပြောချင်ပါတယ်။ အန်တီတို့ အနေနဲ့တော့ လုံးဝဖယ်မပေးနိုင်ပါဘူး။"လို့ ဒေါ်ကြည်ဌေးက ထပ်ပြောလိုက်ပါတယ်။

လွိုင်ကော်မြို့နမ့်ဘော်ဝမ်ရပ်ကွက်မှာ ဖြစ်နေတဲ့ ကျူးကျော်အဖြစ် သတ်မှတ်ခံလိုက်ရတဲ့ မြေယာပြဿနာတွေသာမကပဲ ကယားပြည်နယ်က ဒေသခံပြည်သူတွေလည်း မြေယာပြဿနာ အရှုပ်အယှက်တွေကို တော်တော်များများ ခံစားနေကြရပါတယ်။

ဒါကြောင့်မို့လို့ ဒေသခံပြည်သူတွေ ကလည်း မိမိတို့မှာအားကိုးစရာ မျှော်လင့်စရာဆိုလို့ သူတို့ကိုယ်တိုင်ရွေး ချယ်တင်မြောက်ထားတဲ့ ပြည်နယ်အစိုးရသာကျန်ရှိနေတဲ့အတွက် ပြည်နယ် အစိုးရရဲ့ ပြည်သူတွေအတွက် ဆောင်ရွက်ပေးမှုကို ဒီကနေ့အထိ မျှော်လင့်ချက် ကြီးမားစွာ ထားရှိနေကြတာဟာ ပြည်သူတွေရဲ့ အမှားမဟုတ်လောက်ပါဘူး။

အခြေခံ **ခိုင်** မာပြီး ဖွံ့ **ဖြိုး** တိုးတက်စေရန် ဤသင်တန်းကို ဆက်သွယ်ပါ။

ရေး၊ ဖတ်၊ ပြော၊ ကြား
အင်္ဂလိပ်သဒ္ဒါနှင့်
စကားပြော
အတတ်သင်တန်း
(ကသ-၁၁၀၈)

KHAING PHYO ENGLISH FOUR SKILLS ENGLISH TRAINING

**ခိုင်ဖြိုး®**

အမှတ်-၁၀၊ ခွာညိုလမ်း၊
ရွှေတောင်ရပ်၊ လွိုင်ကော်။
(ရွှေတောင်စာသင်တိုက်အနီး)


Email:
ohnkhaing@gmail.com

Phone:
- 09 4940 0834
- 09 42800 7879
- 09 25440 4872

ဤသင်တန်းကို အောက်ပါဂိုလ်များက သင်ကြားဆောင်ရွက်ပေးနေသည် -
ဆရာဦးအုန်းခိုင် (B.A, Logic) နာယက
ဆရာမ ဒေါ်ခင်ချိုအေးခိုင် (B.A, English) တာဝန်ခံနှင့်သင်ကြားရေး
ဆရာမ ဒေါ်ခင်ချိုမြင့်ခိုင် (B.A, Myanmar) သင်ကြားရေး

သင်တန်းပုံစံများ
၁။ အင်္ဂလိပ်စာ ရေး၊ ဖတ်၊ ပြော၊ ကြား ပို့ချချက် အဆင့် ၁ မှ ၅ အထိ (တစ်ဆင့်လျှင် ၁ လပြတ်)
၂။ အင်္ဂလိပ်သဒ္ဒါ သီးသန့်ပို့ချချက် (အခြေခံမှ အဆင့်မြင့်ထိ)
၃။ အသံအမှန်နှင့် အင်္ဂလိပ်စကားပြောခြင်းကို ကောင်းစွာ နားထောင်တတ်ရန်၊ ပြောတတ်ရန်အတွက် သီးသန့်အသံထွက် ပို့ချချက်။
၄။ စာမတတ်သူများ၊ မူလတန်းမှ တက္ကသိုလ်ကျောင်းသူ/သားများ၊ အစိုးရနှင့် ကုမ္ပဏီဝန်ထမ်းများ၊ ပြည်ပတွင် အလုပ်လုပ်လိုသူများ၊ ပညာသင်ယူလိုသူများ၊ ရာထူးတိုးနှင့် လုပ်ငန်းခွင် စာမေးပွဲများ အင်္ဂလိပ်စာစွမ်းရည်အဆင့်လိုက် တစ်ဦးချင်းပို့ချချက်များ။
၅။ အပြည်ပြည်ဆိုင်ရာ စွမ်းရည်စစ်စာမေးပွဲများ (IELTS, TOEFL) စသည်တို့အတွက် အကြိုပြင်ဆင်မှု ပို့ချချက်များ။
၆။ အင်္ဂလိပ်မှ မြန်မာ၊ မြန်မာမှ အင်္ဂလိပ် ဘာသာပြန်ပေးသည်။
*** မိမိလိုရာအဆင့်ထိ တာဝန်ယူ အတတ်သင်ပေးလျက်ရှိသည်။

ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက
ဖုန်း - ၀၉၂၆၂၁၇၂၈၃၅



# ဖာလာဈေးကောင်းမရ၍ ဖာလာစိုက်တောင်သူများအခက်တွေ့

**ခွန်းကလိုင်းဖရီး**

ရှမ်း/တောင်ဒေသနှင့် ကယား(ကရင်နီ) ပြည်နယ်အတွင်းရှိ ဖာလာစိုက်ပျိုးရေးကို အဓိက အသက်မွေးဝမ်းကျောင်းပြုနေကြသည့် တောင်သူများအနေဖြင့် လက်ရှိတွင် ဖာလာဈေးမရှိသည့်အတွက် မိသားစုစားဝတ်နေရေး အခက်အခဲနှင့် ရင်ဆိုင်နေကြရသည်။

ယခင်နှစ်က ဖာလာအခွံအုပ်ခြောက် ၁ ပိဿကို ကျပ် (၁) သောင်းခွဲ၊ အခွံခွာပြီး အစေ့ခြောက် ၁ ပိဿကို ကျပ် (၃)သောင်း အထိဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် ဖာလာအခွံအုပ်ခြောက် ၁ ပိဿကို ကျပ် (၇) ထောင်နှင့် အခွံခွာပြီး အစေ့ခြောက် ၁ ပိဿကို ကျပ် (၂) သောင်းအထိသာ ဈေးရှိနေကြောင်း သိရသည်။

ကယန်းဒေသ ဖယ်ခုံမြို့နယ် ဆီးဘူးကျေးရွာတွင် ဖာလာစိုက်ပျိုးလုပ်ကိုင်နေသည့် ဦးသန်းမောင်က "ပြီးခဲ့တဲ့ နှစ်က ဈေးကတော့ အနည်းနဲ့ အများ ရှိပါတယ်။ ဒီနှစ်က ဝယ်သမားကို မရှိဘူး ဖြစ်နေတယ်။ ၁ ပိဿကို ၅ ထောင်၊ ၆ ထောင် လောက်ပဲ ဈေးပေါက်တဲ့အချိန်မှာ လုပ်အားခနဲ့ ဒီပြုပြင်ခ၊ ပြုစုခတွေက လုံးဝမဖာမိဘူး ဖြစ်နေတယ်။"ဟု ပြောသည်။

မိုးရာသီတွင် ဖာလာသီးကို နေဖြင့်အခြောက်လှန်းရန်ခက်ခဲသည့်အတွက် တောင်သူများက ထင်းမီးကို အသုံးပြုပြီး (၄) နာရီခန့် အချိန်ယူ မီးလှော်လှန်းရခြင်းကြောင့်လည်း သတ်မှတ်အရည်အသွေးမမီပဲ ဈေးကောင်းရရန် ခက်ကြောင်း ဆိုသည်။

"ဈေးဘာဖြစ်လို့ နည်းလဲဆိုတာ လိုက်တော့ အဓိကအရည်အသွေးပေ့ါ။ အရည်အသွေး အားနည်းတာကို သွားတွေ့တယ်ပေ့ါ။ အရည်အသွေး ဘာဖြစ်လို့ အားနည်းလဲဆိုတော့ မီးတွေနဲ့ လှော်ကြတယ်လေ။ တရုတ်တွေက အဓိက လာဝယ်တယ်။ ဒါပေမယ့် အရည်အသွေး အရမ်းကြီး မကြိုက်တော့ ဈေးအရမ်းကြီး မရဘူးဖြစ်နေတယ်။" ဟု ချစ်သောမြန်မာအဖွဲ့ လုပ်ငန်းညှိနှိုင်းရေးမှူး ကိုသော်ဇင်ဟိန်းက ဆိုသည်။

အပူငွေ့ဖြင့် အခြောက်ခံသည့် ဖာလာအခြောက်ခံစက်ကို ချစ်သောမြန်မာအဖွဲ့က ကယန်းဒေသတွင် စမ်းသပ်လုပ်ကိုင်လျက်ပြီး အရည်အသွေးအားဖြင့်လည်း ပိုမိုကောင်းမွန်ခြင်းကြောင့် ဈေးပိုရကြောင်း ၎င်းက ဆိုသည်။

မီးလှော်အခြောက်ခံသည့် ဖာလာ ၁ ပိဿကို ကျပ် (၇) ထောင်ခန့်သာရသော်လည်း အပူငွေ့ဖြင့် အခြောက်ခံသည့် ဖာလာက ကျပ်(၁) သောင်းထိ ဈေးရခြင်းကြောင့် ကျပ် (၃) ထောင် ပိုရနေသည်ဟု ဆိုသည်။ သို့သော်လည်း ဒေသထွက် ဖာလာများပြားလွန်းပြီး စက်တစ်လုံးတည်းရှိခြင်းကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဝန်ဆောင်မှုပေးနိုင်ရန် ခက်ခဲနေသေးကြောင်း ကိုသော်ဇင်ဟိန်းက ဆက်ပြောသည်။ ပြီးခဲ့သည့်နှစ်တွင် တရုတ်ဖာလာပွဲစားများမှ အလုအယက်ဈေးကောင်းပေးပြီး လာရောက်ဝယ်ယူခဲ့ကြသော်လည်း ယခုနှစ်တွင် ဝယ်ယူသူများ ရှားပါးနေကြောင်း သိရသည်။

ဖာလာစိုက်တောင်သူ ဒေါ်အာဆွန်းတာက "ခူးတဲ့အချိန်မှာ ခြံထဲမှာပဲ လာလုဝယ်ကြတယ်။ ဒီနှစ်တော့ လုံးဝမပေါ်လာဘူး။ မဝယ်ရဲဘူးပေ့ါ။" ဟု ပြောသည်။

ဖာလာပင်သည် သစ်တောကို အမှီပြုကာ စိုက်ပျိုးရခြင်းဖြစ်ပြီး နှစ်ရှည်ပင်အမျိုးအစား ဖြစ်သည်။ ထို့ကြောင့် ကယန်းဒေသရှိ တောင်သူများက ရွှေ့ပြောင်းတောင်ယာအစား ဖာလာကို ပိုမိုစိုက်ပျိုးလုပ်ကိုင်လာကြသည်။

ဖာလာပင်ကို စိုက်ပျိုးပြီးသည်မှ ပျမ်းမျှ (၄) နှစ်အကြာတွင် သီးနှံကိုစတင်ခူးဆွတ်နိုင်ပြီး နောက်ပိုင်းတွင် တစ်နှစ်တစ်ကြိမ်၊ နှစ်စဉ်ခူးဆွတ်နိုင်သည့်အတွက်ကြောင့် တောင်သူများအတွက် ပုံမှန်ဝင်ငွေရရှိနိုင်သည့် နှစ်ရှည်သီးနှံပင် အမျိုးအစား ဖြစ်သည်။


၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချီသည်။

# စခန်းတွင်း ဝန်ဆောင်မှုများလျှော့ချခြင်းမှာ နေရပ်ပြန်ပို့ရန်အတွက် ဖိအားတခုဖြစ်မည်ကို စိုးရိမ်နေ

**ခူးစိုးရယ်ဦး**

ကရင်နီဒုက္ခသည်စခန်း အမှတ်(၁)တွင်း ယခု ၂၀၁၈ ခုနှစ်အတွင်း ဝန်ဆောင်မှုများလျှော့ချလိုက်ခြင်းကြောင့် ပြည်သူများအခက်တွေ့ပြီး လက်ရှိနိုင်ငံ ရေးအခြေအနေ မတည်ငြိမ်မှုအကြား နေရပ်သို့ပြန်ပို့ခံရမည်ကို စိုးရိမ်နေကြသည်။

"ကျွန်မတို့ ချမှတ်ထားတဲ့ စည်းကမ်းတွေကို သူတို့လိုက်နာမှု အားနည်းလာတယ်ပေါ့၊ ဝန်ဆောင်မှု စားနပ်ရိက္ခာလျှော့ချမှုအပေါ်လည်း ဖြစ်ပါလိမ့်မယ်။ ပြီးတော့ နိုင်ငံရေးပြုပြင် ပြောင်းလဲတဲ့ အပေါ်လည်း ဖြစ်ပါလိမ့်မယ်၊ လူထုတွေကလည်း သူတို့တော်တော်လေး ရုန်းကန်နေရတယ်၊ တော်တော်လေး အခက်တွေ့နေကြရပါတယ်" ဟု ကရင်နီဒုက္ခသည် အမှတ် ၁ စခန်း ကော်မတီ ဥက္ကဌဒေါ်မိုးဘူးက ပြောပါသည်။

ဝန်ဆောင်မှုများဆိုရာတွင် စားနပ်ရိက္ခာတစ်ခုတည်းမဟုတ်ဘဲ ကျန်းမာရေး၊ ပညာရေး စသည့်အရေးတို့အတွက် ဝန်ဆောင်မှုများကိုပါ လျှော့ချလိုက်ခြင်းဖြစ်သည်။ ယခုလို ဝန်ဆောင်မှုများ လျှော့ချလိုက်သည့်အပေါ်တွင် ထိုင်းအစိုးရမှ မြန်မာဒုက္ခသည်များကို ပြည်တွင်း ပြန် ပို့လိုသည့် ဖိအားတစ်ခုလည်း ဖြစ်နိုင်သည်ဟု ဒေါ်မိုးဘူးက ဆက်ပြောသည်။

ကရင်နီဒုက္ခသည် အမှတ်(၁)စခန်းသည် နှစ်ပေါင်း ၃၀ခန့်ရှိနေပြီဖြစ်ပြီး ၄င်းတို့ကို UNHCR မှ ကူညီထောက်ပံ့ပေးနေကြောင်း သိရသည်။ ၄င်း UNHCR ဒုက္ခသည်အရေးဆိုင်ရာ မဟာမင်းကြီးရုံးသည် အမှတ်(၁)စခန်းအပါအဝင် ထိုင်းနိုင်ငံနယ်စပ်တကြောရှိ စခန်း(၉)ခုကို ထောက်ပံ့ပေးနေသည့် အဖွဲ့အစည်းဖြစ်သည်။

ထိုသို့ ဝန်ဆောင်မှုများကို လျှော့ချလိုက်ခြင်းသည် ယခုဒုက္ခသည်များအပြင် အခြားသော ထပ်တိုးဒုက္ခသည်များကို အကူအညီပေးနေရသည့်အတွက်ကြောင့်လည်း ဖြစ်သည်ဟု သိရသည်။ "တစ်ခါတလေတော့ ထုတ်ပေးတဲ့ဝန်ဆောင်မှုရိက္ခာက မလုံလောက်ဘူးပေါ့၊ တစ်ခါတလေဝယ်စားရတဲ့ လတွေလည်းရှိပါတယ်၊ ပြည့်ပြည့်ဝဝမထုတ်ပေးတော့ ကျွန်တော့်တို့လည်း မတတ်နိုင်ပါဘူး၊ ဖြစ်နိုင်ရင်တော့ မလျှော့ရင် ပိုကောင်းတာပေါ့"ဟု ကရင်နီဒုက္ခသည် အမှတ် ၁ စခန်းမှ ဦးဒါးရယ်က ပြောပါသည်။

လက်ရှိတွင် ထိုင်းအာဏာပိုင်များသည်လည်း စခန်းသို့လာကာ ဒုက္ခသည်များ အိမ်ပြန်မည့်အရေး စိတ်ဝင်စားခြင်းရှိမရှိကို လာရောက်မေးမြန်းခြင်းများရှိပြီး ပြန်နိုင်ရန်အတွက် လာရောက်တိုက်တွန်းခြင်းများည်း ရှိခဲ့ဖူးကြောင်း ဒုက္ခသည်အချို့က ပြောသည်။

၄င်းတို့ဒုက္ခသည်များ ပြည်တွင်းသို့ ပြန်ဝင်လာရန် လုံခြုံရေး၊ နေရေးထိုင်ရေးတို့အတွက် အာမခံချက်မရှိကြောင်း ဒေါ်မိုးဘူးက ဆိုသည်။

၄င်းက"ကျွန်မအမြင်တော့ ပြည်တွင်းပြန်ခဲ့ရင် အာမခံချက်တွေ ရှိမှာမဟုတ်ဘူးလို့ ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ အိုးအိမ်မရှိဘူး၊ နေစရာနေရာမရှိဘူး၊ နောက်ပြီး ကျွန်မတို့အတွက် နိုင်ငံသားမှတ်ပုံတင်ကဒ်ကအစ ဘာမှမရှိဘူး၊ ဘာစာရင်းဇယားမှ မရှိဘူး၊ အဲ့ဒါကြောင့် ကျွန်မတို့တွက် လုံခြုံမှုဆိုတာမရှိဘူးလို့ ထင်တယ်"ဟု ပြောသည်။

ပြည်တွင်းသို့ပြန်လာရန် ပြည်သူများက စိုးရိမ်ကြောင့်ကြနေကြသည်။ အဘယ်ကြောင့်ဆိုသော် ၄င်းတို့၏နေရေးထိုင်ရေး၊ စားဝတ်နေရေးအပါအဝင် ၄င်းတို့လုံခြုံရေးအတွက် အဓိကစိုးရိမ်နေကြသေးသောကြောင့် ဖြစ်သည်။ ပြီးခဲ့သည့်နှစ်စပိုင်းတွင် ဒုက္ခသည်များအချို့ ပြည်တွင်းသို့ ပြန်ဝင်လာခဲ့ရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့၊ UNHCRတို့မှ သွားရောက်ကြိုဆိုအားပေးခဲ့ကြပြီး လိုအပ်သည့်မှတ်ပုံတင်များ၊ အိမ်ထောင်စုစာရင်းများနှင့် စားစရာအချို့ကိုပါ ပေးအပ်ခဲ့ပါသည်။



# စစ်ရေးလေ့ကျင့်မှု ဒေသခံများကို အနှောင့်အယှက်နှင့် စိုးရိမ်မှု မဖြစ်စေလို

**ကရင်နီသူ**



ကယား(ကရင်နီ)ပြည်နယ်၊ ဖရူဆိုမြို့နယ်ရှိ အမှတ်(၁၄)တန်းမြှင့် စစ်လေ့ကျင့်ရေးကျောင်းမှ လာမည့် အောက်တိုဘာ ၁၃ရက်နေ့တွင် (၁၀) မိုင်မနားတမ်း လမ်းလျှောက်လေ့ကျင့်မည့်အပေါ် ဒေသခံများမှ စိုးရိမ်မှုအချို့ရှိခဲ့သည်။

" အခုလို ငြိမ်းချမ်းရေးတည်ဆောက်နေတဲ့ ကာလမှာ ဒီလိုလုပ်တာတော့ သိပ်တော့မကောင်းဘူး။ တစ်ဖက်နဲ့တစ်ဖက် ယုံကြည်မှုတွေ လျော့ကျစေနိုင်တာပေ့ါ။ နောက်ပြီး ဒီလိုလုပ်ခြင်းအားဖြင့် ဒီဧရိယာမှာသွားနေတဲ့ ကျေးရွာတွေမှာ၊ အဲ့ဧရိယာမှာရောက်နေတဲ့ နေရာတိုင်းမှာ လူထုတွေလည်း သူ့အလုပ်နဲ့သူ၊ တောင်ယာတွေ သွားနေကြတာတွေလည်း ရှိတယ်ပေ့ါ၊ ဆိုတော့ အဲ့လိုသွားလာနေတဲ့အတွက် ရွာသူရွာသားတွေ အတွက်လည်း ဘယ်လိုပြောရမလဲဆိုရင် ထိတ်လန့်မှုတစ်ချို့တော့ရှိတယ်။" ဟု ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ဆိုသည်။

ထို့အပြင် လေ့ကျင့်ရာတွင်သုံးသည့် လက်နက်ကြီး၊ လက်နက်ငယ်ပစ်ခတ်မှု ပြုလုပ်မည့် အချိန်တွင် ဒေသခံများကို ကြိုတင်အကြောင်းကြားနိုင်လျှင် ပိုအဆင်ပြေမည်ဖြစ်ကြောင်းနှင့် ပွင့်ပွင့်လင်းလင်း အသိပေးစေလိုကြောင်း လောဂျာကျေးရွာ ဥက္ကဌ ဦးတီရယ်က ပြောသည်။

အချို့ လေ့ကျင့်ပစ်ခတ်ပြီး မပေါက်ကွဲသေးသည့် လက်နက်ကြီး/ငယ်များ၏ ကျည်ဆံကိုလည်း မကြာခဏတွေ့ရှိရသည့်အတွက် နွားကျောင်းသား၊ ကလေးငယ်များအတွက် အန္တရာယ်ရှိကြောင်း ၄င်းက ဆက်ပြောသည်။

၂၀၁၄ ခုနှစ်တွင် ၄င်းတို့လေ့ကျင့်ရေး ကျောင်းသားများ ခရီးရှည်လမ်းလျှောက်ခြင်းကို ဒီးမော့ဆို–ဖရူဆို–ဘောလခဲလမ်းမကြီးအတိုင်း လမ်းလျှောက်သည့်အတွက် လမ်းသွားလမ်းလာပြည်သူများအတွက် အနှောက်အယှက်ဖြစ်စေသည့်အတွက် ယခုနောက်ပိုင်းတွင် တောလမ်းကို အသုံးပြုပြီး လေ့ကျင့် လမ်းလျှောက်ခြင်းများကို ပြန်လည် ပြုလုပ်လာကြသည်။

သို့ရာတွင် တောလမ်းကိုအသုံးပြုပြီး လေ့ကျင့်မှုများ ပြုလုပ်ရာတွင်လည်း တောင်သူများ၏ တောင်ယာခင်းထဲရှိ သီးနှံ စားသောက်စရာများကို ခူးယူစားသောက်ခြင်းများ ပြုလုပ်ပြန်သည်။ အချို့တွင် တောင်ယာသို့သွားကုန်သည့် အိမ်တို့တွင် ပစ္စည်းများခိုးဝှက်ခြင်းများ ရှိမည်ကိုလည်း မလိုလားကြောင်း ကျေးရွာဒေသခံများက ပြောသည်။

၄င်းတို့လေ့ကျင့်ရေးအတွက် လမ်းလျှောက်ထွက်ချိန်တွင် ကျောင်းသူ/သားများနှင့် အမျိုးသမီးများအတွက် စိုးရိမ်ရကြောင်း လောဂျာကျေးရွာဥက္ကဌ ဦးတီရယ်က ပြောပါသည်။

"တောင်သူတွေအတွက် စိုးရိမ်ရတယ်၊ ကျောင်းသူတွေကော ဒီအမျိုးသမီးတွေ အတွက်ပေ့ါ၊ မကောင်းတဲ့အဖြစ်တွေ ဖြစ်လာမှာကြောက်တယ် ပြီး မုဒိန်းကျင့်မှုတွေ ဖြစ်လာမှာကြောက်တယ်၊ အရင်တုန်းကလည်း ကလေးတွေကို ခြောက်တာရှိဖူးတယ်လေ။ ဒါကြောင့်" ဟု ၄င်းက ဆိုသည်။

စစ်လေ့ကျင့်ရေးကျောင်းနှင့် အနီးတဝိုက်ရှိ ကျေးရွာများသည် ၄င်းကျောင်းပြန်ရုပ်သိမ်းပေးနိုင်ရန်နှင့် ရွာသားများမှ လွတ်လွတ်လပ်လပ် ပြန်လည် လုပ်ကိုင်စားသောက်လိုကြောင်း တောင်းဆိုနေကြသည်။

"ကျွန်တော့်အမြင်ပြောရရင်တော့ ဒီလေ့ကျင့်ရေးနဲ့ ပတ်သက်ပြီးတော့ ပြောရရင် ဒီနေရာမှာ လုံးဝမလုပ်စေချင်တော့ဘူး၊ ခု ဒီမနက်ဆိုရင်လည်း လက်နက်ကြီးတွေဘာတွေ ပစ်တဲ့အခါကျတော့ အသံက အရမ်းကျယ်တယ်ပေ့ါ။ အဲ့ဒါလည်း မလုပ်စေချင်တော့ဘူးပေ့ါ။ ရှင်းရှင်းပြောရရင် ကျွန်တော်တို့အရင်က တောင်းဆိုသလိုမျိုးပါပဲ။ ဒီလေ့ကျင့်ရေးကျောင်းကို ရွှေ့ပေးဖို့ပေ့ါ ဒီလေ့ကျင့်တဲ့ဟာတွေ မသုံးပေးဖို့တော့ ကျွန် တော်တို့ အဲ့ဒါပဲလိုချင်ပါတယ်" ဟု ဦးသဲရယ်က ဆက်ပြောသည်။

ယခု ၁၃ရက်နေ့ ၁၀မိုင်မနားတမ်း လမ်းလျှောက်လေ့ကျင့်မည့် ခရီးစဉ်သည် ကျောင်းဌာနချုပ်မှစတင်ကာ ဒေါ်ဗျာကူးကျေးရွာမှ ထီးဗျားညီကျေးရွာ၊ ၄င်းမှ ဒေါ်လောခူကျေးရွာ၊ ဒေါ်လော်ခူမှ ကျောင်းဌာနချုပ်သို့ အစဉ်လိုက်လမ်းလျှောက်မည်ဖြစ်ကြောင်း အုပ်ချုပ်ရေးမှူးများသို့ အကြောင်းကြားစာတွင် ပါရှိသည်။

လေ့ကျင့်လမ်းလျှောက်ရာတွင် အင်အား ၇၀၀/၈၀၀နှင့်အထက် ရှိမည်ဟု ကိုယ်စားလှယ်က ခန့်မှန်းထားသည်။

ကရင်နီ(ကယား) ဘာသာဖြင့် ထုတ်လွှင့်ပြသသော **Kantarawaddy Times** သတင်းများ အစီအစဉ်ကို DVB ရုပ်သံလွှင့်ဌာန၏ အပတ်စဉ် ကရင်နီဘာသာ အစီအစဉ်ကို ကြာသပတေးနေ့ နံနက် (၇း၁၅) နာရီ တစ်ကြိမ်၊ ညနေ (၉း၄၅) နာရီ တစ်ကြိမ် ဖမ်းယူကြည့်ရှုနိုင်ပါကြောင်း သတင်းကောင်းပါးလိုက်ပါသည်။


၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

# ဖရူဆိုမြို့နယ် စိုက်ပျိုးရေးအခြေအနေတွေကို တောင်သူတွေဆီ မေးမြန်းချက်တွေကို ကောက်နုတ်တင်ပြပေးလိုက်ပါတယ်။



ခူးရီဖဲ (လောဂျာကျေးရွာဒေသခံ)

**လောဂျာမှာ အဓိက ဘာတွေ စိုက်ပျိုးကြလဲ။**

ကျနော်တို့ ဘက်မှာ အဓိက စိုက်ပျိုးတာက စပါး၊ မြေပဲ၊ ပြောင်းဖူး၊ ပြောင်းကောက်တွေပေါ့။ စပါးကျတော့ စားဖို့ အဓိက စိုက်ပါတယ်။ မြေပဲတော့ ဝင်ငွေတစ်ခုရဖို့ စိုက်ပျိုးကြတယ်။ ပြီးတော့ ပြောင်းကောက်ကတော့ ရိုးရာ ဖြစ်တဲ့ ခေါင်ရည်ချက်ဖို့ နည်းနည်းပါးပါး စိုက်တယ်။

**စိုက်ပျိုးရေးတွေ လုပ်တဲ့အချိန်မှာ ဘာတွေ အခက်အခဲ ကြုံရလဲ။**

ကျနော်တို့က သီးနှံအမျိုးတွေ ပြန်ထားနိုင်ဖို့ ခက်ခဲတယ်။ တစ်ချို့လူတွေဆို အမျိုးတွေဆက်မထားနိုင်ဘူးဆိုရင် မစိုက်နိုင်တော့ဘူးပေါ့။ အမျိုးတွေ ပြန်ဝယ်ရတယ်။ တစ်ချို့တွေလည်း ရလာတဲ့ စပါးတွေကို နောက်နှစ်တွေအတွက် အမျိုးပြန်ချန်ထားတယ်။ မြေဩဇာတွေလည်း ဝယ်နိုင်ဖို့လည်း လိုသေးတယ်၊ အခက်အခဲရှိတာပေါ့နော်။ မဝယ်နိုင်ဘူးဆိုလည်း စိုက်ပျိုးထားတဲ့ တောင်ယာစပါးလည်း အထွက်နှုန်း မကောင်းဘူး။ နွားချေးရှိတဲ့လူတွေကျတော့ စပါးတွေ အများရတယ်။ အထွက်ကောင်းတယ်။ မြေဩဇာ၊ နွားချေးလည်း မရှိဘူးဆိုရင် စပါးတွေအထွက်နှုန်း မရှိတော့ဘူး။ ဒီရွာမှာတောင်ယာစပါးပဲ အဓိက စိုက်ပျိုးကြတယ်။

ဒီဘက်မှာ မြေဆီလွှာ မကောင်းတာလည်း ပါမယ်ပေါ့နော်။ ပြီးတော့ နွားချေးနိုင်မှ မြေဩဇာသုံးမှ စပါးတွေ များများရတယ်ပေါ့။ တစ်ချို့ကျတော့ စိုက်ပျိုးထားတဲ့ သီးနှံတွေလည်း ပိုးကျရင်လည်း ပိုးသတ်ဆေး ဆေးဖြန်းရတာပေါ့နော်။ ပေါင်းပြန်လိုက်ရတယ်။ ဒါကြောင့် အခက်အခဲ အမျိုးမျိုး ကြုံတွေ့ရတယ်ပေါ့နော်။

သီးနှံထွက်လာတဲ့အချိန်ဆိုရင် ဖရူဆိုအထိ သွားရောင်းရတယ်ပေါ့။ ဒီအထိ လာဝယ်တဲ့ ပွဲစားတွေလည်း ရှိပါတယ်။ ဈေးတော့ နည်းတယ်။ ဖရူဆိုအထိ သွားရောင်းမယ်ဆိုရင် ဈေးနည်းနည်း ပိုရတယ်။



ဦးသဲရယ်၊ ဖရူဆိုမြို့နယ်အမှတ်(၁)မဲဆန္ဒနယ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်

**ဖရူဆိုမြို့နယ်မှာ ဘာတွေကို အဓိကထားပြီး အသက်မွေးဝမ်းကျောင်းပြု စီးပွားရေးလုပ်ကြတာလဲဆရာ။**

ဖရူဆိုမြို့နယ်မှာ အဓိကစိုက်ပျိုးရေးကို အားကိုးပြီးတော့ စီးပွားရေးလုပ်ကြတယ်ပေါ့။ စပါး၊ မြေပဲ၊ ပြောင်းဖူး၊ ပြောင်းကောက်တွေ စိုက်ပျိုးကြတယ်။ မြေပဲကျတော့ ပိုပြီးစိုက်ပျိုးကြတယ်၊ မြေပဲပိုထွက်လေ့ရှိတယ်။ ပြောင်းဖူးကျတော့ နည်းနည်းပါးပါး ပိုလုပ်လာကြတယ်။ အကယ်၍ ပြောင်းဖူး ဈေးကွက် ကောင်းလာမယ်ဆိုရင် တစ်ချို့လူတွေလည်း ပြောင်းဖူးစိုက်ဖို့ စိတ်ဝင်စားလာတယ်၊ သို့ပေမဲ့ ဈေးကွက်က တည်ငြိမ်မှု မရှိဘူး။ မြေပဲတော့ ဈေးတော့ရှိတယ်၊ ရင်းနှီးမှုကပိုများတယ်။ မြေပဲထက်ပြောင်းဖူးက ပိုပြီးရင်းနှီးရတာ ပိုကုန်ကျ သက်သာတယ်ပေါ့ ။ မြေပဲကတော့ လွန်ခဲ့တဲ့ ၁၀ စုနှစ်ကတည်း လုပ်လာခဲ့ တဲ့ ဝင်ငွေလုပ်ငန်းတစ်ခုပေါ့။ နောက်ပြီးတော့မှ တခြားတောထွက်ဖြစ်တဲ့ ဝဉ၊ သစ်ခွပန်း တစ်ဖက်တလမ်းကနေ စီးပွားရေးလုပ်တာလည်း ရှိပါတယ်။ ဒါပေမဲ့ ဒီလုပ်ငန်းက နည်းပါတယ်။

စိုက်ပျိုးရေးတောင်သူတွေအတွက် အစိုးရဘက်ကနေပြီး အာမခံချက်ရှိတဲ့ ဈေးကွက်တစ်ခု ဖော်ဆောင်နိုင်အောင် ဘယ်လိုတိုက်တွန်းဖို့ စီစဉ်ကြပြီလဲဆရာ။

ကယားပြည်နယ်မှာက လက်ရှိမြေ အနေအထားနဲ့ဆိုရင် စိုက်ပျိုးရေးပိုင်းမှာ ဘာတွေ ဦးစားစိုက်ပျိုးသင့်သလဲ ဆိုတာကတော့ ပြောင်းဖူးက ပိုပြီး အဆင်မပြေလားပေါ့ ဆိုတဲ့ဆွေးနွေးချက် ထွက်လာတယ်ပေါ့။ ပြီးခဲ့တဲ့ ၂ရက် ၃ရက်တုန်းကပဲ ငြိမ်းဖောင်ဒေးရှင်းကနေ ဦးဆောင်ပြီး Loikaw Hotel မှာပြုလုပ်တဲ့ workshop တစ်ခုပေါ့။ ဒီအပိုင်းဆိုင်ရာ ဆွေးနွေးတဲ့အခါမှာ ဘာတွေ ထွက်လာသလဲဆိုတော့ ပြောင်းဖူးကို ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာမယ်။ ပြီးတော့ အာမခံချက်ရှိတဲ့ ဈေးကွက်ကိုလည်း အစိုးရကနေ ပံ့ပိုးဆောင်ရွက်ပေးတဲ့ ပုံစံမျိုးဖြစ်လာအောင် အစီအစဉ်တစ်ခုအနေနဲ့ ရေးဆွဲပြဌာန်းသင့်တယ်ဆိုတဲ့ အဖြေထွက်လာတယ်ပေါ့။ လက်ရှိ ဆွေးနွေးထားတဲ့ အဖြေပဲ ရှိသေးတယ်ပေါ့နော်။ လက်တွေ့ အကောက်အထည်ဖော်နိုင်ဆိုတာ ဖြစ်လာနိုင်ဖို့ မဖြစ်နိုင်ဖို့ အာမခံလို့ မရနိုင်ဘူးပေါ့နော်။ ဒီဘက်မှာ စီးပွားရေးအနေနဲ့ ပြောရမယ်ဆိုရင် မြေပဲပေါ့။ စပါးကျတော့ စားဖို့ပဲ စိုက်ပျိုးကြတယ်။ ဒီနောက်ပိုင်းမှာတော့ ပြောင်းဖူးတွေ စိုက်ပျိုးလာကြတယ်။ ဒီတစ်နှစ်မှာတော့ ဆေးရွက်ကြီးတွေ စမ်းသပ်ပြီး စိုက်ပျိုးလာကြတယ်။ အခြေအနေကတော့ မသိသေးဘူးပေါ့နော်။ အခ

အဆက် စာမျက်နှာ (၁၆) သို့

ကြံများ ရနိုင်ပြီ

– ကြံဆိုင် ဖွင့်ချင်လား
– ဆင်စာ ကျွေးချင်လား
– အချောင်းအရေအတွက် လိုက်ဝယ်ချင်လား
– အပြတ်လိုက် ဝယ်ချင်လား

ကြံများ ရောင်းချပေးနေပါသည်။

ဆက်သွယ်ရန် ....
– ၀၉ ၇၇၆ ၅၂၉ ၈၈၃

# ဖရူဆိုမြို့နယ် စိုက်ပျိုးရေးအခြေအနေတွေကို တောင်သူတွေဆီ မေးမြန်းချက်တွေကို ကောက်နုတ်တင်ပြပေးလိုက်ပါတယ် .... မှ

တော့ အဆင်ပြေတယ်လို့ ပြောကြတယ်။

**တောင်သူတွေနဲ့ စိုက်ပျိုးရေးဌာနပိုင်းက လူတွေနဲ့ ချိတ်ဆက်မှု အားကောင်းမှုရှိရဲ့လား၊ ဘယ်လိုမြင်လဲ ဆရာ။**

လက်ရှိ တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးဌာနနဲ့ ချိတ်ဆက်မှုအားက မရှိဘူးလို့ ကျနော် မြင်တယ်။ ဥပမာ စပါးပဲ ဖြစ်ဖြစ်၊ ပြောင်းဖူးပဲ ဖြစ်ဖြစ် မြေသြဇာ အသုံးပြုနေရာ နည်းလမ်းမှန်လား မမှန်ဘူးလားဆိုလည်း စိုက်ပျိုးရေးဌာနလည်း လမ်းညွှန်ချက် သို့မဟုတ် နည်းပညာအပိုင်းမှာလည်း အသိပညာပေးဖို့လည်း လိုအပ်မယ်လို့လည်း ကျနော်မြင်တယ်ပေ့ါ။ နောက်ပြီးတော့ ပိုးကျတဲ့ အချိန်မှာ ပိုးသတ်ဆေးသုံးတဲ့နေရာမှာ နည်းစနစ်မမှန်ရင်လည်း၊ ပိုးသတ်ရင်လည်း လာပြီးတော့ ပြန်လာပြီး သိသလောက်တတ်သလောက် သူတို့သုံးကြတယ်။ ဆေးအပေါ်မှာ ဘယ်လို အချိုးအစားတွေ သုံးရမလဲဆိုတာလဲ သူတို့က တိတိကျကျ သူတို့ မသိဘူး။ ဘယ်သူ့မှသူတို့ ပြောပြတာ မရှိဘူး။ ဆေးထုပ်ပေါ်မှာပဲ ပါလာတဲ့ အညွှန်းနဲ့ပဲ သူတို့ လုပ်သွားတယ်ပေါ့။

**စိုက်ပျိုးရေးဌာနပိုင်းကို တောင်သူတွေနဲ့ ပူးပေါင်းဆောင်ရွက်အောင် ဘယ်လိုများ အကြံပြုချင်ပါသလဲ ဆရာ။**

အစိုးရ ဌာန ဖြစ်တဲ့ စိုက်ပျိုးရေးဌာနကို အသိပညာပဲ ဖြစ်ဖြစ်၊ ဟောပြောပွဲပဲ ဖြစ်ဖြစ် ရွာတိုင်းလိုလို သွားလုပ်ပေးနိုင်ရင်တော့ လိုအပ်တယ်ပေ့ါ။ မလုပ်ဆောင်နိုင်ဘူးဆိုလည်း NGOs, CSOsတွေနဲ့ ပူးပေါင်းပြီးတော့မှ တစ်ဖက်တစ်စွမ်မှာလည်း စိုးရိမ်စရာ ဖြစ်တယ်ပေ့ါနော်။

**အစိုးရဘက်ပိုင်းကိုရော ဘာတွေ အကြံပြုပေးချင်ပါသလဲ ဆရာ။**

ကျနော်ပြောချင်တာက တောင်သူဖက်ကရော၊ အစိုးရဖက်ရောပေ့ါ။ တောင်သူကတွေလည်း အစိုးရဖက်ကနေ ထားထားပေးတဲ့ စိုက်ပျိုးရေးဌာနကို အားကိုးလို့ရတဲ့ ဌာနတစ်ခုဖြစ်တယ်ဆိုတာ သိဖို့လည်း လိုတယ်ပေ့ါ။ တောင်သူတွေ လိုအပ်တဲ့ နည်းပညာ၊ အသိပညာစတဲ့ အကြံအဉာဏ်တွေကို သွားပြီးမေးမြန်း အကူအညီ တောင်းနိုင်တယ်လို့ ကျနော် တိုက်တွန်းချင်တာပေ့ါနော်။ စိုက်ပျိုးရေးဌာနကလည်း တောင်သူတွေအတွက် စိုက်ပျိုးရေးနည်းပညာ ပိုမိုရရှိလာနိုင်ရန်နှင့် ပိုမို ဖြစ်ထွန်းအောင်မြင်နိုင်တဲ့ အနေ



ထိရောက်မှု မရှိဘူးပေ့ါနော်။ ပြီးတော့ နည်းလမ်းမသုံးတတ်ရင်လည်း အန္တရာယ်များတယ်ပေ့ါ။ ဒီနေရာမှာတော့ အစိုးရဌာနတစ်ခုဖြစ်တဲ့ စိုက်ပျိုးရေးဌာနလည်း တာဝန်ရှိတယ်လို့ ကျနော် မြင်တယ်ပေ့ါ။ တောင်သူတွေလည်း စိုက်ပျိုးရေးဌာနကိုလည်း ချိတ်ဆက်ပြီးတော့မှ ဒီလိုကိစ္စမျိုး ဖြစ်လာပြီဆိုရင်၊ စိုက်ပျိုးရေးဌာနကို နည်းစနစ် နည်းပညာပိုင်း တောင်းဆိုဖို့လည်း လိုတယ်ပေ့ါနော်။ လက်ရှိမှာက မြေသြဇာပဲ ပြောပြော၊ ပိုးသတ်ဆေးပဲ ပြောပြော၊ ပေါင်းသတ်ဆေးပဲပြောပြော၊တောင်သူတွေက သူတို့နည်းနဲ့ သူတို့ဆိုင်ထဲ သွားဝယ်

လမ်းအနေနဲ့ ပူးပေါင်းလို့ရတယ်ပေ့ါ။ NGOs, CSOs, INGOs သူတို့ လုပ်သွားတဲ့ စီမံကိန်း၊ လှုပ်ရှားမှုများတွေ လုပ်သွားနိုင်တယ်ပေ့ါ။ စိုက်ပျိုးရေးနဲ့ ပတ်သက်တဲ့ နည်းပညာ၊ အသိပညာ အားနည်းတယ်လို့ ကျနော် မြင်တယ်ပေ့ါနော်။ စိုက်တာစိုက်၊ ပြီးတော့ ရင်းနှီးတာလည်း ရင်းနှီးတာပဲ အမြတ် အရင်းပြန်မရတာလည်း အများကြီးရှိတာပေ့ါနော်။ စိုက်ပျိုးရေး နည်းပညာ၊ သုံးပြုနေတဲ့ မြေသြဇာ၊ ပိုးသတ်ဆေးတွေလည်း လူတွေအတွက် အန္တရာယ်ဖြစ်တယ် မဖြစ်ဘူးဆိုတာလည်း တောင်သူကလည်း မသိဘူးပေ့ါနော်။ ဒီကို

အထားဖြစ်တဲ့ စိုက်ပျိုးရေးဌာနဘက်ကလည်း အားစိုက်သင့်တယ်လို့ ကျနော် မြင်တယ်။

နောက်ပြီးတော့ ပြည်ထောင်စု အစိုးရကော၊ ပြည်နယ်အစိုးရ စိုက်ပျိုးရေးကဏ္ဍကိုလည်း မြှင့်တင်တဲ့အပိုင်းမှာလည်း ပိုပြီး ဦးစားပေးသင့်လို့ ကျနော် အနေနဲ့ အကြံပြုလိုပါတယ်။ စိုက်ပျိုးရေးကဏ္ဍကို လည်း မြှင့်တင်တဲ့ နေရာမှာလည်း ဘတ်ဂျက်ပဲဖြစ်ဖြစ်ပေ့ါ စိုက်ပျိုးရေးအတွက် တစ်နေ့တစ်နေ့ ဘတ်ဂျက်ရတဲ့နေရာ ပိုပြီးတိုးပေးသင့်တယ်၊ ရထားသင့်လို့ ကျနော်အနေနဲ့ အစိုးရကို အကြံပြုလိုတာပေ့ါနော်။

# လွိုင်ကော်တက္ကသိုလ်သည် ကုန်ကျစရိတ်ပိုနည်းသည့်အတွက် ရှမ်း/တောင်ကျောင်းသားများပါ ရွေးချယ်တက်ရောက်ကြ

**မူရျာမီလိုင်**




ရှမ်း/တောင် ဖယ်ခုံဒေသနှင့် ပင်လောင်းဒေသတို့ရှိ ကျောင်းသူကျောင်းသားများသည် တောင်ကြီးတက္ကသိုလ်ထက် လွိုင်ကော်တက္ကသိုလ်သည် ကုန်ကျစရိတ်သက်သာသဖြင့် လွိုင်ကော်သို့လာရောက်ကျောင်းတက်ကြသူများပြားနေကြောင်း သိရသည်။

"တောင်ကြီးက ကျူရှင်ခက လွိုင်ကော်ထက်ဈေးပိုများတာပေါ့။ အဆောင်တွေ တော့ရှိတယ် ဒါပေမဲ့ လူတွေကအရမ်းကြပ်တယ် " ဟု တောင်ကြီးတက္ကသိုလ်တွင် တတိယနှစ် တက်နေသော ကျောင်းသားတစ်ဦးက ဆိုသည်။

ဖယ်ခုံဒေသရှိ ကျောင်းသားအချို့မှာ လွိုင်ကော်မြို့သည် ၎င်းတို့သွားရေးလာရေး အတွက် ပိုအဆင်ပြေကြောင်းနှင့် စရိတ်ကြောင့် တက် ဖြစ်သွားကြောင်း ဆိုကြသည်။

"ရှမ်းပြည်မှာအောင်တယ်ဆိုပေမဲ့ ကယားပြည်နယ်က ကိုယ်တွေနဲ့နီးတယ် ပိုပြီးအဆင်ပြေတယ် တောင်ကြီးက အရမ်းဝေးတယ်လေ" ဟု ဖယ်ခုံမြို့နယ်မှာနေပြီး လွိုင်ကော်တက္ကသိုလ် သို့ နောက်ဆုံးနှစ်တက်နေသော မကယ်ရီလှိုင်းက ပြောသည်။

လွိုင်ကော်တက္ကသိုလ်သည် ၎င်းတို့၏ ဒေသနှင့် ပိုနီးသောကြောင့်နှင့် ကျူရှင်ခ အဆောင်ခနှင့် ခရီးသွားလာရေးကုန်ကျစရိတ်များလည်းပိုသက်သာ သောကြောင့် ၎င်းက ဆိုသည်။

တက္ကသိုလ်တက်ရန် သက်ဆိုင်ရာတက္ကသိုလ်ကျောင်းများသို့ သွားရောက် လျှောက်ထားရာတွင်လည်း ဆရာ/မများက လွိုင်ကော်တွင်သာ တက်ရောက်ရန် တိုက်တွန်းခဲ့ကြသည်ဟု ကျောင်းသားများက ဆိုသည်။

လွိုင်ကော်တက္ကသိုလ်သည် အခြားနီးစပ်သည့် တက္ကသိုလ်ထက် အောင်ချက်ကောင်းကြောင်းနှင့် ၎င်းတို့မိသားစုနှင့် ပို၍နီးနီးကပ်ကပ်နေနိုင်သည့်အတွက်ကြောင့် ရွေးချယ်ခဲ့ကြသည်။

လွိုင်ကော်မြို့နှင့် ၎င်းတို့၏ရွာသည် နီးသောကြောင့် အရေးကြီးကိစ္စများ ဖြစ်ပေါ်ပါကလည်း သွားလာရန်ပိုမြန်သည်ကိုလည်း ကျောင်းသားတစ်ဦးက ဆိုသည်။

"လမ်းပန်းဆက်သွယ်ရေးလည်းကောင်းတယ် ရွာနဲ့နီးတော့ အိမ်ရဲ့ကိစ္စတွေလည်းဆောင်ရွက်နိုင်တာပေါ့ တောင်ကြီးသွားရင် အမြန်ဆုံး ၃ နာရီလေ ဒီမှာဆိုရင် နာရီဝက်လောက်ဘဲပေါ့နော် " ဟု ၎င်းက ဆိုသည်။

# ရှားတောတွင် ကြွက်များတောင်ယာသီးနှံများ ထပ်မံဖျက်ဆီး

**ခူးဘဲရယ်**

ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာအုပ်စုများရှိ စိုက်ခင်းများတွင် ကြွက်များ ထပ်မံဝင်ရောက်ဖျက်ဆီးခဲ့ပြီး နောက်နှစ်စပါးမျိုးစေ့များပြန်ရနိုင်ရန် အခက်အခဲရှိနိုင်ကြောင်း သိရသည်။

" ဟိုးအရင်နှစ်တွေလဲ ကြုံခဲ့ရဖူးတယ်ဒါပေမဲ့ ဒီနှစ်က အဆိုးဆုံးပဲ ခုမှ စပါး စသီးတုန်းရှိသေးတယ် ကြွက်တွေ ဖျက်လိုက်လို့ ဘာမှ မကျန်တော့ဘူး။ နောက်နှစ်စပါးမျိုးတောင် ကျန်ပါဦးမလားမသိဘူး " ဟု ဒေါမူလဲကျေးရွာနေ ဦးထယ်ရယ်မှ ပြောသွားပါသည်။

ရှားတောမြို့နယ် မြောက်ပိုင်းကျေးရွာအုပ်စုများသည် အသက်မွေးဝမ်းကျောင်းအဖြစ် တောင်ယာစပါးစိုက်ပျိုးခြင်းကိုသာ လုပ်ဆောင်နေကြသည်။ တောင်သူများက ကြွက်သတ်ဆေးအမျိုးမျိုးသုံးသော်လည်း ထိရောက်မှုမရှိကြောင်း သိရသည်။

"ကြွက်သတ်ဆေးလဲ သုံးတယ် ဆေးလဲဖျန်းတယ် ဒါပေမဲ့ ခွေးတွေသွားစားမိလို့ ခွေးပဲသေတယ် ကြွက်အတွက်ထိ ရောက်မှုမရှိဘူး"ဟု ဦးထယ်ရယ်မှ ဆက်လက်ပြောသွားပါသည်။

"ကျမတို့က ဒီကစပါး ဒီကဆန်တွေပဲ စားနေကြဆိုတော့ တခြားဆန်တွေ မစားတတ်ကြဘူး စားရင်လဲဗိုက်မပြည့်သလိုခံစားရတယ် ဒါပေမဲ့ ဒီနှစ်တော့မဖြစ်မနေဝယ်စားရတော့မယ်"ဟု ဒေါတနောကျေးရွာနေ ဒေါ်ဆော်မယ်မှ ပြောသွားပါသည်။ ယခင် ၂၀၁၄ခုနှစ်တွင် ကြွက်များဖျက်ဆီးမှုကြောင့် လွှတ်တော်ကိုယ်စားလှယ်မှ ကြွက်သတ်ဆေးများကို ဒေသခံတောင်သူများကို သွားရောက်ပေးအပ်ခဲ့သေးသည်။ ထို့အပြင် ကြွက်ဖျက်ဆီးမှုကြောင့် ချေးငွေများပြန်မဆပ်နိုင်သည့် တောင်သူများကို ချေးငွေများလျော်ပေးခြင်းများလည်း ရှိခဲ့သည်။



ကြွက်ဖျက်ဆီးသည့် ကျေးရွာများမှာ နန်းအွမ်ကျေးရွာ၊ ဒေါဝယ်ရောကျေးရွာ၊ ဒေါမူလဲကျေးရွာ၊ ဒေါတနောကျေးရွာနှင့် ဒေါနော်ကလုကျေးရွာ စသည့် တောင်ပေါ်ကျေးရွာများတွင် စပါးဖျက်ကြွက်များ ဖျက်ဆီးခြင်းကြောင့် စပါးစိုက်တောင်သူများ အခက်အခဲနှင့်ကြုံတွေ့နေရကြောင်း သိရှိရသည်။

၎င်းကျေးရွာများတွင် ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ် ၂၀၁၆ ခုနှစ်တွင်တစ်ကြိမ် ကြွက်ဖျက်ဆီးမှုများကြုံတွေ့ခဲ့ရပြီး ယခု ၂၀၁၈ ခုနှစ်ကြွက်ဖျက်ဆီးမှုသည် ပျက်စီးမှုအများဆုံးနှင့် အကြီးမားဆုံးဖျက်ဆီးမှု ဖြစ်ကြောင်း သိရပါသည်

# ဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်သာ တည်ဆောက်နိုင်မည့် ဖယ်ဒရယ် ဒီမိုကရေစီစနစ်

**ကျော်စိုးသူ**
Economics Development

မြန်မာနိုင်ငံသား၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ဦးသန့် ပြောခဲ့သော တိုင်းပြည်အုပ်ချုပ်သော စနစ်များထဲတွင် ဒီမိုကရေစီစနစ်သည် လွန်စွာခက်ခဲပေသည်။ ဒီမိုကရေစီစနစ်အောင်မြင်ရန် ပြည်သူတို့၏ အသိဉာဏ်၊ ဆင်ခြင်တုံတရား များစွာလိုအပ်မည်ဟူသော အဆိုအမိန့်ကို အမြဲတမ်းသတိရမိပေသည်။ သို့မဟုတ်ပါက ဗရုတ်သုတ်ခကိုသာ ဖြစ်စေလိမ့်မည်ဟူသော ပြောကြားချက်ကို ထပ်မံဆင်ခြင်မိပေသည်။

လက်ရှိမြန်မာပြည်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ဦးတည်နေတာကို တွေ့ရပေသည်။ နိုင်ငံရေးပါတီများမှ ရွေးကောက်ခံကိုယ်စားလှယ်များဖြင့် လွှတ်တော်အသီးသီးကို ဖွဲ့စည်းကာ ထိုလွှတ်တော်များမှတစ်ဆင့် ဖွဲ့စည်းသော အစိုးရအသီးသီးဖြင့် အုပ်ချုပ်ရေးအာဏာကို ကျင့်သုံးကာ နိုင်ငံတော်နှင့် ပြည်သူအကျိုးကို ဆောင်ရွက်ကြခြင်း ဖြစ်ပေသည်။

ရွေးကောက်ခံအစိုးရများဖြစ်သည်နှင့်အညီ နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးကို ဆောင်ရွက်ရာတွင် လွန်စွာသတိထားရ ပေလိမ့်မည်။ အသွင်ကူးပြောင်းစ နိုင်ငံရေးနှင့်ပတ်သက်သော အတွေ့အကြုံများက မိမိတို့အတွက် သင်ခန်းစာယူဖွယ်ပင် ဖြစ်ပေသည်။ ကမ္ဘာပေါ်တွင် အာဏာရှင်စနစ်မှ ဒီမိုကရေစီစနစ်သို့ ပြောင်းလဲခဲ့သော




နိုင်ငံများတွင် မဲအပြတ်အသတ်ဖြင့် နိုင်ခဲ့သော ပြည်သူ့ပါတီများသည် နောက်ရွေးကောက်ပွဲတွင် အကြီးအကျယ်ရှုံးနိမ့်သွားရသည့် သင်ခန်းစာများ စွာရှိပေသည်။

အဘယ်ကြောင့် ဒီလိုဖြစ်ရသည်ကို သုံးသပ်ရလျှင် ပြည်သူ၏တစ်ခဲနက်ထောက်ခံမှုကြောင့် မဲဆန္ဒနယ်အများအပြားအနိုင်ရပြီး လွှတ်တော်ထဲတွင် လွှမ်းမိုးချုပ်ကိုင်ထားနိုင်သလို အစိုးရကိုလည်း တစ်ပါတီထဲကသာ ဖွဲ့နိုင်တာကို တွေ့ရပေသည်။ ထိုသို့ဖြစ်သောကြောင့် အစိုးရများ၏ လုပ်ဆောင်ချက်များအပေါ် အဓိက အပြန်အလှန်ထိန်းကျောင်းမည့် လွှတ်တော်များ၏ စွမ်းဆောင်ရည်က အကန့်အသတ်ဘောင်အတွင်း ကျရောက်ကာ အပြောင်းအလဲကို အားလျော့စေပေလိမ့်မည်။

ဒါ့အပြင် ပါတီတွင်း ဗဟိုချုပ်ကိုင်မှုကလည်း ဒေသလွှတ်တော်များနှင့် အစိုးရများ၏ လက်တွေ့ဆောင်ရွက်မှု အခြေအနေမှန်များအပေါ် ကောင်းစွာသိရှိနိုင်ခြင်း မရှိပဲ ဆုံးဖြတ်ချက် အလွဲများ ဖြစ်ပေါ်၍ သွားမည့်စနစ်နှင့် အံမဝင်သော အဖြစ်မျိုးကြုံတွေ့နိုင်ရပေသည်။ စနစ်ကဒီမိုကရေစီ ကိုသွားမည်ဆိုလျှင် ပါတီတွင်းတွင်လည်း ဒီမိုကရေစီအရင်တည်ဆောက်ဖို့ လိုပေလိမ့်မယ်။

အစိုးရပိုင်းအနေဖြင့်လည်း ဖယ်ဒရယ်ဒီမိုကရေစီစနစ်နှင့် ကိုက်ညီသော ဖွဲ့စည်းတည်ဆောက်အုပ်ချုပ်မှုပုံစံများ ပြုပြင်ပြောင်းလဲနိုင်ဖို့ လိုမှာသလို တစ်ဖက်တွင်လည်း ဗဟိုချုပ်ကိုင်မှုကို တဖြည်းဖြည်းလျှော့ချဖို့ ပြင်ဆင်ရပေလိမ့်မည်။ အဓိကအားဖြင့် ပြည်သူနှင့်အတူ သွားမည်ဆိုသော ဆောင်ပုဒ်နှင့်အညီ ပြည်သူကို ဖယ်ဒရယ်ဒီမိုကရေစီအမြင်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလာစေရန် အားထည့်လုပ်ဆောင် ရပေလိမ့် မယ်။

ကျောင်းသားလူငယ်များကို ဒီမိုကရေစီ စနစ်၊ ဖယ်ဒရယ်ဆိုင်ရာ အသိပညာဗဟုသုတများ ဖြန့်ဝေပေးခြင်း၊ ပြည်သူလူထုကို ဒီမိုကရေစီရေချိန်မြှင့်တင်ပေးခြင်းများကို အာဏာရအစိုးရများက လုပ်ဆောင်ရပေလိမ့်မည်။ ထိုမှသာ ပြည်သူလူထုက ဒီမိုကရေစီရေချိန်မြှင့်လာကာ စနစ်အပေါ် နားလည်သဘောပေါက်၍ အတူတကွ သွားနိုင်မည်ဖြစ်ပါသည်။ ထိုအရာကို ရွေးကောက်ခံအနိုင်ရကိုယ်စားလှယ်များကသာ လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။

အထူးသဖြင့် အာဏာကို လက်ဝယ်ရရှိထား သော အစိုးရများကသာ ပို၍လုပ်ဆောင်နိုင်မည်ဖြစ်ပေသည်။ စာသင်ကျောင်းများ၊ တက္ကသိုလ်များတွင် လွှတ်တော်နိုင်ငံရေး၊ ဖယ်ဒရယ်ဒီမိုကရေစီနှင့် အစိုးရအုပ်ချုပ်ရေးစနစ် အကြောင်းများကို ထည့်သွင်းစီစဉ်ပေးမှသာ မိမိတို့သွားလိုသောစနစ်ကို အတူတကွ ချီတက်သွားလာနိုင်မည်ဖြစ်သည်။

အာဏာနိုင်ငံရေးနှင့် ဘတ်ဂျက်အသုံးချရေးနိုင်ငံရေးမှာတင် လမ်းဆုံးမနေဘဲ အစိုးရကိုယ်တိုင်ကိုက မိမိတို့သွားမည့်စနစ်ကို အမှန်တကယ်လေးလေးနက်နက်နားလည် သဘောပေါက်အောင် လေ့လာကြဖို့လိုအပ်မှာ ဖြစ်ပါတယ်။

ဖယ်ဒရယ်ဒီမိုကရေစီ၏ အနှစ်သာရမှာ အာဏာများကို ခွဲဝေကျင့်သုံးအုပ်ချုပ်ခြင်းဖြစ်၍ ၄င်းတို့ဥပဒေ စည်းမျဉ်းစည်းကမ်းများနှင့် လွှတ်တော်များကသာ ထိန်းကျောင်းနိုင်ပေလိမ့်မည်။

စနစ်တိုင်းတွင် ကောင်းကျိုး၊ ဆိုးကျိုးရှိနေသည်ဖြစ်၍ ဖယ်ဒရယ်ဒီမိုကရေစီ၏ အားနည်းချက်ဖြစ်သော ဗဟိုချုပ်ကိုင်မှုကို လျှော့ချ၍ ဒေသများသို့ ပေးလိုက်သောအာဏာနှင့် လုပ်ပိုင်ခွင့်များကို ဥပဒေစည်းမျဉ်းစည်းကမ်းများဖြင့်သာ ထိန်းကြောင်းရပေလိမ့်မည်။ ဥပဒေစည်းမျဉ်းစည်းကမ်းများဆိုသည်မှာလည်း လူတွေကသာ ချမှတ်ထားသဖြင့် အားနည်းချက်တော့ ရှိမည်ဖြစ်သည်။ ထိုနေရာတွင် လွှတ်တော်များက ဝင်ရောက်ထိန်းကြောင်းရပေလိမ့်မည်ဖြစ်သည်။ တစ်ပါတီတည်း ကြီးစိုးသောလွှတ်တော်၊ အစိုးရများတွင်တော့ အပြန်အလှန်ထိန်းကြောင်းခြင်းဆိုသည်မှာ ပါတီစည်းကမ်းလောက်တောင် ကြောက်စရာ မလိုတော့သည့် အဖြစ်မျိုးကို တွေ့နိုင်ပေသည်။

အချုပ်အားဖြင့်ဆိုသော် ယနေ့ခေတ်လို အသွင်ကူးပြောင်းကာလတွင် လွှတ်တော်များ၏ အပြန်အလှန်ထိန်းကြောင်းမှု အားနည်းခြင်း၊ မီဒီယာလွှတ်လပ်ခွင့်နှင့် ပတ်သက်၍ စိုးရိမ် နေရခြင်း၊ အစိုးရများ၏ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းချိုးဖောက်ကျော်လွန် လုပ်ဆောင်မှုများကို မြင်တွေ့နေရသလို ပြည်သူတို့၏ ညည်းညူသံများကို ကြားနေရသည်မှာ ဒေါ်အောင်ဆန်းစုကြည် အလွန်အတွက်တင်သမက နိုင်ငံ၏ဒီမိုကရေစီ အပြောင်းအလဲ နောက်ပြန်မလှန်ရေးအတွက်ပါ လွန်စွာစိုးရိမ်မိပေသည်။ ထိုအချက်ကိုကျော်လွှန်သွားရန် ပါတီ၊ လွှတ်တော်၊ အစိုးရတို့ပူးပေါင်းကာ ပြည်သူ့အသံအစစ်အမှန်ကို နားထောင်၍ ဖြေရှင်းနိုင်မှသာ မြန်မာပြည်၏ ဖယ်ဒရယ် ဒီမိုကရေစီစနစ်အောင်မြင်နိုင်မည်ဖြစ်ကြောင်း မီးမောင်းထိုးရေးသား တင်ပြလိုက်ရသည်။

တိုက်ရိုက် အကြံပြုလိုပါက
ရုံးဖုန်း – ၀၈၃၄၀၃၄၁


၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလတွင် စတင်ဖြန့်ချိသည်။

# စစ်မှန်သောဖက်ဒရယ်စနစ် ပေါ်ပေါက်လာဖို့ ဘယ်သူ့မှာ တာဝန်ရှိလဲ

**ဘိုထီး[ ငွေတောင်ပြည်]**

ဖက်ဒရယ်စနစ်ဆိုတဲ့ စကားလုံးရဲ့ စကားအနက်အဓိပ္ပာယ်ကို လိုရင်းတိုရှင်းပြောမယ်ဆိုရင် ပြည်နယ်ဒေသရဲ့ အခွင့်အရေးလို့ ပြောဆိုရမှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့ တိုင်းရင်းသား လူမျိုးစုတွေ အများဆုံး ရင်ဆိုင်ကြုံတွေ့ရတဲ့ ပြဿနာဟာ ပြည်နယ်ဒေသအခွင့်အရေးဆုံးရှုံးတဲ့ ပြဿနာပဲ ဖြစ်ပါတယ်။ ပြည်နယ်ဒေသ အခွင့်အရေး ဆုံးရှုံးတဲ့ ပြဿနာကို ဖြေရှင်းဖို့ အရေးကြီးဆုံးနဲ့ အကောင်းဆုံး နည်းလမ်းကတော့ ပြည်နယ်မှာရှိတဲ့ ဒေသခံအဖွဲ့အစည်းများ လူမျိုးစုများက ကိုယ့်ပြည်နယ်ကို ကိုယ်စားပြုနိုင်အောင် ကြိုးစားတဲ့နည်းလမ်းပဲ ဖြစ်ပါတယ်။

ဒေသခံပြည်နယ် အစိုးရအောက်မှာ နေတာ ထက် ပြည်ထောင်စု အစိုးရအောက်မှာ နေတာ ပိုကောင်းပါတယ်ဆိုတဲ့ ပြည်သူကြားက ပြည်သူ့ စကားသံတစ်ချို့ဟာ တစ်ဦးတစ်ယောက်ရဲ့အ ကျိုးကို ရည်ရွယ်ပြီး ပြောဆိုတဲ့ စကားသံသာ ဖြစ်ပါတယ်။ ပြည်နယ်ကို ကိုယ်စားပြုတဲ့ စကားသံ မဟုတ်ပါဘူး။

၂၀၁၅ အထွေထွေရွေးကောက်ပွဲဟာ ပြည်နယ်ဒေသကို ကိုယ်စားမပြုဘဲ အဖွဲ့အစည်းတစ်ခုကိုသာ ကိုယ်စားပြုတဲ့ ရွေးကောက်ပွဲပဲ ဖြစ်ပါတယ်။ ပြည်နယ်ဒေသကို ကိုယ်စားမပြုဘဲ အဖွဲ့အစည်းတစ်ခုကိုသာ ကိုယ်စားပြုတဲ့ ဘယ်ရွေးကောက်ပွဲမဆို စစ်မှန်တဲ့ ဖက်ဒရယ်စနစ် တစ်ခုကို ဘယ်သောအခါမှ တည်ဆောက်နိုင်မှာ မဟုတ်ပါဘူး။ ဖက်ဒရယ်စနစ်ကို ကျင့်သုံးတဲ့ ဘယ်နိုင်ငံမှာ မဆို ပြည်နယ်အစိုးရနှင့် ဗဟိုအစိုးရကို ညီတူညီမျှ အာဏာခွဲဝေ ကျင့်သုံးခဲ့ကြပါတယ်။

မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီစနစ်ဟာ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ဒီမိုကရေစီစနစ် မဟုတ်ပါဘူး။ ဘာကြောင့်လည်းဆိုရင် ပြည်နယ်အစိုးရမှာ အာဏာမရှိဘဲ ဗဟိုအစိုးရမှာဘဲ အာဏာရှိနေလို့ပဲ ဖြစ်ပါတယ်။ ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရကြား အာဏာခွဲဝေဖို့ဆိုရင် ဗဟိုအစိုးရမှာပဲ တာဝန်ရှိတာ မဟုတ်ပါဘူး။ ပြည်နယ်ဒေသခံတိုင်းရင်းသားများမှာလည်း များစွာ တာဝန်ရှိပါတယ်။ အချင်းချင်းအကြား စည်းလုံးညီညွတ်မှုကို တည်ဆောက်ပြီး ကိုယ့်ပြည်နယ်ကို ကိုယ်စားမပြုနိုင်သရွေ့ အာဏာဟာ ဗဟိုအစိုးရမှာပဲ ဆက်လက်ရှိနေအုန်းမှာ ဖြစ်ပါတယ်။ လက်ရှိအရပ်သားအစိုးရလက်ထဲမှာ ပြည်နယ်အစိုးရ ပေါ်ပေါက်လာပေမဲ့ ပြည်နယ်ဒေသကို ကိုယ်စားမပြုနိုင်ပဲ အဖွဲ့အစည်းကိုသာ ကိုယ်စားပြုနိုင်တဲ့ အစိုးရပဲ ဖြစ်ပါတယ်။

ပြည်နယ်အစိုးရက ပြည်နယ်ဒေသကို ကိုယ်စားမပြုနိုင်တာကြောင့် မြန်မာ့ငြိမ်းချမ်းရေး အခန်းကဏ္ဍမှာ ပြည်နယ်အစိုးရရဲ့ အခန်းကဏ္ဍ ပါဝင်ခွင့်မရှိတာ ဖြစ်ပါတယ်။ ပြည်နယ်အစိုးရက ပြည်နယ်ဒေသကို ကိုယ်စားမပြုနိုင်သမျှ ကာလပတ်လုံး မြန်မာ့ငြိမ်းချမ်းရေးခရီးဟာ မသေချာမရေရာတဲ့ အခြေအနေမှာ ဆက်လက်ရှိနေအုန်းမှာ ဖြစ်ပါတယ်။



Photo - internet

၂၃.၈.၂၀၁၈ ရက်နေ့မှာ အမျိုးသားလွှတ်တော်နှစ်ဦး ပါတီကနေ နုတ်ထွက်ကြောင်းကြား သိရပါတယ်။ ပါတီနုတ်ထွက်ရခြင်း၏ အဓိက အကြောင်းအရင်းကတော့ ပါတီထက် မဲဆန္ဒနယ်မြေကို ကိုယ်စားပြုနိုင်ဖို့ပဲ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်အားလုံးက ကိုယ့်ရဲ့ မဲဆန္ဒမြေကို အမှန်တကယ်ကိုယ်စားပြုနိုင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီ ဖော်ဆောင်နိုင်မှာ ဖြစ်သလို ပြည်နယ်အစိုးရများဟာ ကိုယ့်ရဲ့ပြည်နယ်ဒေသကို အမှန်တကယ်ကိုယ်စားပြုနိုင်မှသာ စစ်မှန်တဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်နိုင်မှာ ဖြစ်ပါတယ်။


အင်အားကြီးနိုင်ငံများမှာ ကျင်းပတဲ့ ရွေးကောက်ပွဲဟာ ပြည်နယ်ဒေသအခွင်းအရေး အတွက် ရည်ရွယ်ပြီး ကျင်းပတဲ့ရွေးကောက်ပွဲ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ကျင်းပတဲ့ရွေးကောက်ပွဲဟာ အဖွဲ့အစည်း၏ အခွင့်အရေး အဖွဲ့အစည်းခေါင်းဆောင်ရဲ့ အခွင့်အရေးကို အဓိက ရည်ရွယ်ပြီး ကျင်းပပြုလုပ်တာကြောင်း ရွေးကောက်ပွဲ ကျင်းပပြုလုပ်တဲ့ အခါတိုင်း ပြဿနာအမျိုးမျိုး ပေါ်ထွက်လာတာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများအနေနဲ့ ကိုယ့်ရဲ့ ပြည်နယ်ဒေသအကျိုးထက် ကိုယ့်ရဲ့အဖွဲ့အစည်းအကျိုးကိုသာ ဦးစားပေးပြီး မဲထည့်မယ်ဆိုရင် တရားမျှတဲ့ ရွေးကောက်ပွဲတစ်ခု ဘယ်သောအခါမှ ရရှိမှာ မဟုတ်ပါဘူး။ ပြည်နယ်ဒေသတစ်ခု ပေါ်ပေါက်လာဖို့ဆိုရင် လူတစ်ဦးတစ်ယောက် လူမျိုးတစ်စုနဲ့သာ ဖြစ်ပေါ်လာနိုင်တာ မဟုတ်ပါဘူး။ လူမျိုးစု တစ်ခုနဲ့တစ်ခု တစ်စုတစ်စည်းတည်း အတူယှဉ်တွဲနေထိုင်ရာကနေ ပြည်နယ်ဒေသ ဖြစ်ပေါ်လာရတာပါ။ ဒါကြောင့် ပြည်နယ်ဒေသမှာ နေထိုင်တဲ့ တိုင်းရင်းသားအားလုံး အခွင့်အရေးရရှိဖို့ဆိုရင် ပြည်နယ်တစ်ခုလုံးကို ကိုယ်စားပြုတဲ့ တောင်းဆိုမှုနဲ့သာ အခွင့်အရေးကို တောင်းခံရမှာ ဖြစ်ပါတယ်။

ပြည်နယ်ဒေသကို ကိုယ်စားမပြုဘဲ ရွေးကောက်ပွဲမှာ အနိုင်ရတာဟာ စစ်မှန်တဲ့ အခွင့်အရေးတစ်ခုလို့ ပြောဆို၍ မရသလို ပြည်နယ်ဒေသကို ကိုယ်စားပြုပါလျှက်နဲ့ ရွေးကောက်ပွဲမှာ ရှုံးနိမ့်သွားတာဟာ အခွင့်အရေးတစ်ခု ဆုံးရှုံးသွားတယ်လို့ ပြောဆိုလို့ မရပါဘူး။ ဘာကြောင့်လည်းဆိုရင် ရွေးကောက်ပွဲ အနိုင်အရှုံးဟာ ပြည်သူရဲ့ အနာဂတ်အတွက် မျှော်လင့်ချက်မဟုတ်သလို ကိုယ်စားပြုမှုဟာ ပြည်နယ်ရဲ့ အနာဂတ်အတွက် မရှိမဖြစ် လိုအပ်တာကြောင့် ဖြစ်ပါတယ်။

ကိုယ်စားပြုမှုနှင့် ပတ်သက်ပြီး သက်သေသာဓကတစ်ခုကို တင်ပြချင်ပါတယ်။ ၁၉၄၅ ခုနှစ် မေလ(၁၆)နေ့မှာ ဗြိတိသျှဗိုလ်ချုပ်ကြီး ဆာဝီလျံဆလင်း နှင့် ဗိုလ်ချုပ်အောင်ဆန်းတို့ မိတ္တီလာမှာ တွေ့ဆုံကြတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းက “ စစ်မြေပြင်မှာရှိတဲ့ ဗမာ့မျိုးချစ်တပ်မတော်ကို လစာနှင့် ရိက္ခာထောက်ပံ့ပေးနိုင်မလား” လို့ မေးလာတဲ့အခါ ဗြိတိသျှဗိုလ်ချုပ်က “ ဗိုလ်ချုပ်အောင်ဆန်းနှင့် တပ်မတော်သည် မိမိ၏အမိန့်ကို လက်ခံမည်ဆိုပါက လစာကို သော်လည်းကောင်း၊

အဆက် စာ – ၂၈ သို့



# အလုပ်ပါးခြင်းကြောင့် စားဝတ်နေရေးအတွက် ဝဥ ရှာထွက်ကြ

**ဍူးစိုးရယ်ဦး**

ယခုလများအတွင်း ဖရူဆိုမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ အလုပ်ရှားပါးခြင်းကြောင့် တောင်ယာအလုပ်အစား တောတွင်းရှိ ဝဥများကို လိုက်လံရှာဖွေစုဆောင်းကာ ရောင်းချနေကြောင်း သိရသည်။

“ကျွန်တော်တို့ အလုပ်ပါးလို့ လိုက်ရှာတာပေါ့၊ နည်းနည်းပါးပါး ရရင်လည်း မဆိုးဘူးလေး၊ ဒါပေမယ့် သွားလိုက်ရှာတဲ့အခါဆို တော်တော် အခက်အခဲ ရှိတာပေါ့၊ တောင်ကြိုတောင်ကြားမှာ သွားရတာမျိုးလည်း ရှိပါတယ်” ဟု ကေးလျားကျေးရွာနေ ဦးကိုရယ်ကပြောပါသည်။

ယခုချိန်ခါတွင် ဒေသခံတောင်သူများ စိုက်ပျိုးပြီးချိန်ကာလဖြစ်၍ ၎င်းတို့ ထွေထွေထူးထူး လုပ်စရာအလုပ်မရှိဘဲ ယင်းစိုက်ပြီးပျိုးပြီးသော သီးနှံများကိုသာစောင့်ကြည့်ရ၍ အလုပ်ပါးသည်ဟု တောင်သူအချို့က ဆိုပါသည်။

ကုန်စည်ဒိုင်မှ မြေပဲ၊ နှမ်း၊ ပဲ၊ ဒညင်းသီးနှင့် အခြားတောထွက်ပစ္စည်းများကို ရာသီအလိုက် ဝယ်ယူကြသည်။ ယင်းကုန်များအပေါ် အခြေခံကာ တနေ့လျှင် နေ့စားခကျပ် တစ်သောင်းဝန်းကျင်ခန့် အမြတ်ရကြောင်း ကုန်စည်ဒိုင်များက ဆိုသည်။

“ခုလောလောဆယ်တော့ ကုန်သိပ်မရှိဘူးပေါ့၊ ရာသီအလိုက်ထွက်တော့ ကြံုရာဝယ်ရတာပေါ့၊ ဈေးပါးလိုက်တဲ့အချိန်ဆို အခက်တွေ့တယ်၊ ကားခလေး ပြန်နုတ်လိုက်ရင်တော့ နေ့စားခလောက်ပဲ ရတာပေါ့” ဟု လွိုင်ကော် ရွာတန်းရှည်ကျေးရွာနေ ဒေါ်နန်းအောင်က ပြောပါသည်။

အဆိုပါ ဝဥများကို နှစ်မျိုးခွဲ၍ ဝယ်ယူကြသည်။ အစိုနှင့် အခြောက်ဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး ဝဥအစိုတစ်ပိဿလျှင် ၁၀၀၀ ကျပ်ခန့် ဈေးပေါက်ပြီး အခြောက်တစ်ပိဿလျှင် ၆၀၀၀ ကျပ်အထိရှိကြောင်း သိရသည်။ ဒေသခံများ ရလာသောဝဥများကို ကုန်စည်ဒိုင်သို့ တိုက်ရိုက် ရောင်းချခြင်းများက ပိုများသည်ဟု သိရသည်။

ဝဥများကို ဒိုင်များကတစ်ဆင့် အချောပြန်သပ်ပြီးတစ်ဆင့် ပြန်ရောင်းကြကြောင်း သိရသည်။ ဝဥအစိုများကို ပါးပါးလှီးကာ အခြောက်လှမ်းကြပြီး တရုတ်နိုင်ငံသို့ တင်ပို့ကြကြောင်း သိရသည်။

ယခုလတွင် ဖရူဆိုမြို့နယ်အတွင်း ဒေသခံတောင်သူများ အလုပ်ရှားပါးနေ၍ တောင်ယာအလုပ်အစား ဝဥများကိုလိုက်လံရှာဖွေကြပြီး ရောင်းကြသည်။ ဝဥသည် ယခင်နှစ်ထက် ဈေးနှစ်ဆ ပိုမိုမြင့်တက်လာပြီး တစ်ပိဿလျှင် ၆၀၀၀ ကျပ် ရှိသည်ဟုသိရသည်။

# အမျိုးသား မြေအသုံးချမှုဆိုင်ရာ မူဝါဒဆွေးနွေးပွဲ လွိုင်ကော်တွင် ပြုလုပ်

**ဍူးစိုးရယ်ဦး**

ကယားပြည်နယ်တွင် အမျိုးသားမြေအသုံးချမှု မူဝါဒဆိုင်ရာနှင့် သိမ်းဆည်း မြေများဆိုင်ရာကိစ္စရပ်များ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ၂၀၁၈ အောက်တိုဘာ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည်။

ကယားပြည်နယ်အတွင်း သစ်တောကဏ္ဍမြှင့်တင်ရေး၊ သစ်တောများ ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် သစ်တောကဏ္ဍနှင့်သက်ဆိုင်သော အမျိုးသားမြေ အသုံးချမှု မူဝါဒဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲနှင့် ပြည်နယ်အတွင်း စွန့်လွှတ်နိုင်ခြင်းမရှိသော သိမ်းဆည်းမြေများနှင့် စပ်လျဉ်း၍ စိစစ်တင်ပြရာတွင် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည် စိစစ်ရေးဗဟို ကော်မတီ၏ ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးခဲ့သည်ဟု သိရသည်။

ဗဟိုသို့ တင်ပြနိုင်ရန် ယခင်လတွင် သိမ်းဆည်းထားပြီး လယ်ယာမြေများကို ပြန်လည်စွန့်လွှတ်နိုင်သည့်မြေနှင့် မစွန့်လွှတ်နိုင်သည့် မြေများကိုဖြေရှင်းရန်အတွက် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့တွင် အစိုးရအဖွဲ့နှင့် လွိုင်ကော်မြို့နယ် မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူတို့က ကွင်းဆင်းစစ်ဆေးခဲ့သည်ဟု သိရသည်။

“သိမ်းဆည်းတဲ့မြေက တရားမဝင်သိမ်းတာရှိသလို၊ တရားဝင်သိမ်းတာလည်းရှိတယ်၊ မြေများကို ပြန်မစွန့်လွှတ်နိုင်ဘူးဆိုရင် ပြည်သူနစ်နာခြင်းများအတွက် ပြန်ပေးသင့်ပါတယ်”ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်စည်သူက ပြောပါသည်။

ပြည်နယ်သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးမှ သစ်တောကဏ္ဍနှင့်ပတ်သက်၍ သစ်တောများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားမြေအသုံးချမှု မူဝါဒများ၊ သစ်တောထိန်းသိမ်းရေး လုပ်ငန်းစဉ်များ၊ သစ်တော စိုက်ခင်းများ တိုးချဲ့စိုက်ပျိုးခြင်း လုပ်ငန်းစဉ်များ၊ နိုင်ငံပိုင်စီးပွားဖြစ်ကျွန်း /သစ်မာစိုက်ခင်းများ စိုက်ပျိုးမှုအခြေအနေများ၊ ပုဂ္ဂလိကပိုင်ထင်းစိုက် ခင်းများ တည်ထောင်စိုက်ပျိုးရေး ဆောင်ရွက်မှု အခြေအနေများ၊ ရှေ့ဆက် လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ဆွေးနွေးခဲ့သည်ဟု သိရသည်။

အဆိုပါ သစ်တောကဏ္ဍနှင့် သိမ်းဆည်းမြေများကိစ္စ ဆောင်ရွက်မှု အခြေအနေများ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်မှ လမ်းညွှန်မှာ

*အဆက် စာ – ၂၂ သို့*

**သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊**

**ကာတွန်းများ ဗေဒင်များ ပေးပို့လိုပါက ---**

**ဆက်သွယ်ရန်၊ ဖုန်း – ၀၈၃၄၀၁၃၁**

**အီးမေး(လ်) - kantarawaddytimes@gmail.com**



*၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။*


# ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး လူထုအသိပညာပေးမှုအားနည်း

**ကန္တာရဝတီတိုင်း(မ်)**

ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး သက်ဆိုင်ရာများမှ လူထုအသိပညာပေးမှုအားနည်းနေသည်ကို Karenni state Situation Update Group (KSSUG) ၏ ကရင်နီဒေသတွင်းရှိ ပြည်သူလူထု၏ ငြိမ်းချမ်းရေး ဖြစ်စဉ်အပေါ် ရှုမြင်ချက်နှင့် လေ့လာတွေ့ရှိချက်များ သုတေသနအစီရင်ခံစာမှ စစ်တမ်းကောက်ယူထားချက်များအရ သိရပါသည်။

အသိပညာပေး ဆောင်ရွက်ပေးနေမှုများလည်း အားနည်းနေသည်ကို အောက်ပါစစ်တမ်းအရလည်း တွေ့မြင်နိုင်ပါသည်။

လက်ရှိပြည်နယ်အစိုးရ၏ဦးဆောင်လမ်းညွှန်မှုဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်သည့် သတင်းအချက်အလက်များဖြန့်ဝေမှု အကြောင်းအရာများကို လူထုမှသိရှိမှုအားမေးမြန်းခဲ့ရာတွင် ရရှိခဲ့ဖူးသည်ဟု ဖြေဆိုသူမှာ(၄၀%) ရှိပြီး မရရှိခဲ့ဖူးပါဟုဖြေဆိုသူမှာ(၆၀%) ရှိသည်ကို ကြည့်ခြင်းဖြင့် ပြည်နယ်အစိုးရ၏ လက်ရှိ ငြိမ်းချမ်းဖြစ်စဉ်အပေါ် ဦးဆောင်နေမှု၊ သတင်းဖြန့်ဝေမှု အခြေအနေကို လူထုမှသိရှိမှုမှာ များစွာအားနည်းနေသေးသည်ဟု ယူဆနိုင်သည်။





KSSUGအဖွဲ့မှ ကရင်နီပြည်နယ်အတွင်းရှိ ပြည်သူလူထု စုစုပေါင်း လူဦးရေ ၅၀၀ကို တွေ့ဆုံမေးမြန်းပြီး စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ် အသိပညာပေးလုပ်ငန်းများနှင့် ပတ်သတ်ပြီး စစ်တမ်းကောက်ယူရာတွင် အသိပညာပေးလုပ်ငန်းများကို CSOsမှ ဦးဆောင် မှုပြုနေသည်ကို သုံးသပ်တွေ့ရှိရပြီး များသော အားဖြင့် လူထုတွေ့ဆုံပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲ များ၊ အမြင်ဖွင့်သင်တန်းများ နှင့် သတင်းမီဒီယာ စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ပေးနေကြသည်။

ပြည်နယ်အစိုးရထံမှ ငြိမ်းချမ်းရေးဖြစ်စဉ်နှင့် ပတ်သက်ပြီး သတင်းအချက်အလက်ရရှိမှု အခြေ အနေနှင့် စပ်လျဉ်းပြီး အသိပညာပေး လုပ်ငန်း၊ ဆွေးနွေးပွဲများကို အနည်းငယ်မျှသာ ပြုလုပ်ပြီး ပြည်ထောင်စုအစိုးရမှ ထုတ်ပြန်သော သတင်းအချက်အလက်များအားတစ်ဆင့် ဖြန့်ဝေသည့် နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကပိုင် သတင်းဂျာနယ်များ၊ ဆိုရှယ်မီဒီယာများ နှင့် မီဒီယာများမှ တစ်ဆင့်သာ ဆောင်ရွက်ပေးနေမှုများကို တွေ့ရှိ ရသည်ဟု သုံးသပ်ထားပါသည်။

၁၉၄၈ ခုနှစ်၊ ဩဂုတ်လ (၉) ရက်နေ့မှ စတင်၍ ပေါ်ပေါက်လာခဲ့သော ကရင်နီပြည်လက်နက်ကိုင် ခုခံတော်လှန်ရေးမှ ယနေ့အချိန်အထိ ဆယ်စုနှစ်များအတွင်း ကရင်နီပြည်တွင်သက်ဆိုင်ရာဒေသ၊လူမျိုး၊ အယူဝါဒ များကွဲပြားလျှက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပေါ် ပေါက်လာခဲ့သည်။ အများ စုသောကရင်နီပြည်လူထုများအနေဖြင့် မိမိတို့ဒေသအတွင်း တည်ရှိသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမည်မျှရှိသည်၊ မည်သည့်ဒေသတွင် အခြေပြုလှုပ်ရှားသည်ကိုစစ်တမ်းကောက်ယူမှုအရ ဖြေဆိုသူ (၅၀၀)ဦးအနက်မှ တိကျစွာ သိရှိသူဦးရေမှာ (၂၁)ရာခိုင်နှုန်းသာ ရှိပါသည်။ အဆင့်ဆင့်ပြုလုပ်သော ပြည်နယ်အဆင့် အပစ်ရပ်သဘောတူညီချက်စာချုပ်ကို သိရှိသူမှာ (၃၆)ရာခိုင်နှုန်းသာရှိနေပြီးထိုထဲမှာမှ ပါဝင်သောအချက်အလက်များကို တိကျစွာသိရှိသူမှာ(၁၃)ရာခိုင်နှုန်းမျှသာရှိသည်ကို တွေ့ရှိရပါသည်။




ငြိမ်းချမ်းရေးဖြစ်စဉ်နှင့်ပတ်သက်ပြီး အသိပညာပေးလုပ်ငန်းများကို သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် လက်နက်ကိုင်အဖွဲ့အစည်းများမှ ပိုမိုလုပ်ဆောင်သင့်ကြောင်း ၊ ထိုသို့ လုပ်ဆောင်ရာတွင် လူထုများအတွက် သင့်လျော်မည့်နည်းလမ်းများ အသုံးပြုသင့်ကြောင်း ၊ အသိပညာပေးလုပ်ငန်းများကို လူမှုရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း အကြံပြုထားသည်ကို တွေ့ရပါသည်။

ငြိမ်းချမ်းရေးဖြစ်စဉ်တွေကို အချိန်နှင့်တပြေညီ လူထုများသိရှိနားလည်နိုင်မည့် နည်းလမ်းများကိုအသုံးပြုပြီး လူထုအားချပြသွားရန် ၊ လူထုများမှလည်း ငြိမ်းချမ်းရေးဖော်ဆောင်နေသည့် လုပ်ငန်းစဉ်ကို ပိုမိုစိတ်ဝင်စားစွာ လေ့လာရန် လိုအပ်လျက်ရှိသည်။

တိုက်ရိုက် အကြံပြုလိုပါက
ဖုန်း – ၀၈၃၄၀၁၃၄၁

# နိုင်ငံသား စိစစ်ရေးကဒ်ပြားတွင် ကယန်းလူမျိုးအမည်မှန် ပြောင်းလဲရန် အလိုရှိ

**ခွန်းကလိုင်းဖရီး**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ်တွင် နေထိုင်သည့် ကယန်းကျေးရွာ (၁၅) ရွာမှ ကယန်းလူမျိုး (၁၀၀၀) ကျော်၏ နိုင်ငံသားစိစစ်ရေးကဒ်ပြား (ဝ်) အမျိုးသား မှတ်ပုံတင်တွင် ကယန်းလူမျိုး အမည်ကို အခြားလူမျိုးအမည်များဖြင့် မှားယွင်းဖော်ပြထားသည့်အတွက် ကယန်းလူမျိုးအမည်မှန်ကို ပြန်လည်ပြောင်းလဲရန် လိုလားနေကြသည်။

ယခုကဲ့သို့ ကယန်းလူမျိုးမှတ်ပုံတင် အမည်မှန် ပြောင်းလဲရေးအတွက် လုပ်ဆောင်နေသည့် ကယန်းမျိုးဆက်သစ်လူငယ်၏ တွဲဖက်အတွင်းရေးမှူး(၂) ခွန်းသောမတ်က " ကိုယ့်လူမျိုးကို ကိုယ်ပြန်ပြီး ဖော်ထုတ်တဲ့နေရာမှာ ဒီမှတ်ပုံတင်က လည်း အရေးကြီးတာပေါ့နော်။ သက်သေတစ်ခုအနေနဲ့ တည်ရှိနေတယ်ပေါ့။ ဆိုတော့ အမှန်ပြန်ဖြစ်ဖို့က သိပ်ကို အရေးကြီးတယ်။" ဟုပြောသည်။

၄င်းကိစ္စအပေါ် ကယန်းမျိုးဆက်သစ်လူငယ်နှင့် ကယန်းလထာမျိုးနွယ်စု ဗဟိုကော်မတီတို့မှ ပင်လောင်းမြို့နယ် မြို့နယ်ဦးစီးမှူးနှင့် သုံးကြိမ်တိုင်တိုင် တွေ့ဆုံညှိနှိုင်းထားပြီး အောက်တိုဘာလ ဒုတိယပတ်က နောက်ဆုံးအကြိမ်တွေ့ဆုံစဉ်တွင် မြို့နယ်ဦးမှူးမှ စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အောက်တိုဘာလကုန်တွင် အကြောင်းပြန်ပေးမည်ဟု ပြောဆို ထားကြောင်း ၄င်းက ပြောသည်။

ကယန်းမျိုးဆက်သစ်လူငယ်နှင့် ကယန်းလထာမျိုးနွယ်စု ဗဟိုကော်မတီတို့ ပူးပေါင်းကောက်ယူထားသည့် လူဦးရေ (၁၀၀၀)ကျော်၏မှတ်ပုံတင်တွင် ကယန်းလူမျိုးကို အခြားလူမျိုးနာမည်များဖြင့် ဖော်ပြထားသကဲ့သို့ ကယန်းမျိုးနွယ်စုတစ်ခုဖြစ်သည့် လထာမျိုးနွယ်စုကိုလည်း

လူမျိုးတစ်မျိုးအဖြစ် မှားယွင်းဖော်ပြထားသည်ဟု ဆိုသည်။ "ဘာမှ မစီစဉ်ဆောင်ရွက်သေးနိုင်ပါဘူးဗျာ။ ဒီလကုန်မှာပဲ သူတို့လည်း လာလိမ့်မယ်။ အဲ့ကျမှ အသေးစိပ်ပြောမယ်လေ။ လောလောဆယ် ဘာမှမလုပ်နိုင်သေးဘူး။ ကျွန်တော်တို့ ကွင်းဆင်းနေကြလို့" ဟုပင်လောင်းမြို့နယ် မြို့နယ် ဦးစီးမှူး ဦးအောင်နိုင်က ပြောသည်။

မှတ်ပုံတင်တွင် လူမျိုးအမည်မှားယွင်းနေ



သည့် လူဦးရေစာရင်းကို ကောက်ယူရာတွင် ကာယကံရှင်၏ အိမ်ထောင်စုစာရင်း၊ မှတ်ပုံတင်နံပါတ်နှင့် အမှန်တကယ်ပြောင်းလဲလိုသည့် လက်မှတ်များပါ တစ်ပါတည်း ကောက်ယူခဲ့ကြောင်း ခွန်းသောမတ်က ဆိုသည်။

အဆိုပါ မှတ်ပုံတင်ပြန်လည် ပြောင်းလဲနိုင်ရန်ရေးအတွက် အားလုံးဝိုင်းဝန်းလုပ်ဆောင်ရန် လိုအပ်ပြီး မှတ်ပုံတင် ပြောင်းလဲလိုသည့် လူဦးရေစာရင်းနှင့် အချက်အလက်များကို သက်ဆိုင်ရာ တာဝန်ရှိသူများထံ လွှဲအပ်ထားပြီး ဖြစ်သည့်အတွက် ယခုကိစ္စအပေါ် စေတနာထားရန်နှင့် ဝန်ဆောင်မှုကို ပိုပြီးတိုးမြှင့်သင့်ကြောင်း ၄င်းက ဆက်ပြောသည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ၄င်းတို့၏ လုပ်ပိုင်ခွင့်ရှိသည့်အပေါ်တွင် လုပ်ပေးလိုစိတ်မရှိပါက အဆိုပါကိစ္စအပေါ် သတင်းစာရှင်းလင်းပွဲ ပြုလုပ်သွားမည်ဖြစ် သကဲ့သို့ ထပ်မံကာ အလေးထားဆောင်ရွက်ပေးမှု မရှိပါက တောင်းဆိုမှုများကို တိုးမြှင့်လုပ်ဆောင်သွားရန်ရှိကြောင်း ဆိုသည်။

ကယန်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ခွန်းအေးမောင်က "လူတစ်ယောက်မှာ သူ့မှတ်ပုံတင် မမှန်ကန်ဘူးဆိုရင် သူကဒီမှာနိုင်ငံသား အခွင့်အရေး ရတာပဲ။ သူ့ရဲ့နာမည်မှန်တွေ၊ သူ့ရဲ့မိဘနာမည်မှန်တွေ၊ သူ့ရဲ့လူမျိုးနာမည်မှန်တွေ သူပြန်လည် ဖော်ပြခွင့်ရှိတာပဲလေ။"ဟု ပြောသည်။

ယခုကဲ့သို့ လူဦးရေစာရင်းပြုစုထားပြီး လူမျိုးအမည်မှန်ပြောင်းလဲပေးရန် တောင်းဆိုသည့်အပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများအတွက် အခက်အခဲမရှိနိုင်သော်လည်း ဌာနဆိုင်ရာအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု ပြုလုပ်ပါက လုပ်ငန်းကိုပိုပြီး သွက်လက်စေမည်ဟု ၄င်းက ဆက်ပြောသည်။

ကယန်းလူမျိုးအမည်မှန် မှတ်ပုံတင်ပြန်လည်ပြောင်းလဲလိုသည့် လူဦးရေ (၁၀၀၀)ကျော်သည် ပင်လောင်းမြို့နယ် ဘန်းဘာကျေးရွာအုပ်စုရှိ စင်းဆင်း၊ ထီပေါင်း၊ လုံးကဲ(ဟောင်း)၊ ဆောင်ခဲ၊ သပြေကုန်းကျေးရွာအုပ်စုရှိ ကံလှ၊ လုံးကဲ၊ တလိုင်းမ၊ ဘန်းရင်း၊ ထိန်ပင်ကျေးရွာအုပ်စုရှိ ကသောင်း၊ လုံးထို၊ လက်ဆွဲ၊ ကိုးကွေ့၊ ကလတီ၊ လုံးပျဉ်ကျေးရွာအုပ်စုရှိ တောင်စလုံး၊ မြောက်စလုံးကျေးရွာတို့တွင် နေထိုင်သည့် ကယန်းလူမျိုးများဖြစ်ပြီး ၄င်းတို့သည် ကယန်းလထာမျိုးနွယ်စုများ ဖြစ်ကြသည်။

# အမျိုးသား မြေအသုံးချမှုဆိုင်ရာ မူဝါဒဆွေးနွေးပွဲ လွိုင်ကော်တွင် ပြုလုပ် .... မှ

ကြားရာတွင် သစ်တောကဏ္ဍနှင့် ပတ်သက်၍ ၂၀၁၈ အောက်တိုဘာ ၂ ရက်နေ့မှ ၃ ရက်နေ့အထိ နေပြည်တော်၌ကျင်းပမည့် သစ်တောကဏ္ဍ အစည်းအဝေးတွင် ပြည်နယ်အတွင်း လက်ရှိမြေပြင်တွင် ကြုံတွေ့နေရသော အခက်အခဲ များဖြစ်သည့် ဘောလခဲဒေသ ပွန်ချောင်းတွင် ကနူးကယက်လေ့စီး ခရီးသွားလုပ်ငန်း ဖော်ဆောင်နိုင်ရေးကိစ္စရပ်များကိုလည်း ဆွေးနွေးတင်ပြသွားခဲ့ကြ သည်။

အလားတူ ပြည်နယ်အတွင်း ဖရူဆိုမြို့နယ်၊ ထီးပရူနူဒေသ၌ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖော်ဆောင်နိုင်ရေးကိစ္စ၊ ဖားဆောင်းမြို့ ဧရိယာတိုးချဲ့နိုင်ရေးအတွက် သစ်တောမြေ ပယ်ဖျက်ခွင့်ရရှိရေး စသည့် ကိစ္စရပ်တွေအတွက် သစ်တောမြေ အသုံးပြုခွင့်ရရှိရေးနှင့် ပယ်ဖျက်ခွင့်ရရှိရေးတို့ ဆောင်ရွက်နိုင်ရန် ပြည်နယ် အစိုးရအဖွဲ့မှ ပြည်ထောင်စုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြထားသည်ဟု သိရသည်။

ပြည်နယ်လယ်ယာ မြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီက ဖြေရှင်းဆောင်ရွက်နေသော မြေယာမှုခင်းများနှင့်ပတ်သက်ပြီး ဆောင်ရွက်ရန် ကျန်ရှိနေသည်များကို ယခုနှစ်၊ ဒီဇင်ဘာလအတွင်း အပြီးအပြတ်ဆောင်ရွက်သွားရန် ပြည်နယ်ဝန်ကြီးချုပ်က လမ်းညွှန်ခဲ့သည်ဟု သိရသည်။

စီမံကိန်း (၁၀)နှစ်အတွင်းမလုပ်ဖြစ်လျှင် ပြန်ပေးပါဟု ဒေသခံများကတောင်းဆိုထားခြင်းများ ရှိပြီး လုပ်ငန်းအကောင်ထည်ဖော်ခြင်းမရှိသည့် မြေများကို ပြည်နယ်ဌာနဆိုင်ရာမှ ပြန်လည်စွန့်လွှတ်နိုင်သည့် မြေများရှိသလို ပြန်မစွန့်နိုင–သည့် မြေလည်းရှိသည်ဟု ဒေါက်တာခင်စည်သူက ဆက်ပြောသည်။



# တပ်သိမ်းမြေမှ အသုံးမပြုသည့်မြေများ ပြန်စွန့်ပေးရန် ဒေသခံများ တောင်းဆို

**ခွန်းကလိုင်းဖရီး**

ရှမ်း/တောင် ဖယ်ခုံမြို့တွင် မြန်မာ့တပ်မတော်မှ သိမ်းဆည်းထားသည့် မြေဧက(၄၀၀၀) အနက် တပ်မှအသုံးမပြုသည့် ဒေသခံ တောင်ယာမြေ(၁၆၀၀)ဧကကို ပြန်လည်စွန့်လွှတ်ပေးရန် ဒေသခံတောင်သူများက တောင်းဆိုကြသည်။

အောက်တိုဘာလ (၂၃) ရက်နေ့တွင် ဖယ်ခုံမြို့၊ ညောင်ကုန်း(၅)ရပ်ကွက်၊ ခေါင်းအိဆွေမျိုးစုရိုးရာတံခွန်တိုင်ခန်းမဆောင်၌ ကျင်းပခဲ့သည့် မြေ ယာကဏ္ဍနှီးနှောဖလှယ်ပွဲမှ ယခုကဲ့သို့ တောင်းဆိုလိုက်ခြင်းဖြစ်သည်။

ယခုတောင်းဆိုမှုအပေါ် ဖယ်ခုံတောင်သူလယ်သမားကွန်ရက်အဖွဲ့ ဥက္ကဋ္ဌ ခွန်းအန်းဂျေလိုက "တပ်ရေိယာက ဖယ်ခုံမြို့ ရေိယာထက်အများကြီး ကျယ်ပြန့်တယ်။ တပ်သိမ်းထားတဲ့ ယာမြေတွေထဲမှာ သူတို့ အမှန်တကယ် အသုံးပြုမယ်ဆိုကျွန်တော်တို့ ပြောစရာအကြောင်းမရှိဘူး။ ခုလက်ရှိအခြေအနေက တပ်သိမ်းထားတဲ့မြေက သီးစားတွေ ပြန်ချထားတယ်။" ဟု ပြောသည်။

မြေယာပြန်လည် ရရှိရေးအတွက် ဥပဒေလမ်းကြောင်းအတိုင်း လွှတ်တော်အမတ်များနှင့် ကယန်းတိုင်းရင်း သားလူမျိုးရေးရာဝန်ကြီးမှ တစ်ဆင့် ဆက်လက်တောင်းဆိုသွားမည်ဖြစ်ပြီး ထူးခြားမှုတစ်စုံတစ်ရာမရှိပါက အခြားတောင်းဆိုသည့် လှုပ်ရှားမှုများ ပြုလုပ်သွားမည်ဟု ၎င်းကဆိုသည်။

လက်ရှိ ဒေသခံများ၏ တောင်ယာသွားလမ်းအချို့ကိုလည်း တပ်မတော်မှ ပိတ်ဆို့ထားခြင်းကြောင့် ဒေသခံများ သွားလာရေးအခက်တွေ့နေကြသည်ဟု ဆိုသည်။

"တပ်လည်း သူတို့ တောင်သူလယ်သမားအပေါ်မှာ၊ ဆွေမျိုးစုရဲ့အပေါ်မှာ ငဲ့ညာမယ်ဆိုရင်တော့ သူတို့ လိုအပ်တဲ့ဟာပဲ သူတို့ယူပြီးတော့မှ ကျန်တဲ့ဟာကျတော့ သူတို့စွန့်ဖို့ သင့်တယ်။" ဟု မြေယာသိမ်းဆည်း ခံရသည့် ခေါင်းအိဆွေမျိုးစု၏ ကိုယ်စားလှယ် ဦးမောင်မက ပြောသည်။

အကယ်၍ တပ်မှ မြေများကို ပြန်လည်စွန့်လွှတ်ပါက မူလဒေသခံတောင်သူနှင့် ဖယ်ခုံမြို့ပေါ်မှ နေထိုင်စရာခက်ခဲနေသည့် ဆင်းရဲနွမ်းပါးသူများအတွက် ပြန်လည် စီမံခန့်ခွဲပေးသွားမည်ဟု ၎င်းက ဆိုသည်။

ကယန်းဒေသတွင် ကယန်းဆွေမျိုးစုအလိုက် ပိုင်ဆိုင်သည့်မြေများကို အပြန်အလှန်အသိအမှတ်ပြု လေးစားကြပြီး မြေယာပြဿနာများပေါ်ပေါက်ပါက ဓလေ့ထုံးတမ်းများဖြင့်သာ ဖြေရှင်းဆောင်ရွက်ကြခြင်း ဖြစ်သည်။

ယခုတပ်မတော်မှ သိမ်းဆည်းထားသည့် ဖယ်ခုံမြို့ရှိ မြေဧက (၄၀၀၀) ခန့်သည် ကယန်းဆွေမျိုး စု တစ်ခုဖြစ်သည့် ခေါင်းအိဆွေမျိုးစုပိုင်မြေဖြစ်ခြင်းကြောင့် ၎င်းဆွေမျိုးစုမှ စီမံခန့်ခွဲခွင့်ရှိသည့် မြေများဖြစ်သည်။

၎င်းတပ်သိမ်းမြေများ ပြန်လည်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးနေသည့် ကယန်းမျိုးဆက်သစ်လူငယ်အဖွဲ့ ဗဟိုကော်မတီ ခွန်းထက်စိုးက " လက်ရှိ ဖယ်ခုံမြို့ရဲ့ တစ်ကြောလုံးက တပ်ရဲ့ နယ်မြေအဖြစ် သတ်မှတ်ထားတဲ့ အပေါ်မှာ၊ ခြံစည်းရိုးခတ်ထားတဲ့အပေါ်မှာ တောင်သူလယ်သမားတွေအတွက် သွားလာရေး အရမ်းခက်ခဲတာကို ကျွန်တော်တို့တွေ့ရတယ်။ သက်ဆိုင်ရာတပ်ရင်းအနေနဲ့ ဖြေလျှော့မှုတွေ၊ တောင်သူနဲ့ ညှိနှိုင်းမှုတွေ လုပ်စေချင်ပါတယ်" ဟု ပြောသည်။

၎င်းဒေသခံများ၏ တောင်ယာမြေများကို ခမရ ၃၃၆ တပ်၊ ခမရ ၄၂၁တပ် ၊ စကခ(၇)တပ်နှင့် အမြောက်တပ်တို့မှ သိမ်းဆည်းထားခြင်း ဖြစ်သည်။

၁၉၇၀ ခုနှစ်ဝန်းကျင်တွင် မိုးပြဲဆည်တည်ဆောက်ခဲ့ခြင်းကြောင့် ဖယ်ခုံမြို့ရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေဧကပေါင်းများစွာ ရေအောက်နစ်မြုပ်ခဲ့ရပြီး ၁၉၉၀–၉၁ ခုနှစ်ဝန်းကျင်တွင် မြန်မာ့တပ်မတော်မှ တောင်ယာမြေများကို ထပ်မံသိမ်းယူခဲ့သဖြင့် ဒေသခံများ လုပ်ကိုင်စားသောက်ရန် အခက်အခဲကြုံတွေ့နေ ကြခြင်းဖြစ်သည်။

# ရှားတောတွင် ကြံ့ခိုင်ရေးပါတီမှ အမျိုးသမီးရေးရာ တွေ့ဆုံပွဲကျင်းပပြုလုပ်

**ခူးဘဲရယ်**

အောက်တိုဘာလ ၁၃ရက်နေ့တွင် ရှားတောမြို့နယ်အတွင်း ပြည်ထောင်စုကြံ့ခိုင်ရေးပါတီမှ မြန်မာအမျိုးသမီးများနှင့် မြန်မာ့နိုင်ငံရေးအခန်းကဏ္ဍ မြှင့်တင်ရေး၊ အမျိုးသမီးများ၏ ဘဝလုံခြုံမှု ငြိမ်းချမ်းသာယာမှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးထုအတွင်း အမျိုးဂုဏ်၊ ဇာတိဂုဏ်ထိန်းသိမ်းရေးနှင့် အမျိုးသမီးများ၏ အခွင့်အရေးများကို ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရေး၊ အမျိုးသမီးပါတီဝင်အသစ်များ စုဆောင်းရေးနှင့် ၂၀၂၀ ပြည့် ရွေးကောက်ပွဲ အောင်နိုင်ရေးစာတမ်းများ ဆွေးနွေးခြင်း စသည်တို့လုပ်ဆောင်ခဲ့ကြောင်း သိရသည်။



"အခုက ကျမတို့ ဗဟိုအမျိုးသမီးရေးရာညီလာခံ ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်အဆင့် အမျိုးသမီးရေးရာတွေ့ဆုံပွဲ အခမ်းအနားတစ်ရပ်ကို ရှားတောမြို့မှာ ကျင်းပနေတာပဲ ဖြစ်ပါတယ်။ ဆက်ပြီးတော့ ဒီးမော့ဆို၊ ဖရူဆို၊ ဘောလခဲ၊ ဖာဆောင်း၊ မယ်စဲ့ စတဲ့မြို့တွေမှာလည်း အခမ်းအနားပြုလုပ်သွားမှာပါ။"ဟု ရှားတောမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်နေ ကြံ့ခိုင်ရေးပါတီဝင်တစ်ဦးက ပြောသည်။

ရှားတောမြို့နယ်တွင် ကြံ့ခိုင်ရေးပါတီဝင်များမှ သင်တန်းလာပေးခြင်းမှာ၂၀၂၀ရွေးကောက်ပွဲအတွက် လာရောက်လာ မဲဆွယ်စည်းရုံးခြင်း ပုံစံတစ်ခုသာဖြစ်ကြောင်း ရှားတောမြို့နယ် NLD ပါတီဝင်များက ပြောကြားခဲ့သည်။

" ဒီလိုအမျိုးသမီးဘဝ လုံခြုံမှု အခန်းကဏ္ဍဆိုင်ရာအခမ်းအနားတွေ သူတို့ လုပ်ပေးတာကောင်းပါတယ်။ ဒီလိုကိုယ့်အမျိုးဂုဏ် ၊ ဇာတိဂုဏ်တွေ ထိန်းသိမ်းတတ်ဖို့ မြတ်နိုးတတ်ဖို့ ဒီညီလာခံမှာ အမျိုးသမီးထုတွေ သိရှိနားလည်ပြီး လက်တွေ့လိုက်နာကျင့်သုံးနိုင်ရင်တော့ အရမ်းကောင်းမှာပေါ့ ။ ဘာပဲဖြစ်ဖြစ် ဒါဟာ ၂၀၂၀ ပြည့် ရွေးကောက်ပွဲအတွက် စည်းရုံးရေးတစ်မျိုးပါပဲ " ဟု မှတ်ချက်ပေးသွားသည်။

ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပါတီဝင်များမှ ပါတီဝင်အသစ်စုဆောင်းရေးများ၊ စည်းရုံးရေးများ လုပ်ဆောင်ရာတွင် ငွေကြေးများကို အသုံးချပြီး စည်းရုံးခြင်းများ လုပ်ဆောင်မည်မဟုတ်ကြောင်း ကယားပြည်နယ် ဒီမိုကရက်တစ်ပါတီ (KSDP)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောပါသည်။

တိုင်းရင်းသားအချို့မှာ ငွေကြေးနောက်လိုက်ချင်သူများရှိလျှင် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ငွေကြေးအသုံးနိုင်သည့်ပါတီကြီး ဖြစ်သည့်အတွက် ပြည်မနှင့် တိုင်းရင်းသားဒေသအချို့တို့မှာ အားပြန်ကောင်းလာနိုင်ကြောင်း ဦးသဲရယ်က ဆက်ပြောသည်။ ၄င်းတို့တိုင်းရင်းသားပါတီအ နေဖြင့် တတ်နိုင်သမျှပါတီများစုစည်းပြီး အား ကောင်းလာအောင် လုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

"နှစ်ပေါင်း ၇၀လောက်ကို အုပ်စုတစ်ခုတည်းက နိုင်ငံတော်စိတ်ကြိုက်ကစားပြီးတော့ လူထုတွေရဲ့ခေါင်းထဲမှာ သမိုင်းအမှန်တွေကို ဖျောက်၊ လူတွေကလည်း အဟုတ်ထင်တဲ့သူတွေ လည်းရှိတော့ ပြန်ပြင်ဖို့ အင်မတန်ခက်ခဲတယ်။ ၂၀၂၀မှာ တိုင်းရင်းသားပါတီတွေ နေရာတိုင်းရနိုင်ဖို့ ကြိုးစားပြင်ဆင်နေပါတယ်၊ ရမရတော့ ပြည်သူနဲ့သာ ဆိုင်တယ်ပေါ့" ဟု ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးသဲရယ်က ဆိုပါသည်။


နိုင်ငံသားများသည် ဒီမိုကရေစီအရွေ့ကို အလိုရှိနေသည်ဖြစ်သည့်အတွက် ၂၀၁၅ခုနှစ်တွင် အဲန်အယ်လ်ဒီပါတီကို မဲထည့်ခဲ့ကြသော်လည်း ပြည်သူများထင်သလောက် ခရီးမပေါက်ခဲ့ပေ၊ ထို့ကြောင့် ၂၀၂၀တွင် တဖန်ပြန်လည်ကာ အစဉ်အဆက်အုပ်ချုပ်ခဲ့သော ပါတီကိုနေရာ ပြန်လည်ပေးခဲ့လျှင် ဒီမိုကရေစီရနိုင်တော့မည် မဟုတ်ကြောင်း ဦးသဲရယ်က ဆက်ပြောပါသည်။

" ဒီမိုကရေစီ အရွေ့ကိုလိုချင်လို့ ၂၀၁၅မှာ အဲန်အယ်လ်ဒီကို မဲပေးပြီးပြီ၊ ဒါပေမယ့် ထင်သလောက်ခရီးမပေါက်ခဲ့ဘူး၊ တကယ်လို့ ကြံ့/ဖွံ့ ကို နေရာပြန်ပေးရင် တသက် ဒီမိုကရေစီမရတော့ဘူးလို့ ပြည်သူကို ပြောချင်တယ်၊ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်ဖို့နဲ့ နိုင်ငံရေးအာမခံချက်ရှိဖို့သာ အဓိကကျပါတယ်။" ဟု ၄င်းက ဆက်ပြောသည်။

လက်ရှိတွင် ပါတီများမှ ၂၀၂၀ရွေးကောက်ပွဲအတွက် ပါတီဝင်အသစ်များ စုဆောင်းခြင်းများကို လုပ်ဆောင်နေကြပြီဖြစ်သည်။ ထို့အတူ ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ရှားတောမြို့နယ်တွင် ပါတီဝင်များ စုဆောင်းခြင်းများကို လုပ်ဆောင်နေပြီဖြစ်ကြောင်း သိရသည်။ ထို့အတူ အခြားဒေသတွင်းတွင်လည်း တိုင်းရင်းသားပါတီများမှ ပါတီဝင်များ စုဆောင်းခြင်းများကိုလည်း လုပ်ဆောင်နေပြီ ဖြစ်သည်။

မြို့နယ်အဆင့် အမျိုးသမီးရေးရာနီးနှောဖလှယ်ပွဲကို ပြည်နယ်ပြည်ခိုင်ဖြိုးရုံးတွင် နိုဝင်ဘာလအတွင်း လုပ်ဆောင်သွားမည်ဖြစ်ပြီး ဗဟိုအဆင့်ကိုမူ ဒီဇင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ၄င်းအစည်းအဝေးသို့ ပါတီဝင်(၈၀)ခန့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။


၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။



# ဌာနဆိုင်ရာဆက်သွယ်ရေးကျန့်ကြာမှုကလည်း အခက်အခဲတခု

**ကန္တာရဝတီတိုင်း[မ်]**

ကယားပြည်နယ် အစိုးရက ထုတ်ပြန်လိုက်တဲ့ လူမှုအသင်းအဖွဲ့အစည်း လုပ်ငန်းစဉ် စည်းမျဉ်းစည်းကမ်းတွေဟာ ဌာနဆိုင်ရာဝန်ထမ်းတွေမှာလည်း အခက်အခဲတွေ ကြုံတွေ့နေရတယ်ဆိုတာ လစဉ် NGOs / INGOs တွေရဲ့ အထွေထွေအုပ်ချုပ်ရေးမှူးတွေ့ဆုံတဲ့ အစည်းအဝေးမှာ ကြားသိလိုက်ရပါတယ်။

မြို့နယ် အထွေထွေအုပ်ချုပ်ရေးရုံးမှ စာပေးစာယူတာဝန်ကျဝန်ထမ်းတွေ ပို့ဆောင်ဆက်သွယ်ရေး လျင်မြန်စေဖို့ INGOs အဖွဲ့တဖွဲ့ကနေ ဆီဖိုးအလှူထည့်ပေးခဲ့ရတဲ့ ဖြစ်စဉ်တခုကို ကြားသိလိုက်ရလို့ပါပဲ။

အကြောင်းကတော့ INGOs/ NGOs တွေ လစဉ်ဆောင်ရွက်မည့်လုပ်ငန်းတွေကို ပြည်နယ်အစိုးရအဖွဲ့သို့ ခွင့်ပြုချက် တင်ပြတောင်းခံတဲ့ ကိစ္စတွေ အဆင့်ဆင့်ဆောင်ရွက်ချက်တွေကို ဆောင်ရွက်တဲ့အချိန်မှာ မြို့နယ် အထွေအုပ်ချုပ်ရေးမှူးရုံးက ဝန်ထမ်းတွေ အခက်အခဲရှိလို့ မြန်မြန်ဆန်ဆန် စာအရောက်ပေးဖို့ ထိုင်စောင့်ရင်း ဆိုင်ကယ်ဆီဖိုး ပါထည့်ပေးရတာလို့ ဆိုပါတယ်။

"မြို့နယ်ဘက်က မြို့နယ်ကနေ အပေါ်တက်ဖို့ခက်ခဲတယ်။ နောက်ဆုံးပြင်ဆင်တာ စောင့်ပြီး သွားပေးပေးရတယ်။ ကြားထဲမှာ သူတို့ သွားဖို့လာဖို့ အခက်အခဲရှိတယ်။ တခါတလေ သူတို့အခက်အခဲဖြေရှင်းဖို့ ဆီဖိုးနည်းနည်း ပေးသွားလိုက်တယ်။"

လမ်းပန်းဆက်သွယ်ရေးဝေးတဲ့ မြို့နယ်ဘက်မှာဆိုရင် INGOs / NGOs တွေက စာတင်တဲ့အခါ သူတို့ရဲ့ စာတွေဟာ ကားဂိတ်မှာ ကျန့်ကြာတာမျိုးလည်း ရှိနေတတ်တယ်လို့ သိရပါတယ်။

အမြန်ဆုံးဆောင်ရွက်ဖို့ ကလည်းသက်ဆိုင်ရာ ဝန်ထမ်းတွေမှာ ဆင့်ကဲဆင့်ကဲ စီစစ်ရတာတွေ ၊ သွားလာရတာတွေက အချိန်နှင့် တပြေးညီလုပ်ဖို့ မစွမ်းနိုင်ကြတာပဲ။

"ကားသမားတွေကလည်း စာပို့ရင် အလကားမယူသွားပေးဘူး ပို့ခ ထည့်ပေးဖို့လိုနေသေးတယ်။ ဝန်ထမ်းတွေဘက်က ပို့လိုသေးတယ်။ "

အစည်းအဝေးတို့ ၊ သင်တန်းတို့ စတဲ့လုပ်ငန်းတွေ လုပ်ဖို့ စည်းကမ်းချက် ၁၀ချက်အပါအဝင် ခွင့်ပြုမိန့် ၁၅ ရက်ကြိုတင်ပေမယ့်လို့ အစိုးရဌာနဆိုင်ရာတွေရဲ့ မြို့နယ်အဆင့် ၊ ခရိုင်အဆင့် ၊ ပြည်နယ်အဆင့် အဆင့်ဆင့် စာပြန်ကျလာ ဖို့ အနည်းဆုံး ရက် ၂၀ ကြာပါတယ်။

ဒီလိုအခက်အခဲတွေရှိနေတာကို ပြည်နယ်အစိုးရနဲ့ တွေ့ဆုံညှိနှိုင်းအစည်းအဝေးမှာ လူမှုအသင်းအဖွဲ့တွေက တင်ပြခဲ့ကြပေမယ့်လို့ တစ်စုံတစ်ရာ ဆုံးဖြတ်ချက်ချပြီး ဖြေလျှော့ပေးတာမရှိခဲ့ဘူးလို့ သိရပါတယ်။

ယခုကဲ့သို့ပြည်နယ်အစိုးရက ဆောင်ရွက်ခြင်းဟာ အောက်ခြေမှ အထက်ကိုတက်လာတဲ့ စနစ်ဖြစ်တဲ့အတွက် ဒီမိုကရေစီနည်းလမ်းကျတဲ့ လုပ်ငန်းဖြစ်တယ်လို့ ဆိုထားပါတယ်။

ဒီလိုပြောဆိုထားပေမယ်လို့ ဌာနဆိုင်ရာ အတွင်းမှာကျတော့ အောက်ခြေမှ အထက်မဟုတ်ပဲ အထက်မှ အောက်ခြေ ပြန်ဖြစ်နေတဲ့အတွက် ဒါဟာ ဘယ်လိုမှ ဒီမိုကရေစီနည်းလမ်းမကျဘူးလို့လည်း အစည်းအဝေးမှာ အပြန်အလှန် ပြောဆိုဝေဖန် သုံးသပ်သွား ကြပါတယ်။

လူမှုအသင်းအဖွဲ့တွေမှာ လုပ်ငန်းအခက်အခဲတွေ့ရသလို့ ဌာနဆိုင်ရာဝန်ထမ်းတွေမှာလည်း အပြန်အလှန် အခက်အခဲ ရှိနေတယ်ဆိုတာ သိလိုက်ရပါတယ်။ သို့ပေမယ့်လို့ ဌာနဆိုင်ရာဝန်ထမ်း တွေရဲ့ အခက်အခဲကို အထက်ကို တင်ပြဖို့ ၊ ဆွေးနွေးဖို့ ပြည်နယ်အစိုးရကို ဘယ်ဝန်ထမ်းမှ ဘယ်သူမှ မပြောရဲကြပါဘူး။

"ပြည်နယ်အစိုးရက ညွှန်ကြားတဲ့ အလုပ်ကို ဆောင်ရွက်ပေးရတယ်။ အရမ်းခက်ခဲရင် ပြည်နယ်အစိုးရကိုတင်ပြ ၊ ဒါတွေ ဖြေလျှော့ပေးဖို့ ဆိုတာတွေ။ " အထွေထွေအုပ်ချုပ်ရေးမှူးတာဝန်ရှိသူ တစ်ဦးက NGO/ INGOတွေနဲ့ အခက်အခဲတွေအပြန်အလှန် ဆွေးနွေးခဲ့ စဉ် ပြန်လည်ဖြေကြားခဲ့တာ ဖြစ်ပါတယ်။

သတ်မှတ်ထားတဲ့ စည်းကမ်းချက်တွေအရ ပြုလုပ်မည့် ပေါင်းစပ်လုပ်ငန်းတွေမှာဆိုလည်း သက်ဆိုင်ရာဌာနဆိုင်ရာတွေရဲ့ သဘောထား မှတ်ချက်ကို ယူရပါသေးတယ်။

ဒီအကြောင်းအရာတွေဟာ ပြီးခဲ့တဲ့ ဩဂုတ်လ ၂၈ ရက်နေ့ ၂၀၁၈ ခုနှစ် ရက်စွဲက ပြည်နယ်အစိုးရ ကယားပြည်နယ်ရှိ **UN Organization,** နိုင်ငံတကာအစိုးရမဟုတ်သော အသင်းအဖွဲ့ (INGOs)၊ အစိုးရမဟုတ်သော အသင်းအဖွဲ့ (NGOs)များအားလုံး သိရှိလိုက်နာရန်ဆိုပြီး စည်းကမ်းချက် ၁၀ ချက် ထုတ်ပြန်လိုက်တဲ့ စာကြောင့် ဖြစ်ပါတယ်။

**သွေးလှူဒါန်းလိုပါက – လွိုင်ကော်ပြည်သူ့ဆေးရုံကြီး (အမျိုးသားသွေးဌာန) ဆက်သွယ်ရန်ဖုန်း – ၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၇၅၆၆**

# ကျောင်းပြင်ပ ပညာရေးနဲ့ လူငယ်တွေရဲ့ အလားအလာ

**ခွန်းကလိုင်းဖရီး**

ကယားပြည်နယ်ရဲ့မြို့တော် လွိုင်ကော် ကနေ လွိုင်ကော်–တောင်ငူလမ်းအတိုင်း (၄၇) မိုင်လောက်သွားရင် ရှမ်း/တောင်၊ ဖယ်ခုံမြို့နယ်၊ အလယ်ကယန်းကျေးရွာအုပ်စုထဲက ဆီးဘူးဆိုတဲ့ ကျေးရွာကို ရောက်ပါတယ်။

အဲဒီကျေးရွာက လွိုင်ကော်–တောင်ငူလမ်း ဘေးမှာရှိလို့ လမ်းပန်းဆက်သွယ်ရေး အတော်လေး အဆင်ပြေတယ်လို့ ဆိုနိုင်ပါတယ်။ အိမ်ခြေ (၁၅၀) လောက်ရှိတဲ့ အဲဒီကျေးရွာက ရွာသူ / သားတွေဟာ ကုန်းမြင့်တောင်ယာတွေနဲ့ လယ်တွေကို အသက်မွေးဝမ်းကျောင်း လုပ်ငန်းအဖြစ် အဓိက လုပ်ကိုင်နေကြတာပါ။

ကယန်းအမျိုးသားတွေရဲ့ လက်နက်ကိုင် အဖွဲ့အစည်းတစ်ခုဖြစ်တဲ့ ကယန်းပြည်သစ်ပါတီရဲ့ ထိန်းချုပ်နယ်မြေထဲနယ်က အဲဒီကျေးရွာမှာ ကယန်းပြည်သစ်ပါတီ ဗဟိုဌာနချုပ်တည်ရှိသလို အစိုးရ အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း၊ မြို့နယ်လျှပ်စစ်ဖြန့်ဖြူးရေးရုံးနဲ့ ဒေသဖွံ့ဖြိုးရေးဈေးတွေရှိတာကြောင့် အလယ်ကယန်းကျေးရွာအုပ်စုမှာတော့ အချက်အခြာကျတဲ့ ကျေးရွာတစ်ရွာလို့လည်း ဆိုနိုင်ပါတယ်။

ကယန်းပြည်သစ်ပါတီနဲ့ အစိုးရတပ်မတော်တို့ ၁၉၉၄ ခုနှစ်မှာ အပစ်အခတ်ရပ်စဲဖို့အတွက် သဘောတူခဲ့တဲ့နောက် အခုချိန်မှာတော့ ဒေသအခြေအနေက တည်ငြိမ်နေပါတယ်။ အပစ်အခတ်ရပ်စဲရေး ကာလနှစ်ပေါင်း (၂၀) ကျော်လွန်လာတဲ့ အချိန်မှာတော့ အလယ်ကယန်းဒေသက လူထုတွေကလည်း စစ်ဘေးသင့်ဘဝကနေလွတ်မြောက်ခဲ့လို့ တောင်ယာ၊ လယ်ယာလုပ်ငန်းတွေနဲ့ မိမိတို့ရဲ့ ကိုယ်ပိုင်ဘဝတွေကို ငြိမ်းငြိမ်းချမ်းချမ်း တည်ဆောက်နေကြပါတယ်။ ဒေသခံတွေရဲ့ သားသမီးပညာရေး အနာဂတ်ဟာလည်း ပိုလို့တောက်ပနေပါတယ်။

အပစ်ခတ်ရပ်စဲပြီး နောက်ပိုင်း ဆီးဘူးကျေးရွာ မီးလင်းရေးအတွက် အစိုးရက ဒီဇယ်ဆီနဲ့ မောင်းနှင်တဲ့ မီးစက်ကြီးတစ်လုံးကိုလည်း ရွာအတွက် ချပေးခဲ့ပါတယ်။ ခုဆိုရင် ဆီးဘူးကျေးရွာမှာ တစ်ညကို (၁) နာရီခွဲလောက် မီးရနေလို့ ကျောင်းသူ၊သားတွေ စာကျက်မှတ်လေ့လာဖို့အတွက် အထောက်အကူရနေပါတယ်။ ဒါ့အပြင် သိပ်မကြာသေးခင်နှစ်တွေကပဲ အလယ်တန်းအဆင့်ကနေ အထက်တန်းအဆင့် ကျောင်းအဆင့်တိုးမြှင့်ရရှိခဲ့လို့ အလယ်ကယန်းဒေသနဲ့ အနီးဝန်းကျင် ကျေးရွာတွေအတွက်လည်း အကျိုးများခဲ့ရပါတယ်။

ကယန်းဒေသတစ်ခုလုံးကို ခြုံကြည့်မယ်ဆိုရင် ဆယ်တန်းအောင်မြင်သူတွေ၊ တက္ကသိုလ်တက်ရောက်နေသူတွေ ၊ ဘွဲ့ရပြီးသူတွေ အများအပြားရှိလာပြီဖြစ်ပေမယ့် ဆယ်တန်းမအောင်ပဲ ပညာရေးတစ်ပိုင်းတစ်စနဲ့ တစ်ဆို့နေသူတွေလည်း ဒုနဲ့ဒေး ရှိနေပြန်ပါတယ်။ ဒီလူငယ်တွေကပဲ အလုပ်အကိုင်ရရှိဖို့အတွက်ပြည်သူ့ဝန်ထမ်းတွေအဖြစ် ဝင်လုပ်သူက လုပ်၊ ကုမ္ပဏီတွေမှာ အလုပ်လုပ်သူတွေကလုပ်၊ INGOs/ NGOs နဲ့ CSOs လို့ခေါ်တဲ့ အရပ်ဖက်အဖွဲ့အစည်းတွေမှာ လုပ်နေသူတွေကလည်း လုပ်နေကြပြီး အဲဒီလို လုပ်ကိုင်ဖို့ ခက်ခဲနေကြသူတွေကတော့ နိုင်ငံခြားထွက် အလုပ်ရှာနေကြသူတွေလည်း များလှပါတယ်။

ခုလို လုပ်ငန်းခွင်ထဲ ဝင်ရောက်လုပ်ကိုင်နေကြတဲ့ လူငယ်တွေရှိသလို ပညာဆက်ပြီး သင်ယူဆည်းပူးနေပြီး လုပ်ငန်းခွင်ထဲ ဝင်ဖို့ ပြင်ဆင်နေကြတဲ့ လူငယ်တွေလည်း ပညာရေးလမ်းကြောင်းတစ်ခုပေါ် လျှောက်လှမ်းနေကြဆဲပါ။ ဆီးဘူးကျေးရွာရဲ့ အနောက်ဖက် မတ်စောက်တဲ့ တောင်ကုန်းလေးပေါ် တွယ်တက်သွားတဲ့ လမ်းလေးအတိုင်း သွားရင် စတုရန်းပုံ အဆောက်အဦးသုံးခုနဲ့ သက်ငယ်မိုးထားတဲ့ တဲအိမ်လေးတစ်လုံးကို တွေ့ရပါတယ်။ သူစိမ်းဧည့်သည်တွေလာတိုင်း ပြတင်းပေါက်အပြင်ဖက်ကို ငေးကြည့်တတ်သလို တက်ကြွတဲ့ မျက်လုံးပိုင်ရှင် လူငယ်လေးတွေ အခန်း တစ်ခုထဲမှာ စုဝေးလို့ ရောက်ရှိနေကြပါတယ်။

"အလုပ်ရှာရတာလည်းခက်တယ် အခုချိန်မှာ၊ သေချာပြီပေါ့နော်။ ကိုယ့်ကိုယ်ကိုယ် အရည်အချင်းမြှင့်ဖို့လိုပြီဆိုတဲ့အတွက်ကြောင့် ကိုယ်လိုချင်တဲ့ ဘာသာရပ်တွေလည်း ပါတဲ့အတွက်ကြောင့် ကျွန်မ ဒီနေရာကို လာရခြင်းဖြစ်တယ်"လို့ ပိန်ပိန်သေးသေးကိုယ်ထည်နဲ့ အသက် ၂၃ နှစ်ဝန်းကျင်အရွယ်ရှိတဲ့ မူနန်းအေးက သူပြောချင်တာကို ခပ်သွက်သွက် ပြောပါတယ်။ ဓာတုဗေဒဘာသာရပ်နဲ့ ဘွဲ့ရထားတဲ့ မူနန်းအေးဟာ အလုပ်ရဖို့အတွက် အခက်အခဲဖြစ် နေတုန်းပါပဲ။ သူမကဖယ်ခုံမြို့နယ်၊ မိုးဗြဲကျေးရွာအုပ်စုက ပင်သာရွာမှာ နေထိုင်ပါတယ်။ မူနန်းအေးနဲ့အတူ သူမလို ပညာဗဟုသုတတွေ ဆည်းပူးလိုတဲ့ နေရာဒေသ အစုံက လူငယ် ၁၈ ဦးကလည်း ခုနေရာမှာ လာရောက်ပြီး ပညာသင်ယူနေကြပါ



တယ်။ ဆီးဘူးကျေးရွာကို တစ်ခါမှ မရောက်ဖူးတဲ့ မူနန်းအေးကတော့ အခုနေရာမှာ ပညာသင်ယူနိုင်ဖို့အတွက် online ကနေတစ်ဆင့် သိခဲ့ရတာဖြစ်တယ်လို့ ဆိုပါတယ်။

မူနန်းအေးနဲ့အလားတူ ဒီနေရာမှာ ပညာသင်ယူနေတဲ့ နောက်တစ်ယောက်ကတော့ မိုးဗြဲကျေးရွာအုပ်စု အရှေ့ကဖုကျေးရွာမှာ နေထိုင်တဲ့ ခွန်းကနေဒီပါ။ ခွန်းကနေဒီဟာ ဆယ်တန်းအောင်မြင်ထားပြီးတော့ တက္ကသိုလ်မှာ ပညာဆက်ပြီး သင်ယူမယ့် လူငယ်တစ်ဦးလည်း ဖြစ်ပါတယ်။ သို့ပေမယ့်လည်း သူ့ရဲ့ရည်မှန်းချက်အတိုင်း သွားနိုင်ဖို့အတွက် ခုလိုနေရာမျိုးမှာ ပညာလာသင်ယူနေပါတယ်။ "ကျွန်တော်က

**သတင်းများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ကာတွန်းများ ဇေဒင်များ ပေးပို့လိုပါက –**

**–ဆက်သွယ်ရန် ဖုန်း – ၀၈၃၄၀၃၄၁　　အီးမေး(လ်) – ktimesnews96@gmail.com**



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။

ဒေသအကျိုးပြုဖို့အတွက် စိတ်ဝင်စားတဲ့ သူတစ်ယောက်ဖြစ်တယ်။ တကယ်လည်း စိတ်အားထက်သန်တာပေါ့နော်။ ဒါကြောင့်မို့လို့ ကျွန်တော့် ဝါသနာ၊ ကျွန်တော့် ရည်ရွယ်ချက်နဲ့လည်း ကိုက်ညီတဲ့အတွက် ဒီသင်တန်းကို လာတက်တာပေါ့နော်'' လို့ ခွန်းကနေဒီက စကားကို တစ်ခွန်းချင်း လေးလေးပင်ပင် ပြောပါတယ်။

ဒီလူငယ်တွေဟာ ကယန်းလူထုဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့(KCDS)က ဦးစီးပြီး ဖွင့်လှစ်ထားတဲ့ လူငယ်ခေါင်းဆောင်မှု အရည်အသွေးဖွံ့ဖြိုးရေးသင်တန်းကို တက်ရောက်နေကြတဲ့ လူငယ်တွေဖြစ်ပါတယ်။ အခုသင်တန်းမှာ ခေါင်းဆောင်မှု အရည်အသွေး၊ စီမံခန့်ခွဲမှု၊ အင်္ဂလိပ်စာ၊ ကွန်ပျူတာနဲ့ အခြားဒေသဖွံ့ဖြိုးရေးစီမံကိန်းနဲ့ သက်ဆိုင်တဲ့ ဘာသာရပ်တွေကို သင်ကြားပို့ချပေးနေတာပါ။ ပညာသင်ယူနေတဲ့ လူငယ်(၁၉)ဦးထဲမှာ ဘွဲ့ရပြီးသူတွေ၊ တက္ကသိုလ်တက်နေသူတွေ၊ ဆယ်တန်းအောင်မြင်ထားသူတွေနဲ့ ဆယ်တန်းမအောင်တဲ့ သူတွေလည်း ပါဝင်နေပါတယ်။ ဒီဘာသာရပ်တွေကို ပြည်ပကပညာသင်ယူပြီး ပြန်လာကြတဲ့ ဆရာမ (၅) ဦးက ပြန်ပြီးသင်ကြားပေးနေတာဖြစ်ပါတယ်။ အစိုးရကျောင်းတွေက ခုလို ပညာဗဟုသုတမျိုးကို တစ်ပြိုင်တည်းရဖို့ မလွယ်ကူတာကြောင့် ဒီလူငယ်တွေအများစုကတော့ ခုလိုကျောင်းပြင်ပ ပညာရေး နယ်ပယ်ကို လာပြီး ကျက်စားနေရတာပါ။

"Proposal (အဆိုပြုလွှာ) ပဲရေးရေး၊ **report** (အစီရင်ခံစာ) ပဲရေးရေးအင်္ဂလိပ်စာက အရမ်းလိုအပ်တာပေါ့နော်။ ကျောင်းပဲလျှောက်လျှောက်၊ သူများမေးလာတာက အင်္ဂလိပ်လိုပဲနော်။ အင်္ဂလိပ်က သူတို့အတွက် အရေးကြီးတယ်လို့ကျွန်တော်မြင်တယ်ပေါ့နော်။ ပြီးရင် နိုင်ငံခြားပဲသွားမလား၊ အင်္ဂလိပ်ဆိုတာ နိုင်ငံတကာ ဘာသာစကားဖြစ်တဲ့အတွက် သူတို့သိသင့်တယ်။ ပြောတတ် သင့်တယ်။ ကိုယ့်အတွက် အခက်အခဲ မဖြစ်အောင်ပေါ့''။ အဲဒီသင်တန်းမှာ အင်္ဂလိပ်စာသင်ကြားပေးနေတဲ့ ခွန်းမောင်ရန်းက သူ့အမြင်ကို ပြောပြပါတယ်။

ခွန်းမောင်ရန်းအနေနဲ့ အရင်တုန်းက ဒေသတွင်းမှာ ခုလိုမျိုး ပညာသင်ယူလိုခဲ့ပေမယ့် အခွင့်အရေးမရခဲ့တဲ့အတွက် ထိုင်းနိုင်ငံအထိ သွားပြီး ပညာသင်ခဲ့ရတယ်လို့ ဆိုပါတယ်။ ပြည်ပနိုင်ငံမှာ ပညာသင်ရတဲ့အတွက် ကုန်ကျမှုလည်း ပိုများသလို ကိုယ့်နိုင်ငံ မဟုတ်တဲ့အတွက် ကြောင့် ခုလိုတောင် အဆင်ပြေမှုမရှိခဲ့ဘူးလို့ သူ့အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီး ဒီသင်တန်းအပေါ် မှတ်ချက်ပြု ပြောဆိုပါတယ်။



ဒီသင်တန်းအပေါ်မှာ ဆီးဘူးကျေးရွာက ရပ်မိရပ်ဖတစ်ဦးဖြစ်တဲ့ ဦးသန်းကျော်လှကလည်း သူ့အမြင်ကို ခုလိုပဲ ပြောပြပါတယ်။ "အဲဒီသင်တန်းမျိုးက ခါးမပြတ်အောင်ပေါ့လေ၊ ဦးဆောင်သူအပြင်ကို အနီးကကျန်တဲ့လူက စီမံခန့်ခွဲမှုတွေ ကြီးကြပ်နိုင်ဖို့လိုတယ်။ ကလေးဆိုတဲ့မျိုးက စိတ်ဓါတ်ကျလွယ်တယ်။ ပြီးလို့ရှိရင်

ဆရာသမားမရှိတဲ့အခါကတော့ စားရေးသောက်ရေးလည်း မဟာ သွားအောင် ဒီလိုဖြစ်သင့်တယ်။'' လို့ သူက အကြံပြုပြောဆိုပါတယ်။ အဲ့ဒီသင်တန်းမှာလည်း သွားရောက်ပြီးတော့ အတွေ့အကြုံမျှဝေတာတွေနဲ့ လှူကျွင့်ဝတ်နဲ့ ပတ်သက်တဲ့ အလေ့အထတွေကိုလည်း မျှဝေပေးတာတွေ ရှိတယ်လို့ သူက ပြောပါတယ်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လကစခဲ့တဲ့ အဲ့ဒီသင်တန်းဟာ ၂၀၁၉ ခုနှစ်၊ မေလမှာအဆုံးသတ်မှာဖြစ်လို့ ၉ လတာ ကြာမြင့်တဲ့ သင်တန်းဖြစ်ပါတယ်။

ကယန်းဒေသမှာတော့ အခုလို လရှည်သင်တန်းကို ပထမဆုံးအကြိမ် ဖွင့်လှစ်နိုင်တာလို့ ဆိုနိုင်ပါတယ်။

ကယန်းလူထုဖွံ့ဖြိုးရေးဝန်ဆောင်မှုအဖွဲ့ **(KCDS)**ရဲ့ ဒါရိုက်တာလည်းဖြစ် ခုသင်တန်းကို ဦးဆောင်ပြုလုပ်သူကတော့ ခွန်းအနာတားရှုနေဇာပါ။ သူ့အနေနဲ့ ခုလိုသင်မျိုးပြုလုပ်ရတာနဲ့ ပတ်သက်လို့ "လူငယ်လူ ရွယ်တွေ သူတို့ လိုအပ်တဲ့ အရည်အချင်းကို ဒီမှာလာရနိုင်ပြီးတော့မှ သူတို့ လုပ်ချင်တဲ့ လုပ်ငန်းတွေကိုလုပ်နိုင်အောင် တစ်ဖက်မှာလည်း လူထုအတွက်၊ အများအတွက် ပြန်အကျိုးပြုနိုင်အောင်ဆိုတဲ့ အဓိက ရည်မှန်းချက်က အဲ့ဒါရှိတာပေါ့နော်'' လို့ ရှင်းပြပါတယ်။

ခုလိုသင်တန်းမျိုးကို တစ်ချိန်က သူကိုယ်တိုင်လေ့လာသင်ယူဖို့ မနည်းကြိုးစားပြီး ထိုင်းနိုင်ငံအထိသွား လေ့လာခဲ့ရတာဖြစ်လို့ ခုလူငယ်တွေအတွက် ဒေသတွင်းမှာပဲ ပညာသင်ကြားခွင့်ရရှိဖို့ အခွင့်အရေးဖန်တီးပေးရတဲ့အတွက် သူကိုယ်သူ ကျေနပ်မိတယ်လို့ ဆိုပါတယ်။ ဒီသင်တန်းမှာ မိုးဖြဲနဲ့ အနောက်ကယန်းက လူငယ်တွေ အများဆုံးပါဝင်ပြီးတော့ အလယ်ကယန်းဒေသ ဆီးဘူးရွာခံ လူငယ်အချို့လည်း ပါဝင်ပါတယ်။ ပြီးခဲ့တဲ့နှစ်တုန်းကလည်း ခုလို လူငယ်အရည်အချင်းမြှင့်တင်ပေးတဲ့ သင်တန်းမျိုးကို **KCDS** အဖွဲ့ကပဲ(၆)လကြာပြုလုပ်ခဲ့တာရှိပေမယ့် ခုသင်တန်းကတော့ ပိုပြီးကြာမြင့်မှာဖြစ်လို့ လူငယ်တွေ လေ့လာဖို့အတွက် အချိန်ပိုရမှာလည်း ဖြစ်ပါတယ်။

သင်တန်းကို ဦးစီးနေတဲ့ ခွန်းအနာတားရှုနေဇာကတော့ သင်တန်းတက်ရောက်နေတဲ့ လူငယ်တွေအပေါ် သူမျှော်လင့်ထားတာ တွေလည်း ရှိပါတယ်။ " ဒီသင်တန်းမှာ သူတို့ထိထိမိမိ သင်ကြားနိုင်မယ်ဆိုရင်တော့ အနည်းဆုံး သူတို့ ရပ်ရွာတွေရဲ့ ဖွံ့ဖြိုးရေးလုပ်ငန်းတွေအတွက် အကျိုးဝင်မယ်ပေါ့နော်။ နောက်ပြီးတော့ **NGOs** နဲ့ အခြားလူမှုအဖွဲ့အစည်းတွေမှာ ပြန်လုပ်ရင်လည်း သူတို့အတွက် အဆင်သင့်ဖြစ်သွားပြီပေါ့''။

သင်တန်းကြေးအချို့သတ်မှတ်ထားတာရှိပေမယ့် အလှူရှင်တွေရဲ့ အကူအညီနဲ့ ခုသင်တန်းကို အဓိက လည်ပတ်နေတာ ဖြစ်ပါတယ်။ ခုလိုသင်တန်းမျိုးကိုပဲ လာမယ့်နှစ်မှာ (၁၀) လအထိ အချိန်ကာလတိုးမြှင့်သတ်မှတ်ဖို့ အစီအစဉ်ရှိသလို နှစ်စဉ်ဖွင့်လှစ်နိုင်ဖို့လည်း သူကရည်ရွယ်ထားပါတယ်။ သင်တန်းသူ မူနန်းအေးက'' ဒီသင်တန်းပြီး ရင် အရင်ကထက်စာရင်တော့ အများကြီး ပြောင်းလဲလာမယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်တယ်။ ပြီးတော့လည်း ဒီသင်တန်းပြီးရင် ကိုယ့်အတွက် နေရာတစ်ခုရှိပြီးသားလို့ ယုံကြည်တယ်။''

# အစိုးရမှ တိကျခိုင်မာသည့် သီးနှံဈေးကွက် ပေါ်လစီဖော်ဆောင်ရန် လိုအပ်

**ကန္တာရဝတီတိုင်းမ်**

သီးနှံစိုက်တောင်သူများအနေဖြင့် တိကျခိုင်မာသော သီးနှံဈေးကွက်မရှိသည့်အတွက်ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ဈေးကွက်ဖော်ဆောင်ပေးသည့် ပေါ်လစီအကောင်အထည်ပေးရန်လိုအပ်ကြောင်း တောင်သူများက ဆိုသည်။

၂၇ ရက်နေ့ ဖရူဆိုမြို့နယ်တွင် ကန္တာရဝတီတိုင်းမ်မှ ကျင်းပပြုလုပ်သည့် အသက်မွေးဝမ်းကြောင်းဆိုင်ရာစကားဝိုင်းတွင် တောင်သူများက ပြောဆိုလိုက်ခြင်း ဖြစ်သည်။

တောင်ယာ၊ လယ်ယာနှင့် အခြားသီးနှံများ စိုက်ပျိုးသည့်တောင်သူများအနေဖြင့် လက်ရှိအချိန်ထိ တိကျခိုင်မာသည့် သီးနှံဈေးကွက် မရှိသေးသည့်အတွက်ကြောင့် သက်ဆိုင်ရာအစိုးရနှင့် ဌာနဆိုင်ရာတို့မှ သီးနှံဈေးကွက်ဖော်ဆောင်ပေးသင့်ကြောင်း တောင်သူများက တောင်းဆိုလိုက်ခြင်းဖြစ်သည်။

"တကယ်တမ်း ဒီအဖြေထွက်လာတဲ့ဟာကို အစိုးရသိတယ်။ အစိုးရကအသိအမှတ်ပြုတယ်။ ဒါဟာလည်း တကယ်လိုအပ်တယ်။ လူထုတွေရဲ့ အသံဖြစ်တယ်ဆိုပြီးမှ သူတို့က လက်ခံထားရင်တော့ ဒီပေါ်လစီကို မဖြစ်မနေ အစိုးရက လုပ် ဖို့လိုတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်တွေက ဥပဒေပြုရေးလို့သာပြောတယ်။ တကယ့် တကယ် ဥပဒေကြမ်းတို့ ပေါ်လစီကြမ်းတို့ဆိုရင် ဒါဆိုင်ရာဌာနကရေးပြီးမှ ကျွန်တော်တို့လွှတ်တော်ကို တင်လာတယ်။ လွှတ်တော်က စိစစ်ပြီးတော့မှ အတည်ပြုပေးတယ်။ ဒီလောက်ပဲ။ ဒါကျွန်တော်တို့ လုပ်ပိုင်ခွင့်ပေါ့နော။" ဟု ကယားပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောသည်။

ကယားပြည်နယ်တွင် တောင်သူများအနေဖြင့် တိကျခိုင်မာသော သီးနှံဈေးကွက်မရှိခြင်းနှင့် စိုက်ပျိုးသီးနှံများ အထွက်နှုန်းမကောင်းသည့်အတွက်ကြောင့် ကုန်ကျစရိတ်နှင့် ကိုက်ညီမှုမရှိသည့် အခက်အခဲနှင့် ရင်ဆိုင်နေရကြောင်း တောင်သူတစ်ဦးက ပြောသည်။

"ဒီသွင်းအားစုတွေဆိုရင် ဓာတုဓာတ်မြေ



သြဇာတွေဆိုရင် ဈေးကမြင့်မားပြီးမှ ကျွန်တော်တို့ ရင်းနှီးမြှုပ်နှံတဲ့ဟာနဲ့ ပြန်ရတဲ့ဟာ တွက်ခြေမကိုက်ပါဘူး။ သို့သော်လည်း ကျွန်တော်တို့ မလုပ်ဘူးဆိုရင်လည်း တခြားလုပ်စရာလည်းမရှိဘူးပေါ့။ တခြားသီးနှံတွေ ပြောင်းလုပ်မယ်ဆိုလည်း ကျွန်တော်တို့က စားစရာဒါပဲရှိတယ်။ စားစရာအရေးကြီးဆုံးဆိုလည်း စပါးပဲဆိုတော့ စပါးပဲ ဦးစားပေးလုပ်ခါကျတော့ အမှန်တကယ်က ကုန်ကျစရိတ်နဲ့ပြန်ရတဲ့ဟာက တွက်ခြေမကိုက်ပါဘူး။ သို့ပေမဲ့လည်း ရွေးစရာမရှိတဲ့အတွက် ဒါရင်ဆိုင်နေရတဲ့လက်ရှိအခြေအနေပေါ့။" ဟု ၎င်း တောင်သူ ဦးသဲရယ်က ဆိုသည်။

တောင်သူများမှ ၎င်းတို့ စိုက်ပျိုးသည့်အချိန်တွင် မျိုးစေ့များသုံးစွဲရာတွင်လည်း ဒေသတွင်းမျိုးစေ့ကို အသုံးမပြုနိုင်ကြတော့ဘဲ စပ်မျိုးကိုသာ စိုက်ပျိုးနိုင်ကြတော့သည့်အတွက် ဒေသမျိုးစေ့များ ပျောက်ကုန်ကြောင်း တောင်သူများက ဆိုသည်။ ထို့အပြင် စပ်မျိုးကို အသုံးပြုရာတွင် ဒေသမျိုးနှင့်မတူဘဲ ဓာတ်မြေသြဇာကို ပိုမိုသုံးစွဲပေးရသည့်အတွက် အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့မြေမှာ အဟာရမရှိတော့ဘဲ ပျက်စီးကုန်ကြောင်း ဆက်ပြောကြသည်။

တောင်သူများအနေဖြင့်လည်း စိုက်ပျိုးရေးနှင့် သက်ဆိုင်သည့် အစိုးရဌာနများထံသို့ သွားရောက်ကာ အကြံပြုချက်များတောင်းခံသင့်ကြောင်းနှင့် ၎င်းတို့သည် ပြည်သူများအတွက် တည်ရှိနေသည်ကို သိရှိထားသင့်ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးသဲရယ်က ပြောသည်။

ပြီးခဲ့သည့် မေလနှင့်ဇွန်လများတွင် မြန်မာ့လယ်ယာစိုက်ပျိုးရေးဘဏ်မှ ၂၀၁၈ခုနှစ်အတွက် စိုက်ပျိုးစရိတ်ချေးငွေ ၃,၁၁၀.၆ဝသန်းကို တောင်သူများသို့ ထုတ်ချေးထားကြောင်း သိရသည်။ ချေးငွေများထုတ်ချေးရာတွင် လယ်ယာမြေတစ်ဧကကို တစ်သိန်းခွဲသတ်မှတ်ထားသည်။ တောင်ယာများအတွက်ကိုမူ တစ်ဧက ကျပ်ငါးသောင်း သတ်မှတ်ထားကြောင်း သိရသည်။

# စစ်မှန်သောဖက်ဒရယ်စနစ် ပေါ်ပေါက်လာဖို့ ဘယ်သူ့မှာ တာဝန်ရှိလဲ .... မှ

ရိက္ခာထောက်ပံ့ခြင်းကိုသော်လည်းကောင်း ဆောင်ရွက်ပေးနိုင်ပါသည်" လို့ ပြန်ဖြေခဲ့ပါတယ်။

အဲဒီအခါမှာ ဗိုလ်ချုပ်အောင်ဆန်းက "ကျွန်ုပ်၏ လက်အောက်ခံ တပ်မှူးအနေဖြင့် အမိန့်နာခံရန်ကိစ္စကို ကျွန်ုပ်၏ အစိုးရအဖွဲ့နှင့် တိုင်ပင်ပါဦးမည်၊ နောက်တစ်ပတ်တွင် ပြန်လည်တွေ့ဆုံပါမည်" ဟု ဖြေကြားခဲ့ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗမာ့တပ်မတော်ရဲ့ ခေါင်းဆောင်တစ်ဦးဖြစ်ခဲ့ပေမဲ့ ဗြိတိသျှဗိုလ်ချုပ်ရဲ့ အကူအညီကို ချက်ခြင်းလက်မခံဘဲ ကျွန်ုပ်အစိုးရနဲ့ တိုင်ပင်ပါဦးမည်ဟု ပြောကြားတာဟာ ဗိုလ်ချုပ်က ဗမာ့တပ်မတော်တစ်ခုတည်းကိုသာ ကိုယ်စားမပြုဘဲ မြန်မာပြည်ကြီးတစ်ခုလုံးကို ကိုယ်စားပြုတာကြောင့် ဖြစ်ပါတယ်။

ကိုယ်စားပြုမှု ပီသတဲ့ ဘယ်ခေါင်းဆောင်မျိုးမဆို သူ့ဒေသရဲ့ အခက်အခဲကို ဖြေရှင်းနိုင်မည့် အကောင်းဆုံး နည်းလမ်းရရှိအောင် အမြဲတမ်းကြံရွယ်လုပ်ဆောင်နေရတာပါ။ ၁၉၄၇ ခုနှစ် ပင်လုံစာချုပ် လက်မှတ်ရေးထိုးကြတဲ့ ခေါင်းဆောင်တွေဟာ ပြည်နယ်ဒေသတစ်ခုလုံးကို ကိုယ်စားပြုတဲ့ ခေါင်းဆောင်တွေပဲ ဖြစ်ကြပါတယ်။ အဖွဲ့အစည်းတစ်ခုကိုကိုယ်စားပြုတဲ့ ခေါင်းဆောင်တစ်ဦးတစ်ယောက်မျှ မပါရှိခဲ့ပါဘူး။

၁၉၄၇ ခုနှစ် ဇူလိုင်လ (၁၉)ရက်နေ့မှာ မသမာသူအချို့ရဲ့ စာနာမှု ကင်းမဲ့တဲ့ လုပ်ရပ်ကြောင့် အသုညမခိုင်သေးတဲ့ မြန်မာ့ အာဇာနည်ခေါင်းဆောင် ကြယ်ပွင့်များ မြေမှာ ကျခဲ့ရတာပါ။ ခေါင်းဆောင်များ ကျဆုံးခဲ့ရပေမဲ့ မြန်မာပြည်ကြီးအပေါ် စစ်မှန်တဲ့ သူတို့ရဲ့ ကိုယ်စားပြုမှုဟာ မြန်မာသမိုင်းမှာ ဆက်လက်ထင်ကျန်နေအုန်းမှာဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ကို အခြေခံပြီး စစ်မှန်တဲ့ ဖက်ဒရယ်စနစ်တစ်ခု ပေါ်ပေါက်လာဖို့အတွက် ပြည်နယ်ဒေသကို အမှန်တကယ် ကိုယ်စားပြု နိုင်မည့် အဖွဲ့အစည်းများ၊ ခေါင်းဆောင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ မြောက်များစွာ ပေါ်ထွက်လာနိုင်ပါစေ။

သွေးလှူဒါန်းလိုပါက - လွိုင်ကော်ပြည်သူ့ဆေးရုံကြီး (အမျိုးသားသွေးဌာန) ဆက်သွယ်ရန်ဖုန်း - ၀၉၇၈၆၄၉၉၉၈၇၊ ၀၉၄၅၂၈၇၉၅၆၆



၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် စတင်ဖြန့်ချိသည်။



# အဂတိလိုက်မှုများကို ရဲရဲဝံ့ဝံ့ တိုက်ဖျက်သွားမည်

**ဘုဒီ**

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ဆောင်ရာတွင် လူကြိုက်များသော်လည်း အမုန်းခံ၍ ရဲရဲဝံ့ဝံ့ တာဝန်ယူ တိုက်ဖျက်သွားမည်ဖြစ်ကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် (စစ်ဆေးရေး) ဦးသန့်ဇော်က ပြောသည်။

ဦးသန့်ဇော်က “လူမုန်းများသည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ကျွန်တော်တို့က ဝန်ထမ်းတွေဖြစ်တဲ့အတွက် ဒီတာဝန်၊ ဒီနေရာမှာ တာဝန်ယူဆောင်ရွက်နေတာဖြစ်တဲ့အတွက် ရဲရဲဝံ့ဝံ့နဲ့ လုပ်သွားမယ်"ဟု ပြောသည်။

ရန်ကုန်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ခန်းမတွင် အောက်တိုဘာလ ၂၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့သည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေနှင့် နည်းဥပဒေများအကြောင်း ဟောပြောပွဲတွင် ဦးသန့်ဇော်က ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းကဲ့သို့ အဂတိလိုက်စားမှု တိုက်ဖျက်ရာတွင် မိမိတို့ ကော်မတီအနေဖြင့် အကျင့်ဆိုး၊ စနစ်ဆိုး တခုကိုသာ တိုက်ဖျက်နေခြင်းဖြစ်ပြီး လူပုဂ္ဂိုလ် တစ်စုံတစ်ဦး၊ အဖွဲ့အစည်း တစ်ဖွဲ့ချင်းစီကို ဦးတည်တိုက်ဖျက်နေခြင်း မဟုတ်ကြောင်းလည်း ပြောကြားခဲ့သည်။

အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေအား ၁၉၄၈ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ရာဇသတ်ကြီးနှင့် ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေးအက်ဥပဒေအရ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို စတင်အရေးယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

၁၉၅၁ ခုနှစ်တွင် အထူးစုံစမ်းစစ်ဆေးရေး ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး အဂတိလိုက်စားမှုနှင့် လာဘ်ပေးလာဘ်ယူမှုများနှင့် စပ်လျဉ်း၍ ပြည်သူပိုင်ပစ္စည်းများ ကာကွယ်ရေး အက်ဥပဒေ၊ ငွေကြေးခဝါချမှု တိုက်ဖျက်ရေး ဥပဒေနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ အပါအဝင်မြန်မာနိုင်ငံရှိ ဥပဒေ ၂၀ ကျော်တွင် အဆိုပါ ပြဋ္ဌာန်းချက်များအား ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။

၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီး ၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေကို ရုပ်သိမ်းခဲ့ခြင်းဖြစ်ကြောင်း အဂတိလိုက်စားမှုတိုက်တိုက်ဖျက်ရေး ကော်မရှင်မှ သိရသည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင် အခန်း ၁၁ ခန်းရှိပြီး ပုဒ်မ ၇၃ ခုပါဝင်ကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ၄ ကြိမ်ထိ ပြင်ဆင်ပြီးဖြစ်ကြောင်း သိရသည်။

REF:Mizzama

# DKBA ခွဲထွက်အဖွဲ့မှ ကရင်လက်နက်ကိုင်များ ပေါင်းစည်းရေး တိုက်တွန်းချက်ကို ထောက်ခံ

**ဘုဒီ**



ကရင်လက်နက်ကိုင် အဖွဲ့အစည်းများအားလုံး ပြန်လည်ပေါင်းစည်းရေးကို ဝိုင်းဝန်းလုပ်ဆောင်ကြရန် ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) ၏ တိုက်တွန်းချက်ကို ထောက်ခံကြောင်း တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (DKBA-ခွဲထွက်) စစ်ဦးစီးအရာရှိ ဗိုလ်မှူးကြီး စောဆန်းအောင်က ကရင်ပြည်နယ် အခြေစိုက် သတင်းဌာန ကေအိုင်စီသို့ ပြောကြားခဲ့သည်။

ကရင်ပြည်နယ် အခြေစိုက် နိုင်ငံရေး ပါတီ ၄ ပါတီ စုပေါင်းပြီး ဖွဲ့စည်းထားသည့် KNDP မှ အောက်တိုဘာလ ၂၀ ရက်နေ့က ဖားအံမြို့တွင် ပထမဆုံးအကြိမ် ပြုလုပ်သည့် ဗဟိုအလုပ်မှုဆောင် ကော်မတီအစည်းအဝေးအပြီး ထုတ်ပြန်လိုက်သည့် တိုက်တွန်းချက်ကို ကြိုဆိုထောက်ခံကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

ဗိုလ်မှူးကြီး စောဆန်းအောင်က “နိုင်ငံရေးပါတီဆိုတာ ပြည်သူတွေရဲ့ ကိုယ်စားဖြစ်ပါတယ်။ သူတို့ ဒီလို တောင်းဆိုတာ ကြားရတဲ့အတွက် ကြိုဆိုထောက်ခံပါတယ်ပေါ့နော်။ ကျနော်တို့ အဖွဲ့က အဖွဲ့ငယ်ဖြစ်တဲ့အတွက် ဒီကိစ္စကို သဘောထားရှိပေမယ့် ဦးဆောင် ပြီးတော့ လုပ်လို့မရဘူး။ တာဝန်ရှိတဲ့အဖွဲ့တွေက လုပ်မယ်ဆိုရင်ဖြစ်လာမှာပါ။” ဟု ပြောကြားခဲ့သည်။ လက်ရှိ ကရင်လက်နက်ကိုင်အဖွဲ့အစည်းများ အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ကရင်အမျိုးသား လွတ်မြောက်ရေး တပ်မတော် (KNLA)/ ဒီမိုကရေစီအကျိုးပြု ကရင့်တပ်မတော် (DKBA)/ KNU ခွဲထွက် KNU/KNLA(PC)၊ မြန်မာတပ်မတော် လက်အောက်ခံ ကရင်နယ်ခြားစောင့်တပ် (BGF)ESifh DKBA (ခွဲထွက်) စသည့် အဖွဲ့ (၅) ဖွဲ့ရှိသည်။

REF: KIC- BNI

# မြန်မာနိုင်ငံသားများ ပိုးသတ်ဆေး အန္တရာယ်ကို ခံစားနေကြရ

**ဘုဒီ**

မြန်မာနိုင်ငံရှိ ပြည်သူများသည် ပိုးသတ်ဆေးတွင် ပါဝင်သည့် အဆိပ်ဓာတ်များကြောင်း ကျန်းမာရေးနှင့် ပတ်သက်သည့် ဆိုးကျိုးများကို ကြီးကြီးမားမား ခံစားနေရကြောင်း စားနပ်ရိက္ခာရပိုင်ခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် Hilal Elver က အောက်တိုဘာလ ၂၃ ရက်နေ့က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆိုင်ရာ တွေ့ရှိချက်များကို အောက်တိုဘာလ ၂၆ ရက်နေ့တွင် ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီအစည်းအဝေးတွင် မတင်ပြမီ ကုလသမဂ္ဂရုံး ချုပ်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။

Hilal Elver က “ပိုးသတ်ဆေးရဲ့ အန္တရာယ်က သိပ်ကိုကြီးမားပါတယ်။ အဓိက ကျန်းမာရေးကို ထိခိုက်စေတာပါ။ ပိုးသတ်ဆေးသုံးစွဲမှု ကလည်း သုံးစွဲနည်း မကျရင် အန္တရာယ်ရှိပါတယ်။ ဘာကြောင့်လည်းဆိုတော့ ပိုးသတ်ဆေးကို ဖြန်းတဲ့ အခါ သူ့သတ္တိက တော်ရုံနဲ့ ပျယ်မသွားပဲ ကျန် နေတတ်ပါတယ်။ ပိုးသတ်ဆေးကို လိုတာထက် ပိုပြီး သုံးရင်လည်း အန္တရာယ်ရှိပါတယ်။ အဆိပ် ဓါတ်တွေ ကိုယ်ခန္ဓာထဲ စိမ့်ဝင်မယ့် အန္တရာယ်ရှိပြီး သူက လက်ငင်းဒုက္ခပေး တတ်သလို ပိုးသတ်ဆေးထဲမှာပါတဲ့ အဆိပ်တွေဟာ ကာလတာရှည် ကိုယ်ထဲ ကျန်ရစ်ပြီး တဖြေးဖြေးချင်းလည်း အန္တရာယ်ပေးတတ်ပါတယ်။ သူတို့အန္တရာယ်ကို ချက်ချင်းမသိနိုင်သလို လွယ်လွယ်ကူကူလည်း မသိကြပဲ တဖြေးဖြေးချင်း စုလာတဲ့ အချိန်မှာတော့ ကျန်းမာရေးအတွက် သိပ်ကို အန္တရာယ်ကြီးနေပါပြီ။”ဟု ပြောကြားခဲ့သည်။

ယင်းကဲ့သို့ ပိုးသတ်ဆေး အန္တရာယ်သည် ကျန်းမာရေးကို ထိခိုက်လာသည်အထိ မဖြစ်ပွားရန် ပိုးသတ်ဆေး အန္တရာယ် ကာကွယ်သည့် စည်းမျဉ်းစည်းကမ်းများ၊ ပိုးသတ်ဆေးသုံးစွဲမှုကို စနစ်တကျ စောင့်ကြည့် ကြပ်မတ်မှုများ အားနည်းနေသေးကြောင်းလည်း ပြောကြားခဲ့သည်။

REF: VOA



# ထိုင်း ဘီလျံနာ သူဌေးကြီး ဝီချိုင်း စီဝပ်ဒါနာပရာခါ ရဟတ်ယာဉ်ပျက်ကျ၍ သေဆုံး

ဘုအီ



နိုင်ငံပေါင်း မြောက်မြားစွာမှ လေယာဉ်ကွင်း များရှိ အခွန်လွတ် ကုန်ပစ္စည်းများ ရောင်းချသည့် လုပ်ငန်းလုပ်ဆောင်သည့် King Power ကုမ္ပဏီပိုင်ရှင် ထိုင်းနိုင်ငံ၏ ဘီလျံနာ သူဌေးတစ်ဦးဖြစ်သည့် ဝီချိုင်း စီဝပ်ဒါနာပရာခါသည် အောက်တိုဘာလ ၇ ရက်နေ့ ညတွင် ဖြစ်ပွားခဲ့သည့် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးသွားပြီဖြစ်ကြောင်း အတည်ပြုလိုက်ပြီ ဖြစ်သည်။

အင်္ဂလန် ပရီးမီးယားလိဂ် ကလပ်အသင်း တစ်သင်းဖြစ်သည် လက်စတာစီးတီး အသင်းပိုင်ရှင်လည်း ဖြစ်သည့် ဝီးချိုင်းသည် မိမိပိုင်ဆိုင် သည့် လက်စတာအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲကို ကြည့်ရှုပြီးနောက် ရဟတ်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာစဉ် ယင်းကဲ့သို့ မတော်တဆမှုဖြစ်ပြီး အသက်ဆုံးရှုံး ခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

ဝီးချိုင်းသည် လက်စတာစီးတီးအသင်းကို ပရီးမီးယားလိဂ် ချန်ပီယံဖြစ်သည်အထိ ပံ့ပိုးကူညီနိုင်ခဲ့တာဖြစ်ပြီး ဘောလုံးလောကတွင် မဖြစ်နိုင်သည်ကို ဖြစ်အောင်လုပ်ပြကာ ဘော လုံးလောက၏ အလှည့်အပြောင်းတစ်ခုကို ဖန်တီးနိုင်ခဲ့သူ ဖြစ်သောကြောင့် ကမ္ဘာတဝန်း လုံးမှ ဘောလုံးပရိသတ်အားလုံးက သူ၏ သေဆုံးမှုသတင်းကြောင့် ဝမ်းနည်းပူဆွေးနေကြသည်။ ယင်းရဟတ်ယာဉ်ပျက်ကျမှုတွင် ဝီးချိုင်း အပါအဝင် လူ ၅ ဦး သေဆုံးခဲ့ပြီး ထိုင်း အလှမယ် ဟောင်းနဆာရာ ဆမ်နာမိုင်းလည်း ပါဝင်ကြောင်း သိရသည်။

REF:BBC

# အင်ဒိုနီးရှားတွင် Lion Air လေယာဉ်တစ်စင်း ပျက်ကျ

ဘုအီ

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၏ ကမ်းလွန် ပင်လယ်ပြင်ထဲတွင် Lion Air လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ပျက်ကျသွားခဲ့ပြီး ခရီးသည်နှင့် လေယာဉ်အမှုထမ်း စုစုပေါင်း ၁၈၉ ဦး လိုက်ပါသွားကြောင်း အင်ဒိုနီးရှားအစိုးရက အတည်ပြု ထုတ်ပြန်ခဲ့သည်။


Boeing 737 MAX 8 အမျိုးအစားလေယာဉ်သည် အင်ဒိုမြို့တော်ဂျာကာတာမှ ကျွန်းမြို့တစ်မြို့ဖြစ်သည့် ဘန်ကာဘေလီတန် မြို့သို့ အောက်တိုဘာလ ၂၉ ရက်နေ့ ဒေသ စံတော်ချိန် မနက် ၆ နာရီ မိနစ် ၂၀ တွင် စတင်ထွက်ခွာပြီးနောက် မိနစ် ၁၃ မိနစ်ခန့်အကြာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှား ရှာဖွေကယ်ဆယ်ရေးဌာန၏ ပြောခွင့်ရ ပုဂ္ဂိုလ်၏ အဆိုအရ ယင်း လေယာဉ်ပျက်ကျမှုကို ခရီးသွား လေ့တစ်စီးမှ တွေ့ရှိခဲ့ပြီး ဂျာဗား ပင်လယ်ပြင်တွင်လည်း ပျက်ကျလေယာဉ်၏ အပျက်အစီးအပိုင်းအစဟု ယူဆရသော ပစ္စည်းများကို တွေ့ရှိထားကြောင်း ပြောသည်။

ယင်းလေယာဉ်တွင် ကလေး ၃ ဦး၊ ခရီးသည် ၁၈၁ ဦးနှင့် လေယာဉ်မှူး ၂ ဦးနှင့် လေယာဉ်မောင်မယ် ၆ ဦး လိုက်ပါသွားကြောင်း သိရသည်။

REF: DVB-BBC News






# နယ်စပ် ပူးတွဲလုံခြုံရေး ဧရိယာအတွင်း လက်နက်များ ဖြုတ်သိမ်းသွားမည့် ကိုရီးယား နှစ်နိုင်ငံ

ဘုအီ

ကိုရီးယား နှစ်နိုင်ငံ နယ်စပ်တွင် သတ်မှတ်ထားသည့် ပူးတွဲ လုံခြုံရေး ဧရိယာ (JSA) အတွင်း လက်နက်များကို ဖြုတ်သိမ်းရန် တောင်နှင့် မြောက်ကိုရီးယား နှစ်နိုင်ငံလုံးမှ အတည်ပြုမှု ရရှိခဲ့ပြီ ဖြစ်ကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနမှ အောက်တိုဘာလ ၂၉ ရက်နေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

JSA လက်နက်ဖြုတ်သိမ်းရေးကို တောင်ကိုရီးယားသမ္မတ မွန်းဂျဲအင်းနဲ့ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းတို့ ကိုယ်တိုင်တက်ရောက်ခဲ့သည့် စက်တင်ဘာမှာ ကျင်းပတဲ့ ပြုံယမ်း ထိပ်သီးညီလာခံအတွင်းကပင် သဘောတူခဲ့သော်လည်း JSA အတွင်း လက်နက်ဖြုတ်သိမ်းရေး ပူးတွဲစိစစ်အတည်ပြုမှုကို အောက်တိုဘာ ၂၇ ရက်တွင် အပြီးသတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ယင်း သဘောတူညီချက်ကို လာမည့် နိုဝင်ဘာလ ၁ ရက်နေ့မှ စတင်၍ နှစ်ဖက် စစ်တပ်များ ရန်လိုသည့် အပြုအမူများကို လုံးဝ ရပ်တန့်ရေးနှင့် စစ်တပ်ကင်းမဲ့ဇုန်တွင်း ရှိနေသည့် စစ်တပ် စခန်း ၁၁ ခုကို နှစ်နိုင်ငံလုံး ဖယ်ရှားခြင်းဖြင့် အကောင်အထည်ဖော်သွားမည်ဟု ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

ယင်းအပြင် အောက်တိုဘာလ ၁ ရက်နေ့မှ စပြီး ရက် ၂၀ ကြာ ပူးတွဲ လုံခြုံရေး ဧရိယာ (JSA) အတွင်း မိုင်းရှင်းလင်းရေးကို တောင်နှင့် မြောက်ကိုရီးယား နိုင်ငံလုံးမှ ပူးပေါင်း လုပ်ဆောင်ခဲ့ကြသည်။

REF: KBS World- DVB




## မေဝဲလ်သာကို စိန်ခေါ်လိုက်သည့် UFC၂၉၉ ရှုံးပွဲမရှိ ချန်ပီယံ ခါဘစ်

**ဘုအီ**

သိုင်းပေါင်းစုံ ထိုးသတ်ပွဲ တစ်ခုဖြစ်သည့် UFC တွင် ရှုံးပွဲ မရှိ ချန်ပီယံ ခါဘစ်က ရှုံးပွဲမရှိ လက်ဝှေ့အကျော်အမော် မေဝဲလ်သာကို ထိုးသတ်ရန် အောက်တိုဘာလ အစောပိုင်းက စိန်ခေါ်လိုက်သည်။ ခါဘစ်သည် UFC စူပါစတား ကောနာ မတ်ဂရောဂါကို အောက်တိုဘာလ ၇ ရက်နေ့တွင် ထိုးသတ် အနိုင်ယူပြီး ၂၇ ပွဲ ရှုံးပွဲမရှိ ချန်ပီယံ ဖြစ်ခဲ့ပြီးနောက် လက်ဝှေ့တွင် ရှုံးပွဲမရှိ ချန်ပီယံဖြင့် အနားယူခဲ့သည့် မေဝဲလ်သာကို စိန်ခေါ် လိုက်ခြင်း ဖြစ်သည်။

ခါဘစ်က မတူညီသည့် ပြိုင်ပွဲ နှစ်ခုတွင် ရှုံးပွဲမရှိ ချန်ပီယံများဖြစ်သည့် အတွက် မိမိမှ ထိုးသတ်လိုကြောင်း၊ တောတခုတွင် ဘုရင်တစ်ဦးသာ အုပ်စိုးကြောင်း၊ ဘုရင်အစစ်အမှန် မည်သူဖြစ်ကြောင်းကို သက်သေပြမည်ဖြစ်ကြောင်း ပြောဆိုပြီး မေဝဲလ်သာအား စိန်ခေါ် ခဲ့သည်။

မေဝဲလ်သာကလည်း ခါဘစ်၏ စိန်ခေါ် မှုကို လက်ခံခဲ့ပြီး ခါဘစ်အနေဖြင့် မိမိကို စိန်ခေါ် သောကြောင့် လက်ဝှေ့ကြိုးဝိုင်းသို့ လာရမည် ဖြစ်ကြောင်း အကြောင်းပြန်ခဲ့သည်။

ယင်းအကြောင်းနှင့် ပတ်သက်ပြီး UFC ဥက္ကဋ္ဌ ဒန်နာဝှိုက်က ခါဘစ်သည် UFC နှင့် စာချုပ်ချုပ်ထားသောကြောင့် ဖြစ်လာနိုင်ဖွယ်မရှိကြောင်း / UFC အနေဖြင့် ခါဘစ်၏ မတ်ဂရောဂါ နှင့် ထိုးသတ်အပြီး ကျူးလွန်ခဲ့သည့် ပြစ်မှုများကို အဆုံးသတ် ဖြေရှင်းမှုများ မပြုလုပ်မီအထိ ယင်း စိန်ခေါ်ပွဲကို စဉ်းစားမည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ မေဝဲလ်သာသည် ထိုးသတ်ကြေးဒေါ်လာ သန်း ၁၅၂ ရရှိမည်ဆိုပါက ထိုးသတ်မည် ဖြစ်ကြောင်း သိရသည်။

## ထိုင်းရဲမှ အာဏာရှင် ဆန့်ကျင်သည့် သီချင်းဆိုသည့် လူငယ်ရက်ပါများကို ခြိမ်းခြောက်

**ဘုအီ**




ထိုင်းနိုင်ငံတွင် လက်တလော ခေတ်စားနေလျက်ရှိပြီး အာဏာရှင်နှင့် လက်ရှိ ထိုင်းအစိုးရကို ဆန့်ကျင်သော စာသားများ ပါဝင်သည့် "What my country's got" (ကျနော့် နိုင်ငံရဲ့ ပိုင်ဆိုင်မှု) ဟု အမည်ပေးထားသည့် Rap Against Dictatorship ( အာဏာရှင်ဆန့်ကျင်ရေးရက်) အဖွဲ့မှ Youtube တွင် ထုတ်လွှင့်ခဲ့သည့် Rap (ရက်) သီချင်းကို သီဆိုခဲ့သည့် လူငယ် ရက် အဆိုတော် ၁၀ ဦးကို နိုင်ငံတော် အကြည်ညိုပျက်စေမှုနှင့် ကွန်ပြူတာ ရာဇဝတ်မှု ဥပဒေများနှင့် ညီစွန်းနေကြောင်း ထိုင်းရဲက ပြောဆိုခဲ့သည်။

လက်ရှိတွင် ထိုင်းရဲများမှ ယင်း သီချင်းနှင့် ပတ်သက်ပြီး စုံစမ်းထောက်လှမ်းမှုများ ပြုလုပ်လျက်ရှိပြီး တရားစွဲဆိုမှုများ ပြုလုပ်လာနိုင် သည့် အခြေအနေတွင် ရောက်ရှိနေသည်။ ယင်းအပြင် ထိုင်း အနုပညာရှင်များ အနေဖြင့် အလားတူ စွန်းစားမှု၊ ဥပဒေနှင့် ညီစွန်းနိုင်သည့် အနုပညာ ဖန်တီးမှုများကို ရှောင်ကြဉ်ကြရန် သတိပေးခဲ့သည်။

ယင်း ထိုင်းရဲများမှ သီချင်းကို လူမှုကွန်ရက် စာမျက်နှာတွင် မျှဝေသူများ အနေဖြင့် ထောင်ဒဏ် ၅ နှစ် သို့မဟုတ် ဒဏ်ငွေ အများဆုံး ဘတ် ၁ သိန်း (သို့မဟုတ်) ဒဏ် နှစ်ရပ်လုံးကို ကျခံရမည်ဟုလည်း ခြိမ်းခြောက် ပြောဆိုထားသည်။

Rap Against Dictatorship ( အာဏာရှင်ဆန့်ကျင်ရေး ရက်) အဖွဲ့ပြောရေးဆိုခွင့် ရှိသူက "ဒီသီချင်းကို လုပ်ရတဲ့ ရည်ရွယ်ချက်က ဂီတကို ကြားခံနယ်အနေနဲ့ သုံးပြီး လူငယ်တွေအလုပ်သမားတွေ နိုင်ငံရေးကို စိတ်ဝင်စားလာအောင် နှိုးဆော်တာပါ" ဟု မီဒီယာများကို ပြောကြားခဲ့သည်။ အောက်တိုဘာလ ၂၂ ရက်နေ့တွင် ထုတ်လွှင့်ခဲ့သည့် ယင်းသီချင်းသည် တပတ်အတွင်း ကြည့်ရှုနားဆင်သူပေါင်း ၁၅ သန်းအထိ ရှိခဲ့သည်။

REF: Bangkok Post, Khao Sod

## ဖုန်းများကို ရည်ရွယ်ချက်ရှိရှိ နှေးကွေးစေသည့်အတွက် Apple နှင့် Samsung တို့ ဒဏ်ရိုက်ခံရ

**ဘုအီ**

စမတ်ဖုန်း လောကတွင် ပြိုင်ဖက် ကုမ္ပဏီ ကြီးများဖြစ်ကြသည့် Apple နှင့် Samsungတို့သည် ၄င်းတို့ ထုတ်လုပ်လိုက်သော ဖုန်းများကို သက်တမ်းကြလာသည့်အခါ နှေးကွေးသွားစေရန် Software များဖြင့် တမင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့သည့်အတွက် အီတလီနိုင်ငံ တရားရုံးက ဒဏ်ငွေ အသီးသီးပေးဆောင်ကြရန် အမိန့်ချမှတ်ခဲ့သည်။

Apple ကုမ္ပဏီအနေဖြင့် ဒဏ်ငွေ ယူရို ၁၀ သန်းပေးဆောင်ရမည်ဖြစ်ပြီး Samsung အနေဖြင့် Apple ထက်နည်း၍ ဒဏ်ငွေ ဆောင်ရမည်ဟု ဆိုသော်လည်း ပမာဏကိုမူ ဖော်ပြထားခြင်းကို မတွေ့ရပေ။

ယင်း ကုမ္ပဏီနှစ်ခုသည် မျှတမှုမရှိသော စီးပွားရေးကျင့်ထုံးကျင့်စဉ်များကို လုပ်ဆောင်ခဲ့ကြောင်း အီတလီ အာဏာပိုင်များမှ ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

Apple နှင့် Samsung မှ ထုတ်လုပ်သည့် စမတ်ဖုန်းများကို ဆော့ဝဲလ် အပ်ဒိတ်များ ပြုလုပ်ရန် ကုမ္ပဏီများမှ တိုက်တွန်းကြသော်လည်း ယင်း အပ်ဒိတ်ပြုလုပ်မှုကြောင့် ဖုန်းများကို နှေးကွေးစေသည်ကို ရှင်းလင်းထားခြင်းမရှိကြောင်းလည်း ဖော်ပြထားသည်။

REF: bbc.co.uk- mobilesyrup.com



# စီ ရိုနယ်ဒို ရွေးချယ်ခဲ့သည့် အနာဂတ် အကောင်းဆုံး ဘောလုံးသမားဖြစ်လာနိုင်သည့် လူငယ်ကစားသမား (၆) ဦး

**ဘုအိ**

လက်ရှိ ဂျူဗီတပ် စူပါစတား စီရိုနယ်ဒိုသည် လွန်ခဲ့သည့် ဆယ်စုနှစ်မှ ယခုလက်ရှိ ကာလအထိ မတ်ဆီနှင့်အပြိုင် ကမ္ဘာ့အကောင်းဆုံးဘော်လုံးသမားအဖြစ် ရပ်တည်နေသည့် ဘောလုံးသမား တစ်ဦး ဖြစ်သည်။ ပေါ်တူဂီနိုင်ငံ လက်ရွေးစင်အ သင်း၏ အသင်းခေါင်းဆောင်လည်းဖြစ်သည့် မန်ယူနှင့် ရီးရဲမတ်ဒရစ် အသင်းတို့၏ ကစားသမားဟောင်းသည် ကမ္ဘာ့အကောင်းဆုံးဆုကို ၅ ကြိမ် တိတိ ရရှိထားသူဖြစ်သည်။ စီရိုနယ်ဒိုသည် အသက်အရွယ်အရ ကြီးရင့်လာပြီဖြစ်သောကြောင့် အနားယူမည့်အချိန်ကလည်း တရွေ့ရွေ့နှင့် နီးကပ်လာနေပြီ ဖြစ်ပါသည်။ ထို့ကြောင့် ယခုအပတ်တွင် စီရိုနယ်ဒို ရွေးချယ်ခဲ့သည့် မတ်ဆီနှင့်သူ၏ ခေတ်အလွန် ကမ္ဘာ့အကောင်းဆုံးကစားသမား ဖြစ်လာနိုင်မည့် ကစားသမား (၆) ဦးကို ဖော်ပြပေးလိုက်ပါသည်။



**၁။ မားကို့ အဆန်စီရို (ရီးရဲမတ်ဒရစ်၊စပိန်)**

ဥရောပ ထိပ်သီးကလပ်တခုဖြစ်သည့်စ ပိန်ကလပ် ရီးရဲမတ်ဒရစ်နှင့် စပိန်လက်ရွေးစင် လူငယ်ကစားသမား မာကို့ အဆန်စီရိုသည် စီရိုနယ်ဒို ရွေးချယ်ခဲ့သည့် ကမ္ဘာ့အကောင်းဆုံးက စားသမားအဖြစ် ထွန်းတောက်လာနိုင်သည့် လူငယ်ကစားသမားထဲတွင် နံပါတ် ၁ နေရာတွင် ပါဝင်နေသည်။ မားကို့အဆန်စီရိုသည် ရိုနယ်ဒိုနှင့် အတူ ရီးရဲမတ်ဒရစ်အသင်းနှင့်အတူ ဥရောပ ချန်ပီယံလိဂ်ဖလားကို ၂ ကြိမ်တိတိ အတူတကွ ရယူနိုင်ခဲ့သူ ဖြစ်သည်။ လက်ရှိတွင် ကလပ်အသင်းအပြင် စပိန်လက်ရွေးစင်အသင်းတွင်ပါ ပုံမှန်ပွဲထွက်ခွင့် ရရှိနေသူဖြစ်သည်။ မားကို့ အဆန်စီရိုသည် ရီးရဲမတ်ဒရစ်အသင်းအတွက် ပြိုင်ပွဲစုံ ၁၀၄ ပွဲ ကစားပေးထားပြီး ၂၂ ဂိုးသွင်းယူပေးထားသည်။



**၂။ နေမာ ( ပီအက်စ်ဂျီ၊ ဘရာဇီး)**

လက်ရှိ အထွန်းတောက်ဆုံး ဘရာဇီးက စားသမားဖြစ်သည့် နေမာသည် လက်ရှိပြင်သစ်ကလပ် ပီအက်စ်ဂျီအသင်းတွင် ကစားနေပြီး ဘရာဇီးအသင်း၏ အသင်းခေါင်းဆောင်အဖြစ် တာဝန်ယူနေသည့် လူငယ်ကစားသမားတစ်ဦး ဖြစ်သည်။ ဘာစီလိုနာ ကစားသမားဟောင်း နေမာသည် ယခုဖက်ခေတ် ဘောလုံးစွမ်းရည်အမြင့် မားဆုံးကို ပိုင်ဆိုင်ထားသည့် ကစားသမား တစ်ဦးအဖြစ် သတ်မှတ်ကြလေ့ရှိသည်။ နေမာသည် ကလပ်အသင်း သက်တမ်းတစ်လျှောက် ဆုဖလားပေါင်းများစွာကို ပိုင်ဆိုင်ထားနိုင်သူဖြစ်ပြီး ဘရာဇီးဘောလုံးအသင်း၏ တတိယမြောက် ဂိုးသွင်း အများဆုံး ကစားသမားအဖြစ် ရပ်တည်နေသူလည်း ဖြစ်သည်။



**၃။ အမ်ဘာပေ (ပီအက်စ်ဂျီ၊ ပြင်သစ်)**

ပူပူနွေးနွေး ကမ္ဘာ့ဖလားကို ပြင်သစ် လက်ရွေးစင်အသင်းနှင့်အတူ ရယူထားနိုင်သည့် အသက် ၁၉ နှစ်အရွယ်သာ ရှိသေးသည့် အမ်ဘာပေသည် ရိုနယ်ဒို၏ ကမ္ဘာ့အကောင်းဆုံးဘောလုံးသမားအဖြစ် ထွန်းတောက်လာမည့် လူငယ်ကစားသမားထဲတွင် တတိယမြောက် ကစားသမားအဖြစ် ပါဝင်နေသည်။ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်း ဗိုလ်စွဲရန် ခြေစွမ်းပြ ဂိုးများ သွင်းယူကာ ကူညီပေးခဲ့သောကြောင့် အမ်ဘာပေသည် လက်ရှိ အကောင်းဆုံး လူငယ်ကစားသမားအဖြစ် သတ်မှတ်ထားကြပြီး ရိုနယ်ဒို၊ မတ်ဆီတို့နှင့် အတူ ကမ္ဘာ့အကောင်းဆုံး ကစားသမားဆု ဘာလော ဒီအောဆုကို ဆွတ်ခူးရန် ရေပန်းစားနေသူလည်း ဖြစ်သည်။ အမ်ဘာပေသည် ၂၀၁၈ ကမ္ဘာ့ဖလားတွင် ပြင်သစ်အသင်းအတွက် ၄ ဂိုး သွင်းယူပေးခဲ့ပြီး ကမ္ဘာ့ဖလား အကောင်းဆုံး လူငယ်ဆုကို ဆွတ်ခူးနိုင်ခဲ့သည်။



**၄။ အူစမာ ဒမ်ဘီလီ (ဘာစီလိုနာ၊ ပြင်သစ်)**

အမ်ဘာပေနည်းတူ ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားကို ပူပူနွေးနွေး ရယူထားနိုင်သည့် ဒမ်ဘီလီသည် လက်ရှိ စပိန် ထိပ်သီးကလပ် ဘာစီလိုနာတွင် ကစားနေသူ ဖြစ်သည်။ လွန်ခဲ့သည့် ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းမှ ပြောင်းရွှေ့ကြေး အမြောက်အမြားဖြင့် ရောက်ရှိကစားနေသည့် ဒမ်ဘီလီသည် ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားတွင် အတိုင်းအတာတခုထိ ခြေစွမ်းပြ ကစားနိုင်ခဲ့သော်လည်း ယခု ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့် အဆင်မပြေမှုများရှိနေပြီး ပုံမှန်ပွဲထွက်ခွင့် ရရန် ရုန်းကန်နေရသူဖြစ်သည်။ ဒမ်ဘီလီသည် ဘာစီလိုနာအသင်းမှ ထွက်ခွာမည်ဟု ကောလဟာလများ မကြာခဏ ထွက်ပေါ်နေသူလည်း ဖြစ်သည်။




**၅။ အင်ဒင် ဟာဇတ် (ချဲလ်ဆီး၊ ဘယ်ဂျီယံ)**

အင်္ဂလန် ပရီးမီးယားလိဂ်ကလပ် ချဲလ်းဆီး အသင်း၏ စူပါစတား ဟာဇတ်သည် ယခု ဘောလုံးရာသီတွင် အထူးခြေစွမ်းပြနေသူဖြစ်ပြီး ပရီးမီးယားလိဂ် ဂိုးသွင်းအများဆုံး စာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်နေသူဖြစ်သည်။ ယခု ဘောလုံးရာသီတွင် ရှုံးပွဲမရှိသေးသည့် ချဲလ်ဆီးအသင်းအတွက် အဓိကနေရာက ခြေစွမ်းပြ ကစားနေသူလည်း ဖြစ်သည်။ ထို့အပြင် ဟာဇတ်သည် ၂၀၁၈ ကမ္ဘာ့ဖလားတွင် ဘယ်ဂျီယံ လက်ရွေးစင်အသင်းကို တတိယဆုရရန် အသင်းခေါင်းဆောင်နေရာမှ ဦးဆောင်ခဲ့သည်။ လက်ရှိဘောလုံးရာသီတွင် ဟာဇတ်သည် ချဲလ်ဆီးအသင်းအတွက် ပြိုင်ပွဲစုံ ၁၁ ပွဲ ကစားပေးထားပြီး ၈ ဂိုးအထိ သွင်းယူထားနိုင်သည်။




**၆။ မားကပ် ရက်စ်ဖို့ (မန်ချက်စတာ ယူနိုက်တက်၊ အင်္ဂလန်)**

ရိုနယ်ဒိုနှင့် ရင်းနှီးသည့် ဆက်ဆံရေးတခုကို တည်ဆောက်ထားသည့် မန်ချက်စတာ ယူနိုက်တက် အသင်း၏ ကျောနံပါတ် ၁၀ ပိုင်ရှင် မာကပ် ရက်စ်ဖို့သည် ထွန်းတောက်လာမည့် လူငယ်ကစားသမားထဲတွင် ပါဝင်နေသူ တစ်ဦးဖြစ်ပါသည်။ လက်ရှိ ရာသီတွင် မန်ချက်စတာ ယူနိုက်တက်အသင်းတွင် ခြေစွမ်းပြနိုင်ရန် ရုန်းကန်နေရသော်လည်း ငယ်ရွယ်နေသည့် အတွက်ကြောင့် ပင်ကိုယ် စွမ်းရည်မြင့်မားသည့် ရက်စ်ဖို့အနေဖြင့် ကြိုးစားလေ့လာသင်ယူရန် လိုအပ်မှုတွေ ရှိနေသော်လည်း ရိုနယ်ဒိုက ရွေးချယ်ခဲ့သည်။ ကလပ်အသင်းတွင် ရုန်းကန်နေရသော်လည်း အင်္ဂလန်လက်ရွေးစင်အသင်းတွင် ခြေစွမ်းပြ သွင်းဂိုးများ သွင်းယူပြီး ပုံမှန် ပွဲထွက်ခွင့်ရရန် စွမ်းဆောင်ထားနိုင်သူ ဖြစ်ပါသည်။



၂၀၁၃ ခုနှစ်၊ ဇန္နဝါရီလတွင် စတင်ဖြန့်ချိသည်။


ကိန္နရာနန်းတော် စားသောက်ဆိုင်မှ ရရှိနိုင်သော အစားအစာများ
ရိုးရာခေါင်ရည် နှင့် ကယားဝက်အူချောင်းများ တို့ဖိလာစေသား
Keinayar Nandaw
အမှတ် - န/၃၇ (၁၈) လမ်းနှင့်
ဗိုလ်တေဇလမ်းထောင့် နှောင်ယား(က) ရပ်ကွက် ၊
လွိုင်ကော်မြို့ ၊ ကယားပြည်နယ်
PH - 09-428005199, 09-799081080


စားသောက်ဆိုင်
ဟံသာဝတီ ငြိမ်းချမ်းစားသောက်ဆိုင်
မင်္ဂလာ လွိုင်ကော်မြို့ မှ ရရှိနိုင်သော အစားအသောက်များ
၁. ဟင်းထုပ် ၊ ကယားဝက်အူချောင်း၊ မြေအိုး ထမင်းသုပ်၊
ကြော်၊ ကြက်ရိုးသုပ် ၊ ထောင်း၊ ကြက်သားကြော် ၊ ကြက်ဥကြော်၊
လက်ဖက်သုပ်၊ သခော်သီးထောင်း ၊ သခော်သီးသုပ် အမျိုးမျိုး စားဖွယ်
ရာ စုံလင်စွာရရှိပါသည်။


ချမ်းမြေ့အောင်
TUBORG
ရရှိနိုင်သော အစားအသောက်များ မာလာဟင်း ၊ ငါးကင် ၊ အကင်အမျိုးမျိုး
အနော်ရထာလမ်း ၊ နှောင်ယား(ခ) ရပ်ကွက် ၊ လွိုင်ကော်မြို့
PH - 09402757681


LUCKY 7
24 နာရီစားသောက်ဆိုင်မှ ရရှိနိုင်သော
အစားအစာများ
ထမင်းကြော် ၊ ထမင်းဆီဆမ်း ခေါက်ဆွဲပြုတ်
လက်ဖက်သုပ်နှင့် စားဖွယ်စုံ
နေရာ- ယော်ကြီးလမ်း ၊ မင်္ဂလာရပ်ကွက်
လွိုင်ကော်မြို့


ကံ့ကော်ဖြူ
ဆောက်လုပ်ရေးပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းအမျိုးမျိုး ၊ (၅) မိုင်၊
ဒီးမောဆိုလမ်းမကြီး လွိုင်ကော်မြို့
ph- 09-250622221 , 09- 423987426


star ကားဝပ်ရှော့
ခေတ်မီကွန်ပျူတာစက်ဖြင့် အင်ဂျင်စက်ဖြင့် အင်ဂျင်ပိုင်ကားအောက်ပိုင်း
စိတ်တိုင်းကျ စစ်ဆေးပြုပြင်ပေးသည်။ လိပ်စာ - ဝန်ထမ်းအနောက်(ဖွံ့ဖြိုးရေး) လမ်း
ထူဖွင့်သတိုးရဲ (စကော်မှ) ရပ်ကွက် လွိုင်ကော်မြို့
ph - 09- 777081479 , 09-459955797


ကျော်ရတနာစတိုး
ဆက်သွယ်ရန် - နှစ်ထပ်ဈေးရှေ့ လွိုင်ကော်မြို့ - ph - 0832221185, 0832221540


ဖေါ်ထင်တင်ဝင်း ရှေ့လက်ရာ မြန်မာထမင်းဟင်းနှင့် စားသောက်ဆိုင်
နေရာ - မိုးကောင်းဘုရားကြီးရှေ့
အ.မ.က (၃) ကျောင်းထိပ်၊ မင်္ဂလာရပ်ကွက်
လွိုင်ကော်မြို့
ph - 09250972873




တစ်ဦးတည်းဖြစ်ပါကြောင်း

ဒီမော့ဆိုမြို့နယ်၊
ဒေါတဆေးကျေးရွာနေ
မခိုင်သီတာစိုး
(သားဖွားသူနာပြုဒီပလိုမာ)၏၊
ဖခင် ဦးလှထူး (ခ) လှထွန်း
နိုင်ငံသားမှတ်ပုံတင်
အမှတ် ၂ / အဒမဆ (နိုင်)
၀၃၂၁၀၉ သည် တစ်ဦးတည်း
ဖြစ်ပါကြောင်း။

ဦးစောလှထူး (ခ) လှထွန်း





















ကြော်ငြာ ကိစ္စ ဆက်သွယ်လိုပါက

ဖုန်း – ၀၉၂၆၂၁၇၂၈၃၅

# ကျူးအဖြစ် သတ်မှတ်ခံထားရသူတွေရဲ့ မျှော်လင့်ချက်

**မော်ဦးမြာ**

အသက်၅၀နှစ်အရွယ် ဒေါ်ကြည်ဌေးတစ်ယောက် မိသားစုနေဖို့ အိမ်ဝယ်တာ ၄ နှစ်ကျော်ရှိပေမဲ့လည်း ဒီကနေ့အထိကို အကြွေးမကျေနိုင်သေးပါဘူး။ လက်လုပ်လက်စား မိသားစုဘဝတွေက ဒီကနေ့ခေတ် မြို့ပေါ်ရပ်ကွက်တွေမှာ ကိုယ်ပိုင်အိမ်ပိုင်နိုင်ဖို့ဆိုတာကတော့ မလွယ်လှပါဘူး။ ဒါပေမဲ့ ဒေါ်ကြည်ဌေးကတော့သား၊ သမီးတွေကိုယ့်အရိပ်အောက်မှာ လုံခြုံစွာနေထိုင်နိုင်ဖို့အတွက် အသက် ၅၀ အရွယ်အထိ ရှာဖွေစုဆောင်းထားတဲ့ ချွေးနည်းစာလေးနဲ့ လွိုင်ကော်မြို့၊ နမ့်ဘော်ဝမ်ရပ်ကွက် ၉ မှာ အိမ်လေးတစ်လုံးဝယ်ခဲ့ပါတယ်။

"အားလုံးကတော့ မရှိဆင်းရဲသားဆိုတော့ လက်လုပ်လက်စားပေါ့။ အခုနေတဲ့ ဝယ်ထားတဲ့ခြံလည်းအကြွေးတောင် မကျေသေးပါဘူး။ ဒီလိုပေးဆပ်မှုပေါ့နော။ အန်တီတို့ ၁၃ ရပ်ကွက်ရှိကတည်းကိုက အိမ်ငှါးနေခဲ့ရတာ။ အန်တီသိန်း ငါးဆယ်နဲ့ဝယ်ရတယ်။ သိန်းငါးဆယ်ကို ခုချိန်ထိ သိန်းနှစ်ဆယ် မကျေသေးဘူး။

ချွေးနဲ့စာလေးနဲ့ဝယ်ထားတဲ့ မြေနေရာလေးနဲ့အတူ ဆောက်ထားတဲ့အိမ်ကလေးကတော့ စိတ်မကောင်းစွာပဲပုဒ်မ၁၈၈ ကျူးကျော်မြေအဖြစ် သတ်မှတ်ခံလိုက်ရတာပါပဲ။ တချို့မိသားစုတွေက မိဘအမွေရပြီး နေထိုင်ကြသလို တချို့မိသားစုတွေကတော့ ချွေးနဲ့စာလေးနဲ့ဝယ်ထားကြပါတယ်။" လို့ ကျူးကျော်အဖြစ် သတ်မှတ်ခံရတဲ့ ဒေါ်ကြည်ဌေးက သူမ ရဲ့ ခံစားချက်ကို ပြောပြနေပါတယ်။

ဒေါ်ကြည်ဌေးလိုပဲ ကျူးကျော်အဖြစ်သတ်မှတ်ခံလိုက်ရတဲ့ မိသားစု၁၀၀၀န်းကျင်လောက်ရှိနေတာပါ။ ဒီမိသားစု (၁၀၀) ဝန်းကျင်ဆိုတာကလည်း ဒီနှစ်အတွင်းမှာ သတ်မှတ်ခံလိုက်ရတဲ့ မိသားစုတွေပါ။

နမ့်ဘော်ဝမ်ရပ်ကွက်မှာရှိတဲ့ မိသားစုတွေသာမက လွိုင်ကော်မြို့ပေါ်က တခြားသောရပ်ကွက်တွေမှာလည်း ကျူးကျော်အဖြစ်သတ်မှတ်ခံထားရတဲ့ မိသားစုလေးတွေ ရှိနေပါသေးတယ်။ ကျူးကျော်ဘကနေ ၅ အထိသတ်မှတ်ထားတဲ့

*အဆက် နောက်စာမျက်နှာ ( ၁၁) သို့*








ငို့ခေတ် မိသားစု လယ်ယာသုံးစက်နှင့် ဆောက်လုပ်ရေးသုံး ပစ္စည်းဆိုင်မှ တလနှစ်ကြိမ် ထုတ် Kantarawaddy Times ဂျာနယ်ကို လစဉ် အစောင် (၄၀) ဖြင့် လစာကို လှူဒါန်းသည်။

ChinWorld Voice for Voiceless
KNews A window for Chin people
KIC
mizzima news from myanmar
Network Media Group